
mgyoe.com

SAMPLE BOOK

# လွမ်းသူ့စာ


လူထုဒေါ်အမာ



mgyoe.com

တတိယအကြိမ်

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

ပထမအကြိမ် - ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ

ဒုတိယအကြိမ် - ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ

တတိယအကြိမ် - ၂၀၂၅ ခုနှစ်၊ မေလ

မျက်နှာဖုံးဒီဇိုင်း - စွန်ထိလတ်

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၂၀၀၀၀ ကျပ်

ထုတ်ဝေသူ - ဒေါ်လင်းလင်းမွန် (၀၀၃၀၆)
ကြီးပွားရေးစာအုပ်တိုက်
၂၂၁၊ ၈၄ လမ်းနှင့် ၃၃ လမ်းထောင့်၊ မန္တလေး။
ဖုန်း ၀၉ - ၉၇၁၉၃၇၇၃၇၊ ၀၉ - ၉၇၉၇၈၀၁၇၈

ပုံနှိပ်သူ - ဒေါ်လင်းလင်းမွန် (၀၀၂၂၁)
လူထုကြီးပွားရေးပုံနှိပ်တိုက်
၂၂၁၊ ၈၄ လမ်းနှင့် ၃၃ လမ်းထောင့်၊ မန္တလေး။
ဖုန်း ၀၉ - ၉၇၁၉၃၇၇၃၇၊ ၀၉ - ၉၇၉၇၈၀၁၇၈

၉၂၀

အ အမာ၊ ဒေါ်၊ လူထု -
လူထုဒေါ်အမာ၏ လွမ်းသူ့စာ/လူထုဒေါ်အမာ။ ၃ ကြိမ်။
မန္တလေး၊ ကြီးပွားရေးစာအုပ်တိုက်၊ ၂၀၂၅။
၄၁၈ စာ၊ ပုံများ၊ ၂၂ စင်တီ။
၁။ ရုပ်ပုံလွှာများ
(၁) စာအုပ်အမည်

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

## ■ လူထုဒေါ်အမာ၏ လွမ်းသူ့စာ


| | | |
|---|---|---|
| ၁။ | ရေးသူ့အမှာ | (က) |
| ၂။ | စာဆို စလေဦးပုည နှစ် (၁၅၀) မွေးနေ့ | ၁ |
| ၃။ | မိဖုရားခေါင်ကြီး ထိပ်စုမြတ်ဖုရား | ၉ |
| ၄။ | မိဖုရားခေါင်ကြီးနှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း | ၁၉ |
| ၅။ | ထူးခြားတဲ့ မြတောင်ကျောင်းသားကြီး | ၃၁ |
| ၆။ | ရွှေကိုင်းသား ဆရာတော် | ၃၇ |
| ၇။ | ဆရာတော် အရှင်ဇနကာဘိဝံသ | ၄၇ |
| ၈။ | ဆရာတော်ဘုရား မရှိတဲ့နောက် | ၅၀ |
| ၉။ | ရွှေဟင်္သာဆရာတော် ဘုရားကြီး | ၅၅ |
| ၁၀။ | သိပ္ပံမောင်ဝဆုံးတာ နှစ် (၅၀) ကြာပေမဲ့ မမေ့နိုင်ကြပါ | ၅၉ |
| ၁၁။ | သိပ္ပံမောင်ဝ အမှတ်တရ နှစ် (၅၀) ပွဲ | ၆၅ |
| ၁၂။ | ပုပ္ပားဦးကျော်ရင်နဲ့ သိပ္ပံမောင်ဝတို့ရဲ့ ဘဝခရီးကြမ်း | ၇၄ |
| ၁၃။ | ကျောက်စာဝန်ဟောင်း ဦးမြ | ၈၁ |
| ၁၄။ | ဆရာမြမျိုးလွင်ရဲ့ ဘဝနိဂုံး | ၈၈ |
| ၁၅။ | ဆရာကြီးမြမျိုးလွင် | ၉၆ |
| ၁၆။ | မန္တလေး သူရိယ ဦးထွန်းရင် | ၁၀၈ |
| ၁၇။ | အေဝမ်းဆရာညာ | ၁၁၄ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၁၈။ | ဇာတ်ပို့ဆိုင်းဘုရင် ရွှာစားကြီး ဦးဘမောင် | ၁၂၆ |
| ၁၉။ | ရွှေမန်းကိုတင်မောင် ဘဝနိဂုံး ဆုံးတဲ့အခါ | ၁၃၁ |
| ၂၀။ | သူ့ရှာပန ကိုတင်မောင် မြင်စေချင်လှပါဘိတော့တယ် | ၁၄၃ |
| ၂၁။ | ဇာတ်ဆန်လှတဲ့ မင်းသမီးစိန်လှကြည် | ၁၄၈ |
| ၂၂။ | မန္တလေး ဦးအုန်းမောင် (စန္ဒရား) | ၁၅၁ |
| ၂၃။ | လူရွှင်တော်ကြီး ဦးအုန်းသီး | ၁၅၈ |
| ၂၄။ | အာဂအမျိုးသမီး ဂျာနယ်ကျော် ဒေါ်မမလေး | ၁၆၉ |
| ၂၅။ | မသေသော ဦးဘဂျမ်း | ၁၇၄ |
| ၂၆။ | အနုပညာသည်ကြီး ဦးဘဂျမ်း၏ နိုင်ငံရေးအမြင် | ၁၇၉ |
| ၂၇။ | ကိုညိုမြ | ၁၉၂ |
| ၂၈။ | ညိုမြသို့ လွမ်းသူတို့ရဲ့ပွဲ | ၂၀၀ |
| ၂၉။ | ကိုညိုမြ အလွမ်းပြေ စကားဝိုင်း | ၂၀၄ |
| ၃၀။ | အသက် (၈၀) ပြည့်တဲ့ ညိုမြ | ၂၁၃ |
| ၃၁။ | ဇဝန ကိုသိန်းသို့ သူရှိစမ်းစေချင်တယ် | ၂၁၈ |
| ၃၂။ | ကျွန်မတို့က မင်းသမီးလေ ခြင်းကြားမမကြီးသို့ | ၂၃၃ |
| ၃၃။ | ချာလီချက်ပလင်ကြီး ဆုံးရှာပြီ | ၂၄၆ |
| ၃၄။ | ကမ္ဘာကျော် အီတာလျံစာရေးဆရာ အီတာလိုကာလ်ဗီးနို | ၂၅၀ |
| ၃၅။ | ရှာမှရှား သတင်းစာဆရာ | ၂၅၅ |
| ၃၆။ | ဆရာကြီး ဘာထရန်ရပ်ဆဲ | ၂၆၈ |
| ၃၇။ | စာရေးဆရာကြီးဖေယျ ပါရမီဖြည့်ဖက် | ၂၇၃ |
| ၃၈။ | (၉၅) နှစ်ပြည့်တဲ့ ဆရာဖေယျ | ၂၈၂ |
| ၃၉။ | အမျိုးသားစာဆို ဇော်ဂျီ | ၂၈၆ |
| ၄၀။ | ဆရာကြီးရွှေဥဒေါင်း ရာပြည့်ပွဲ | ၂၉၃ |
| ၄၁။ | လမ်းလျှောက်ဖော်တစ်ဦး | ၂၉၈ |


mgyoe.com

mgyoe.com SAMPLE BOOK

၄၂။ စာရေးဆရာကြီးများရဲ့ ဇနီးနှစ်ယောက် ၂၀၅
၄၃။ ငယ်သူငယ်ချင်း စာရေးဆရာမ မာလာ ၂၁၃
၄၄။ နှမြောစရာ ဒေါ်မာလာ ၂၂၅
၄၅။ မမခင်နဲ့ မမလေးတို့ကို လွမ်းပါဘိတယ် ၂၃၀
၄၆။ ဒေါ်ကြီးစိုး ၂၃၉
၄၇။ ကိုဝင်းဦး ၂၄၈
၄၈။ သမီးလေး မမိုးရေ ၂၅၅
၄၉။ မိုးမိုး (အင်းလျား) အတွက် အမေ့ဆုတောင်း ၂၅၈
၅၀။ သဇင်ပန်း ၂၆၁
၅၁။ မကောင်းရင် ပယ်၊ ကောင်းရင် တွယ် (ဆရာဝင်းစည်သူ) ၂၆၅
၅၂။ အစောကြီးခွဲသွားတဲ့ နီမောင် ၂၆၉
၅၃။ မောင်ပေါ်ဦးရေ... ၂၇၃
၅၄။ ပေါ်ဦးသက် ပန်းချီပြပွဲ ၂၇၈
၅၅။ ကိုဗဟိန်းသို့ စကားကြွေး ၂၈၃
၅၆။ ကျွန်မမိတ်ဆွေ ရေနံမြေဒေါ်ခင်စု ၂၈၆
၅၇။ သူဆုံးပြီးမှ တစ်ခါပြန်တွေ့ရတဲ့ ပန်းချီဆရာကြီးဦးအောင်ခင် ၂၉၀
၅၈။ ဦးလှရဲ့အရင်းနှီးဆုံး မိတ်ဆွေကြီးတစ်ဦး ၂၉၈
၅၉။ ရေးဖော်မကြီးရေ သွားနှင့်သလား ၄၀၃
၆၀။ လွမ်းပါဘိတယ် ရေးဖော်မကြီးရယ် ၄၀၈
၆၁။ နှမြောတသ ယူကျုံးမရနဲ့ လွမ်းလောက်တဲ့ ရေးဖော်တွေ ၄၁၄

■

mgyoe.com

mgyoe.com SAMPLE BOOK

# ရေးသူ့အမှာ

ဒီစာအုပ်ကလေးထဲမှာ ကျွန်မ ကြည်ညိုလေးစား ချစ်ခင်ရသူတွေ ဆုံးပါးသွားတဲ့အခါ ကျွန်မ သူ့တို့ကို အောက်မေ့လွမ်းဆွတ်သလို ဆောင်းပါးလေးတွေ ရေးမိပြီး ကြုံရာစာနယ်ဇင်းတွေမှာ ထည့်ခဲ့တာကို ခုသတိရလို့ ပြန်လည်စုဆောင်းပြီး စာအုပ်ကလေးရိုက်တာပါ။

တကယ်ကတော့လည်း လူတစ်ယောက်ဟာ သူဘာတွေလုပ်ခဲ့တယ်၊ သူဟာ ဘယ်လိုလူပဲဆိုတာ ဘဝနိဂုံးအဆုံးသတ်တဲ့အချိန်မှာ တကယ့်ရုပ်ပုံကို အမှန်အတိုင်း အေးလူတွေက မြင်ရတာပါပဲ။ မြင်ရတဲ့အခါ ဒီလူဟာ သူ လူဖြစ်ရတဲ့ခေတ်ကာလကို ဘယ်လိုအနေအထားနဲ့ သူ လူလုပ်သွားတယ်ဆိုတာ မြင်ရတာပဲ။ အဲဒါမျိုးလေးတွေ ကျွန်မသိတဲ့၊ ကျွန်မခင်တဲ့၊ ကျွန်မလေးစားတဲ့၊ ကျွန်မချစ်တဲ့၊ ကျွန်မအရင် ကွယ်လွန်နှင့်ရှာကြတဲ့ ပုဂ္ဂိုလ်များကို လွမ်းဆွတ်လို့ရေးခဲ့တဲ့ အလွမ်းစာကလေးတွေစုပြီး ခုလို စာအုပ်ကလေး လုပ်လိုက်တာပါ။

အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်မနဲ့အတူ ခံစားကြည့်ကြပါဦး။



လူထုဒေါ်အမာ

mgyoe.com

mgyoe.com SAMPLE BOOK

# စာဆို စလေဦးပုည

## နှစ် (၁၅၀) မွေးနေ့

အမရပူရနှင့် ရတနာပုံ မန္တလေးခေတ်မှာ မည်းမှောင်သော ကျွန်ဘဝသို့ မကျရောက်မီ မြန်မာတို့ ကိုယ့်မင်းကိုယ့်ချင်းနှင့် နေနိုင်ခဲ့သေးသည့် နောက်ဆုံးအချိန်ဖြစ်ပေသည်။ ထိုအချိန်၌ စာဆိုဦးပုညသည် ကြည့်မငြီးသော ကြယ်ပြောင်ကြီးတစ်ပွင့်ကဲ့သို့ မြန်မာစာပေလောက၌ ထွန်းပေါက်ခဲ့ပေသည်။

ဦးပုညသည် အနုပညာစာပေအရာ၌ ပြောင်မြောက်သူတစ်ဦးပီပီ သူ့၌ သူများနှင့်မတူသော ထူးခြားပါရမီများ မွေးကတည်းက ပါခဲ့သည်ကိုလည်း သူ့ဘဝသူ့အတ္ထုပ္ပတ္တိကို လေ့လာသည့်အခါ အတိုင်းသား တွေ့ရသည်။ ဥပမာ– ၂ နှစ်သားအရွယ်၌ စည်တော်များ၊ ဗုံသာများနှင့် ပလုတ်တုတ်များကို ကစားရင်းနှင့် တီးခတ်သည်ပင်လျှင် နာပျော်ဖွယ်အသံထွက်အောင် တီးခတ်တတ်သည်။ ၃ နှစ်သား၊ ၄ နှစ်သား၌ 'က' ကြီး၊ 'ခ' ကွေး ဆိုတတ်၍ ၆ နှစ်သားအရွယ်တွင် နောကေနောဟူသည့် ရှေးသင်္ချာ ကိုးကြောင်းအတွက်များကို ချက်ချာစွာတွက်တတ်သည်ဟု ဆိုသောကြောင့် ငယ်ကတည်းက သူများထက် ထူးသည့်အရည်အသွေးများ ပြခဲ့သူဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သက်န်းဆီး၍ အသက် ၂၀ အရွယ်၊ ပဥ္စင်းဘောင်ရောက်စအရွယ်က စ၍ ယနေ့တိုင် ကျော်ကြားလျက်ရှိသောစာများကို စတင်ရေးသားနိုင်ခဲ့ရာ အသက် ၅၅ နှစ် ကွယ်လွန် အနိစ္စရောက်ခဲ့ချိန်တိုင် မြို့ဝန်ဦးသာအိုးက သတ်ခါနီးဆဲဆဲထိ ဦးပုညက စာအမျိုးမျိုးကို ရေးသွားသည်။

ရေးသည့်အခါ၌ ဦးပုည၏ စာခံကြီးများအနေဖြင့် ကျော်ကြားသည့် 'ချီးလော့တိုက်လုံး၊ အောင်သံကြုံးပိမ့်' အစချီသည့် ယိုးဒယားနိုင်မော်ကွန်း၊ မန္တလေး မြို့ဘွဲ့မော်ကွန်း၊ ဇင်းမယ်နိုင်မော်ကွန်း၊ ရတနာနဒီမော်ကွန်း စသည်တို့ကိုသော် မှ ဦးပုညက ၃ ရက်၊ ၄ ရက်နှင့် အပြီး ရေးနိုင်စွမ်းသူ ဖြစ်လေသည်။

ရေသည်ပြဇာတ်၊ ပေါင်တို ပဒုမပြဇာတ်၊ ဝိဇယပြဇာတ်၊ ကောသလ မင်းကြီးဇာတ်၊ ဝေဿန္တရာဟောစာလိုမျိုး စာကိုလည်း ဦးပုည ၂ ရက်၊ ၃ ရက် နှင့် အပြီးရေးလေသည်။ ဤလိုစာမျိုးမှာ ဦးပုည၏ လက်တွေ့သည့်စာ၊ လွတ်လပ် စွာ ရေးခွင့်ရသည့်စာများ ဖြစ်သည့်အတွက် စကားလုံးပို၍ ပြောင်ပြောင်၊ ပို၍ ရှင်ရှင်ကြီးရေးသဖြင့် အလွန်သွက်သည့် စာများအဖြစ်နှင့် တွေ့ရသည်။

ဦးပုညသည် မေတ္တာစာလို စာမျိုးကိုကား အချိန်ကြာကြာပင်ယူ၍ စဉ်းစားကောင်းမှ စဉ်းစားပေမည်။ ဦးပုည၌ ဝေါဟာရက ကြွယ်သည်။ ကြွယ် သည့်အပြင် ထိအောင်မိအောင် ဆိုရာ၊ စကားလုံးရွေးရာ၌ ဦးပုညက တော်လှ သည်။ ဦးပုည၏အဆိုအမိန့်မှာ ရှင်းအားပြတ်အားကြီးသဖြင့် တစ်ဖက်လူမခံနိုင်ဘဲ ရှိမည်လည်း မုချဖြစ်သည်။ သို့သော် ဤအရည်အချင်းသည်ပင်လျှင် ဦးပုည၏ သူမတူ ထူးသောပါရမီဖြစ်၍ ဤပါရမီကြောင့်လည်း ဦးပုည၊ ဦးပုညနှင့် ကြိုက်သူက တဖွဖွပြောလာရလျက် မုန်းတီးသူက ခါးခါးသီးသီး မုန်းတီးရခြင်းဖြစ်ပေမည်။

ဦးပုညသည် အအားလည်းမနေ၊ ဘယ်သူဘယ်ဝါက ဘာကိုရေးပေးပါ ဟူ၍ ခိုင်းသူမရှိလျှင် ဗေဒင်ဟောစာကိုပင် ကဗျာဖွဲ့၍ သီ၍ လွယ်ကူစွာ ကျက်မှတ် နိုင်စိမ့်ငှာ စပေါင်းပေးဟန် ရှိလေသည်။

လွန်ခဲ့သည့်အနှစ် ၁၅၀ အမရပူရနှင့် မန္တလေးခေတ်၌ စက်တင်ပုံနှိပ် ခြင်းက ထွန်းကားသေးသည် မဟုတ်ပေရာ၊ ပုရပိုက်ထဲနှင့် ပေထဲတွင် ရှိသည့်စာ

mgyoe.com

mgyoe.com SAMPLE BOOK

ကို နှုတ်ငုံဆောင်ကြရသည်။ ထို့ကြောင့် နှုတ်ငုံဆောင်သည့်အခါ စကားလုံးကို ရွေး၍သီကုံးပြီး ကာရန်များထည့်၍ပေးလျှင် ကျက်ရမှတ်ရ လွယ်ကူသည်။ ထို့ကြောင့် ကျက်လို မှတ်လိုသူများအဖို့ ရေးကြသူတို့က အလင်္ကာ၊ ကဗျာသဘော နှင့် ရေးကြသည်က များသည်။

ဦးပုညသည် ဖခင် ပခန်းငယ်မြို့သူကြီးဖြစ်ပြီး မြို့သူကြီးမှာ သာယာဝတီမင်း၏ ကျေးကျွန်ရင်းဖြစ်လေရာ ဦးပုည နှစ်ခါလည်သား မတိုင်မီကစ၍ မင်းပါး စိုးခွင် ဝင်ရောက်နိုင်သူ ဖြစ်လေသည်။ ငယ်မည် မောင်ပုတ်စည်ကိုပင် သာယာဝတီမင်းက မှည့်ခေါ်ခြင်းဖြစ်သည်။

ထို့နောက် အမရပူရမြို့ တူမောင်းတိုက်ဆရာတော် ဦးဒီပထံတွင် ၇ နှစ်သားကစ၍ ပဥ္စင်းလောင်းအရွယ် အသက် ၂၀ ထိ ၁၃ နှစ်တိုင်တိုင် ကိုရင်ဝတ်နှင့်နေ၍ 'စလေကိုရင်ကြီး' ဟု လူသိများခဲ့သည်။ ငယ်ဆရာဦးဒီပ ပျံလွန်သည့်အခါ ဗန်းမော်ဆရာတော်ထံတွင် ပဥ္စင်းပြု၍ အသက် ၂၄ နှစ်အထိ ပဥ္စင်းဘဝနှင့် ဗန်းမော်တိုက်တွင်နေသည်။ ထို့နောက် ၂၇ နှစ်အရွယ်တွင် မိမိဝါသနာပါသော စာပေအရေးအသားနှင့် ဗေဒင်အဟောအပြောသည် တင်းကျပ်သော ဝိနည်း+ သိက္ခာတော်နှင့် လျော်ကောင်းအံ့မထင်ဟု ယူဆ၍ ရဟန်းသိက္ခာချပြီး ကိုရင်ကြီး အဝတ်နှင့်သာ နေတော့သည်။ ထိုအခါ စလေကိုရင်ကြီးမှာ လူသိများသည့်စာဆို ဖြစ်နေလေပြီ။

ထိုအချိန် ကနောင်မင်းသား၊ ပုဂံမင်းသား၊ မက္ခရာမင်းသား စသည်တို့နှင့် ကျွမ်းဝင်နေပြီး မင်းသားတွေအရေးခိုင်းသည့် ပြဇာတ်များ၊ ဒုံးချင်းများကို ရေးပေးနေလေပြီ။ သည့်နောက် ကနောင်မင်းသားနှင့် မင်းတုန်းမင်းတို့ကို မင်းသားဘဝကတည်းက ချစ်ကျွမ်းဝင်ခဲ့၍ ကိုရင်ဝတ်နှင့်မနေလိုသောကြောင့် လူထွက်သည့်အခါတွင်လည်း ကနောင်မင်းသားနှင့် မင်းတုန်းမင်းသားထံမှာပင် လူထွက်ခဲ့သည်။

မင်းတုန်းမင်းသားကိုမူ ဦးပုညက ဘုရင်မင်းမြတ်ဖြစ်လိမ့်မည်ဟု တိတိကျကျစောစောကြီးကပင် ဟောပြောပေးထားပြီးဖြစ်သည်။ ဟောသည်နှင့်အညီ

mgyoe.com

mgyoe.com SAMPLE BOOK

မင်းတုန်းမင်းသည် မင်းအဖြစ်သို့ရောက်ရှိခဲ့သည်။ ထို့ကြောင့် ဦးပုည၏ဘဝ၌ ဖခင်ကစ၍ ခစားခဲ့သော သာယာဝတီမင်း၊ သူနှင့် စာရေးပေးရင်း ကျွမ်းဝင်ရသည့် ပုဂံမင်း၊ ထို့နောက် ပိုမို၍ ကျွမ်းဝင်ခဲ့ရသည့် မင်းတုန်းမင်းဟူ၍ မင်းသုံးဆက်နှင့် ရင်းနှီးသူဖြစ်သည်။

သက်ဦးဆံပိုင်ဘုရင်များနှင့် စာနှင့်ပေနှင့်ဆက်၍ ရင်းနှီးပြီး ဝင်ထွက်နိုင်သည် ရှိသော်လည်း ဦးပုညသည် အနုပညာသည်တစ်ယောက်ပီပီ လွတ်လပ်စွာ နေလိုသူဖြစ်သည်။ ထို့ကြောင့် မင်းများကို လိုအပ်သည်ထက်ပို၍ ခစားခြင်း၊ မင်းပါးစိုးခွင် ဝင်လွန်းခြင်းများမပြုပေ။ အကယ်၍ အနုပညာသည်စိတ်မရှိဘဲ ကပ်ပါးရပ်ပါးစိတ်ရှိခဲ့လျှင် စာပေအရေးအသားကို အကြောင်းပြု၍ ဦးပုညသည် အာဏာစက်ဝန်းအတွင်း ဝင်ရောက်နိုင်သူဖြစ်ပေသည်။ သို့သော် ထိုခေတ်ထိုအခါ၌ စည်းစိမ်ဂုဏ်သိန်နှင့်အာဏာကို မက်မောသူမဟုတ်ပေ။ သူရေးလိုသည်ကိုရေး၍ လွတ်လပ်စွာနေလိုသော အနုပညာသည်သာဖြစ်သည်။ မင်းတုန်းမင်း မန္တလေးမြို့၌ စိုးစံစဉ်ကာလက နယ်ချဲ့ဗြိတိသျှသည် အောက်မြန်မာပြည်ကို သိမ်းပိုက်ထားပြီး ဖြစ်၍ မန္တလေးနှင့် အထက်မြန်မာနိုင်ငံကို ဆက်လက်သိမ်းပိုက်ရလျှင် ဘယ်နေ့ ဘယ်ရက်၌ ကောင်းမည်နည်း၊ မည်သည့်နည်းပရိယာယ်နှင့် သိမ်းပိုက်ရလျှင် ပြည်သူကို ကျွန်လုပ်ရလွယ်မည်နည်းဆိုသည်ကို နည်းမျိုးစုံနှင့် ရှာဖွေနေသည့်အချိန် ဖြစ်သည်။

ဗြိတိသျှအဖို့ အောက်မြန်မာပြည်ကိုရခြင်းမှာ ဆန်အိုးကိုတွေ့ခြင်းသာ ဖြစ်၍ အထက်မြန်မာနိုင်ငံရှိ ရေနံနှင့် ကျွန်းသစ်များက သွားရည်တများများ ကျစေလျက်ရှိသည်။ ထို့ကြောင့် မန္တလေးသိမ်းရေးကို အစဉ်အမြဲ နည်းလမ်းရှာ နေပေမည်။ နည်းလမ်းရှာသည့်အခါ မြန်မာမင်း အားနည်းအောင်လုပ်သည့်နည်း၊ မြန်မာဘုရင် အုပ်ချုပ်ရေး ကမောက်ကမဖြစ်အောင် လုပ်သည့်နည်းလည်း နည်းလမ်းကောင်းတစ်ခု ဖြစ်ပေမည်ကို ဗြိတိသျှကမြင်ပေမည်။ ထို့ကြောင့် မန္တလေးခေတ်၊ အမရပူရခေတ်၌ မြို့ဝန်ဘိုင်ဆတ်တို့ တွင်ကျယ်မှုမှအစ မြင်ကွန်းမြင်းခုံတိုင် အရေးတော်အဆုံး အောက်ပြည်၌ အုပ်ချုပ်နေသော နယ်ချဲ့ဗြိတိသျှ၏ ပယောဂမပါ

mgyoe.com

mgyoe.com SAMPLE BOOK

ဟုဆိုရန် ခက်ပေသည်။ ဗြိတိသျှသူလျှိုများသည်လည်း အမရပူရနှင့်မန္တလေး၌ သေသေချာချာကြီး ခြေချင်းလိမ်မှု ဂိုဏ်းနှင့်ရှိမည်မှာ မုချပင်ဖြစ်သည်။

မင်းတုန်းမင်းတရားသည် စိတ်နှလုံးအလွန်ပြည့်ဝသည်။ သာသနာတော်၌ မွေ့လျော်သည်။ ညီတော်ကနောင်မင်းသားကမူ တိုင်းပြည်ကာကွယ်ရေးကို ခေတ်မီမီ ကာကွယ်လိုသည်။ ထို့ကြောင့် တိုင်းသူပြည်သားကြည်ညိုသော မင်းတုန်းမင်း တရား၏ မြန်မာနိုင်ငံတော် လုံခြုံရေးအတွက် ညီတော်ကနောင်မင်းသားရှိနေခြင်း သည် နယ်ချဲ့ကိုလိုနီ ကျွန်လုပ်ရေးသမားများ ထွင်းဖောက်မမြင်နိုင်သော တံတိုင်း ဖြစ်မည်။ ဤတံတိုင်းနှစ်ခုကိုဖြိုလှဲရန် မြင်ကွန်းမြင်းခုံတိုင် မင်းသားနှစ်ပါးက ကြံသည်။

ယင်းသို့ ကြံသည့်အခါ ထိုခေတ် ထိုအခါကစ၍ ယနေ့တိုင် မြန်မာတို့ ယုံကြည်နေသေးသော ဗေဒင်ပညာနှင့် အချိန်အခါရွေးဖို့ ကိစ္စပေါ်လာသည်။ ပေါ်လာသည့်အခါ ဦးပုညသည် သူ့ခေတ်၌ အကျော်ဆုံးဗေဒင်ဆရာဖြစ်သည်။ ထို့ကြောင့် စလင်းစုဖုရား၏ နားထွင်းမင်္ဂလာသို့လာသည့် ဦးပုညကို မြင်ကွန်းနှင့် မြင်းခုံတိုင် မင်းသားတို့က ကျိတ်၍ လက်တို့ခေါ်သွားပြီး အရှေ့ပြင် ကျုံးထိပ်အိမ်၌ ဗေဒင်မေးကြသည်။ သူပုန်ထဖို့ အခါပေးရမည်ဟုလည်း ဆိုသည်။

ဦးပုညအဖို့ မိမိမှာ မင်းတုန်းမင်းတရား၏ အချစ်တော်၊ ကနောင်မင်းသား ၏ အချစ်တော်ဖြစ်၍ မြင်ကွန်းမင်းသားတို့ ဗေဒင်မေးသည်ကို တွက်မပေးနိုင်ပါ၊ အခါမပေးနိုင်ပါဆို၍ ဖြစ်သည်မဟုတ်၊ ပဒေသရာဇ်ခေတ်ဆိုသည်မှာ နီးရာဓားကို ကြောက်ရမြဲဖြစ်သည်။ ထို့ကြောင့် ဟောလိုက်ရသည်၊ အခါတွက်ပေးလိုက်ရသည်။

စင်စစ်ဦးပုညသည် နိုင်ငံရေးအရှုပ်အထွေးရှိသည်ဆိုလျှင် ပါချင်သူ မဟုတ်၊ မတရားလုပ်နေလျှင်လည်း ကြည့်မနေချင်။ ထို့ကြောင့် အမရပူရ၌ မြို့ဝန်ဘိုင်ဆတ် တို့၊ မြို့စာရေးမောင်ပိန်တို့၊ တံခါးမှူး ငရွှေဘော်တို့ ရမ်းကား၍ လူတွင်ကျယ် လုပ်ချင်တိုင်းလုပ်နေသည့်ကာလကဆိုလျှင် အမရပူရမှာပင်မနေဘဲ စလေပြန်ပြီး ၁၃ နှစ်လုံးလုံး ရှောင်ရှားနေခဲ့သူဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ယခုတစ်ချီ မရှောင်သာ၍တွေ့ရသည်။ တွေ့ရသည့်အခါ ကနောင်မင်းသားကလည်း ချက်ချင်းကြားသဖြင့် ဦးပုညကို ချက်ချင်းခေါ်မေးသည်။ မေးသည့်အခါ ဦးပုညက သူသည် မင်းတုန်းမင်းနှင့် ကနောင်မင်းသားကလွဲ၍ ဘယ်သူ့ကိုမှ မခစား။ သူ့ကိုလည်းပင်းစားတင်ပြီး အာဏာနှင့်ခိုင်းသောကြောင့် ဟောပေးခဲ့ရသည်ဟု ဖြေဆိုသည်။ ကနောင်မင်းသားကမူ စိတ်ဆိုးလွန်း၍ နောင်တော်မင်းတုန်းဘုရင်ထံ ဦးပုညကို ခေါ်သွားပြီး တင်လျှောက်သည်။ လျှောက်သည့်အခါ မင်းတရားက ဦးပုည၏အခက်အခဲကို မြင်တော်မူသဖြင့် အပြစ်မယူပါနှင့်ဟု အိမ်ရှေ့မင်းကိုပင် တောင်းပန်၍ လွှတ်လိုက်သည်။

ဘုရင်မင်းမြတ်က ကိုပုညသည် ကဗျာပါရဂူလည်းဖြစ်သည်။ ဗေဒင်ပညာ၌လည်း တိုင်းသုံး ပြည်သုံး မင်းသုံး ဆရာတစ်ပါးဖြစ်ရာ မလွှတ်ကင်းနိုင်ပါ။ ထို့ပြင် ကိုပုညကို မိမိက ဇီဝိတအဘယဒါန ပေးထားသည်။ မင်္ဂလာစံအိမ်တော်တွင် နေရစဉ်ကပင် ကိုပုညနှင့်ကျွမ်းဝင်ရ၍ ဆင်းရဲဖက်၊ ချမ်းသာဖက်လည်းဖြစ်သည်။ ကိုပုညမှာ ပျော်တော်ဆက်ဖက်ဖြစ်သည်။ ကိုပုညကို ခမည်းတော်ကလည်း အလွန်လေးမြတ်တော်မူသည်။ ရာဇဝတ်အပြစ်ဖြစ်တော်မူသော်လည်း အပြစ်မပေးပါနှင့်၊ ပညာရှိတစ်ယောက်ဖြစ်၍ အလိုရှိသမျှ နေပါစေဟု ညီတော်ကို အမိန့်ရှိလိုက်သည်။

အိမ်ရှေ့မင်းကသာလျှင် စိတ်မပြေ၍ ဦးပုညအား ရွှေနန်းတော်တွင် ၃ နှစ်ခစားခြင်းမပြုနှင့်ဟု ဦးပုညကို ပ,လိုက်သည်။ ဦးပုညသည် ထိုအမိန့်ကို ကြည်ဖြူစွာ ခံယူ၍ ဇန်းမော်တိုက်တွင် ပြန်နေသည်။

ဤအတွင်း မြင်ကွန်းမြင်းခုံတိုင် ပုန်ကန်မှုဖြစ်ရာ မင်းတုန်းမင်းတရားကံကောင်းထောက်မ၍ လွတ်သော်လည်း အိမ်ရှေ့မင်းသားဖြစ်သည့် ကနောင်မင်းသား၊ ပြင်စည်မင်းသား၊ မလွန်မင်းသား၊ စကုမင်းသားတို့ အသတ်ခံကြရသည်။ သူပုန်များကိုကား နောက်ဆုံးတွင် မင်းတုန်းမင်းက အနိုင်ရသည်။ ဤတွင် ပုန်ကန်မှုတွင် ပါဝင်သူများကို ပခန်းမင်းကြီးနှင့် မြို့ဝန်ဦးသာအိုးတို့က နှိမ်နင်းသည်။ နှိမ်နင်းသည့်အခါ ဦးသာအိုးက သူပုန်ထရန် အခါပေးသူ ဦးပုညကိုလည်း ဖမ်းရ

mgyoe.com

mgyoe.com
SAMPLE BOOK

မည်ဆို၍ ဖမ်းသည်။ ဖမ်းသည့်အခါ ပခန်းမင်းကြီးက 'ဇီဝိတ အဘယဒါန' ခေါ် သူ့အသက်ကို မည်သူကမှ မသတ်ဖြတ်ရဟု သက်လွတ် ဘေးမဲ့ပေးထားသူဖြစ်၍ အရမ်းမလုပ်နှင့်၊ မင်းတရားကြီးထံအပ်နှင်းဟု သတိပေးသည်။ ထို့ကြောင့် ဦးသာအိုးက ဦးပုညကို မင်းတရားထံအပ်သည်။ အပ်သည့်အခါ မင်းတုန်းမင်းသည် ညီတော်တွေ တစ်ပြုံကြီးသေ၍ သူကိုယ်တိုင်ပင်လျှင် အထိန်းတော်ဝေက်၏ အကူအညီဖြင့် မြင်ကွန်း၏ ဓားမှ အသက်ချမ်းသာရာရ သောကြောင့် ဦးပုညကို အခါတော်ပေးမှုကြောင့် စိတ်ဆိုးမည်ဖြစ်သည်။

သို့သော်လည်း ပညာသည်ကိုမြတ်နိုးသော မင်းတရားက 'မောင်ပုညကို အကျယ်ချုပ်နှင့်ထားပါ၊ ငါအမိန့်တော်မြတ် မှတ်လျှင် လွတ်ပါ၊ တင်းတင်းကျပ်ကျပ်မထားရ၊ မနှိပ်စက်ရ၊ ငါကျေတော်မူလျှင် သူကောင်းပြန်ပြုမည်' ဟုဆို၍ ဦးသာအိုးလက် အပ်လိုက်လေသည်။

ဦးသာအိုးသည် ဘုရင့်အမိန့်ကြောင့် ဦးပုညကို သူ့အိမ်၌ ချုပ်ထားသည်။ ထားသည့်အခါ မြို့ဝန်၏မယားငယ်တွေ ဗေဒင်မေးကြလွန်းသဖြင့် ဦးပုညမှာ မအားရ။ ဤတွင် မယားကြီး၊ မယားငယ်၊ မယားရွယ်၊ မယားလတ်တို့ လင်လုမှုကြောင့် မြို့ဝန်ကို ကုန်းတိုက်သည်။ ကုန်းတိုက်သောအခါ မြို့ဝန်က ဦးပုညကို လျှို့ဝှက်ပြီးသတ်သည်။ လျှို့ဝှက်သတ်မှန်းသိ၍ ဦးပုညက သူသေခါနီးတွင် စာတစ်ပုဒ်ရေးခဲ့သည်။ ထို့နောက် လူခြေတိတ်သည့်အကာလ ညအခါ အီကင်းမြစ်ဆိပ်၌ သူ့ကို ရေချသတ်မည့်ဆဲဆဲတွင် ဦးပုညက သူ့ကို ဦးသာအိုး သတ်မှန်းသိရစ်ကြစေတော့ဟု 'စလေဦးပုညကို မြို့ဝန်မောင်သာအိုး သတ်ပါပြီ' ဟု တအားကုန်း၍ အော်သည်။ ဤတွင် သေအောင် လည်မျိုရိုက်၍ သတ်ပြီး အဝတ်ဖြင့်ထုပ်၍ အလောင်းကို ရေမျှောလိုက်သည်။

ထိုအကြောင်း ဘုရင်ကြားသည့်အခါ 'လူကို ခွေးသတ်ပါပကော' ဟု နှမြောတသစွာ ပြောဆိုခြင်းဖြစ်သည်။

ဦးပုညဆိုပါလျှင်လည်း ပညာအရည်အချင်းကို မြတ်နိုးလွန်းလို့ ဇီဝိတ အဘယဒါန ပေးသည်ဟူ၍ မည်သူကမှ မသတ်နိုင်စေရန် အမိန့်ထုတ်ပြန်ပေး

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ပုန်ကန်မှုတွင် ကြံရာပါရောက်သည့်ပြစ်မှုနှင့် ဦးပုညရောက်သည့်အခါ မင်းတရားကြီးကိုယ်တိုင်က ထိုအမိန့်ကိုလေးစား၍ ချမ်းသာခွင့်ပေးသည်။

ထို့ကြောင့် မင်းတုန်းမင်းတရားကြီးလိုဘုရင်ကား အလွန်ရှားသည့် ဘုရင်ဖြစ်သည်။ မင်းတုန်းဘုရင်ကား ဘုရင်တကာတွင် အကောင်းဆုံးဘုရင်တစ်ပါးဖြစ်သည်။ သို့ပါလျက် ဘုရင်စနစ်က မကောင်းသောကြောင့် ဘုရင်မင်းမြတ်က ဇီဝိတအဘယဒါန ပေးထားသည့်အချွန်အမွန်စာဆို ဆရာဦးပုညလိုလူမျိုး၊ ပုဂ္ဂိုလ်မျိုးကို မြို့ဝန်က တိတ်တဆိတ်သတ်ပစ်နိုင်ခဲ့သေးသည်။

ထို့ကြောင့် ဦးပုညမွေးသည့်အနှစ် ၁၅၀ ပြည့်မွေးနေ့၌ ဦးပုညလို ပုဂ္ဂိုလ်မျိုးတစ်ဦး အချိန်မတိုင်မီ ဆုံးရှုံးရခြင်းတွင် နယ်ချဲ့အန္တရာယ်နှင့် ဆိုးရွားသောပဒေသရာဇ်စနစ်နှင့်အတူ အမြော်အမြင်ကြီးတော်မူပေသော မင်းတုန်းမင်းတရားကြီးကိုပါ အောက်မေ့တသ သတိရမိပေတော့သည်။

[ လူထုသတင်းစာ၊ ၁၃၂၄ ခု၊ တပေါင်းလဆုတ် (၇) ရက် ၊ စနေနေ့၊ မတ် (၃) ရက်၊ ၁၉၆၃]

mgyoe.com

mgyoe.com SAMPLE BOOK

# မိဖုရားခေါင်ကြီး ထိပ်စုမြတ်ဖုရား

## ■ မန္တလေး မြတောင်ကျောင်းတိုက် မဟာရတနာဘုံစံ ကျောင်းအမကြီးရဲ့ဘဝနိဂုံး

ပဏိရတနာရာမ မြတောင်ကျောင်းတော်ကြီးကို ၁၂၄၄ ခုနှစ်က စတင်ဆောက်လုပ်တာမို့ ကျောင်းတော်ကြီးရဲ့ရာပြည့်ပွဲ ကျင်းပတော့မယ်ရှိတဲ့အခါ ကျောင်းအမကြီးကိုလည်း ထူးထူးလည်လည် သတိရမိကြရပါတယ်။ ကျွန်မတို့မိဘများက ဗုဒ္ဓဘာသာမြန်မာတွေဆိုတော့ အကြောင်းရှိတဲ့အခါ 'လူဆိုတာ သေတစ်ကံ ရှင်တစ်ကံပဲ' ဆိုတဲ့စကားကို ပြောတတ်လှတယ်။ မြတောင်ကျောင်းအမကြီးရဲ့ဘဝကလည်း အဲဒီအမေတို့ပြောတတ်တဲ့ စကားကလေးနဲ့ ကိုက်ညီနေပါတယ်။

ကျောင်းအမကြီးကို ရတနာပုံမန္တလေးမြို့တည်နန်းတည် ပဋ္ဌမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးနဲ့ ဆင်ဖြူမရှင် အလယ်နန်းမတော် မိဖုရားတို့က ၁၂၂၁ ခုမှာ ဖွားမြင်ခဲ့တယ်။ အသက် ၁၉ နှစ်သမီးအရွယ်မှာ ရတနာပုံမန္တလေးမြို့ရဲ့ ဒုတိယနန်းစံ သီပေါဘုရင်ရဲ့မိဖုရားခေါင်အဖြစ်ကို ရောက်ရှိတယ်။ အသက် ၂၂ နှစ်မှာ မဟေသီဘိသိက်ကို ခံရတယ်။ မြန်မာအမျိုးသမီးဖြစ်ရတဲ့ဘဝမှာတော့ တကယ့်အထွတ်အထိပ်ပေါ့။ ၁၂၄၇ ခုနှစ်မှာ နယ်ချဲ့ဗြိတိသျှက မြန်မာတစ်ပြည်လုံးကိုသိမ်းပြီး ကျွန်လုပ်တော့ မိဖုရားခေါင်ထိပ်စုမြတ်ဖုရားဟာ ဘုရင်နဲ့အတူ နယ်ချဲ့သမားရဲ့ အဖမ်းခံရပြီး အိန္ဒိယမှာ နန်းကျမိဖုရားအဖြစ်နဲ့ နှစ်ပေါင်း ၃၃ နှစ်

mgyoe.com

mgyoe.com
SAMPLE BOOK

တိုင်တိုင် အကျယ်ချုပ်နေခဲ့ရရှာတယ်။ စုဖုရားလတ်ဟာ မိဖုရားခေါင်ရဲ့စည်းစိမ်ကို ၇ နှစ်တာသာ စံစားရရှာတာပေါ့။

ရတနာဂီရိမှာ အကျယ်ချုပ်နဲ့နေရင်း ၃၁ နှစ်ကြာတဲ့အခါကျတော့ မောင်တော်သီပေါဘုရင်ဟာ ၁၂၇၈ ခု၊ နတ်တော်လဆုတ် ၆ ရက်နေ့ သန်းခေါင်အချိန် ၁၅–၁၂–၁၉၁၆ မှာ နတ်ရွာစံပါတယ်။ သီပေါဘုရင်ရဲ့အရင် ညီမတော် စုဖုရားလေးလည်း ရတနာဂီရိမှာ နတ်ရွာစံပါသေးတယ်။

ဒါကြောင့် အကျယ်ချုပ် စံနေရတဲ့ နှစ်ပေါင်း ၃၀ ကျော်အတွင်းမှာ အပူမီး ၂ ကြိမ် တွေ့ရပြီး သက်တော် ၅၇ နှစ်မှာ မုဆိုးမဘဝ ရောက်ရရှာပါတယ်။

သီပေါဘုရင်ရဲ့အလောင်းနဲ့ ညီမတော်ရဲ့အလောင်းများကို မိဖုရားခေါင်က မြန်မာပြည်ပြန်ယူပြီး မန္တလေးနန်းမြို့တွင်းက ခမည်းတော် မင်းတုန်းဘုရင်ကြီးရဲ့အုတ်ဂူအားမှာ ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုဟ်လိုတယ်။ နယ်ချဲ့အစိုးရကလည်း မြန်မာတွေ ဘုရင့်အလောင်းတော် ပြန်ရောက်လာရင် နိုင်ငံရေးထကြွမှု အသစ်တစ်ဖန် ဖြစ်ပေါ်လာနိုင်တန်ရာတယ်ဆိုတဲ့ တွက်သားနဲ့ မြန်မာပြည် ပြန်မပို့နိုင်ဘူး၊ ဒီမှာပဲ သင်္ဂြိုဟ်ရမယ်လို့ဆိုတယ်။ မိဖုရားခေါင်က ဒါကို သဘောမတူပါဘူး။ ဒါကြောင့် သင်္ဂြိုဟ်ခွင့်မပြုဘဲ စံအိမ်တော်ကြီးအတွင်းက အခန်းတစ်ခန်းထဲမှာပဲ အလောင်းများကို သိမ်းဆည်းထားရှိလိုက်ပါတယ်။

၂ နှစ်ကျော် ကြာတဲ့အချိန်ရောက်တော့ ဗြိတိသျှအာဏာပိုင်တွေက အင်အားအသုံးပြုပြီး အလောင်းတော်နှစ်ခုကို ရတနာဂီရိမှာ ဇွတ်အတင်း ဂူသွင်းသင်္ဂြိုဟ်ပစ်လိုက်တယ်။ မိဖုရားခေါင်ကိုလည်း မြန်မာပြည်ကို ပြန်တော့ဆိုပြီး သင်္ဘောနဲ့ တင်ပို့လိုက်ပါတယ်။

မိဖုရားခေါင်ဟာ ၁၂၈၀ ပြည့် ကဆုန်လဆန်း ၉ ရက် ၁၈–၄–၁၉၁၈ မှာ ရန်ကုန်ပြန်ရောက်လာပါတယ်။ မိဖုရားခေါင် မြန်မာပြည် ပြန်ရောက်လာတဲ့အခါ ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့၊ လယ်တီပဏ္ဍိတဦးမောင်ကြီးတို့လို ပုဂ္ဂိုလ်တွေက မိဖုရားခေါင်ဆီကို ဝင်ထွက်ပြီး အခြေအနေများကို လေ့လာအကဲ

mgyoe.com

mgyoe.com

ခတ်ကြတယ်။ ၁၉၂၅ ခုထဲ ရောက်လာတဲ့အခါ နန်းကျဘုရင်ရဲ့ မိဖုရားခေါင်ကို ဗြိတိသျှအစိုးရက ထားရှိပုံဟာ အင်မတန်သိမ်ငယ်တယ်ဆိုပြီး မြန်မာသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေနဲ့ မြန်မာနိုင်ငံရေးခေါင်းဆောင်တွေက ဗြိတိသျှအစိုးရဆီကို ဝိုင်းဝန်းအရေးဆိုပေးကြတယ်။ နန်းကျမိဖုရားရဲ့ဂုဏ်အင်္ဂါနဲ့ ညီညွတ်အောင် ထားပါလို့ တောင်းဆိုကြတယ်။

၁၉၂၅ ခု၊ ဖေဖော်ဝါရီလထုတ် ဒဂုန်မဂ္ဂဇင်းကြီးမှာ လယ်တီပဏ္ဍိတ ဦးမောင်ကြီးက မဂ္ဂဇင်းရဲ့ခေါင်းကြီးပိုင်းကနေပြီး မိဖုရားခေါင်ကြီး စံစားနေရပုံတွေကို ရေးမှတ်ရာမှာ မိဖုရားခေါင်ကြီး စံနေတော်မူရတဲ့ အိမ်တော်ကလည်း တရုတ်ကတ်တွေတောင် ပျက်စီးနေပြီ။ မှန်တွေကလည်း ကွဲလို့၊ ခန်းဆီးတွေကလည်း စုတ်စုတ်ပြတ်ပြတ်၊ မိဖုရားခေါင်ကြီးကတော့ သူတော်ကောင်းများ ဝတ်ဆင်သလို ပိတ်ဖြူကိုပဲ တစ်ကိုယ်လုံးဆီးပြီး စကားပြောရာမှာလည်း သူ့ကျေးတော်မျိုး ကျွန်တော်မျိုးတွေ ပြောသလိုသာ ပြောဆိုတော့တယ်။ မိဖုရားခေါင်ကြီးဟာ သက်တော်လည်း ကြီးပါပြီ။ ချမ်းသာစွာသာ စံနေတော်မူပါစေတော့၊ စံနန်းတော်ကိုလည်း မဟေသီရဲ့ ဂုဏ်အင်္ဂါနဲ့ လိုက်လျောအောင် စီမံပေးပါ၊ လခရိက္ခာတော်များလည်း တိုးပေးပါ။ မောင်တော်ရှိစဉ်က တစ်လ တစ်သောင်းထောက်ပံ့ခဲ့သေးတယ်။ ခု ၂၅၀၀ ကျပ်တည်းဆိုတာ နည်းလွန်းပါတယ်။ မိဖုရားခေါင်ကြီးနဲ့ ဆက်သွယ်ရာမှာလည်း ယဉ်ယဉ်ကျေးကျေးထိုက်တန်တဲ့ အသုံးအနှုန်းမျိုးနဲ့ဆက်သွယ်ကြပါလို့ လက်မှတ်ထိုးပြီး ရေးသားပါတယ်။ တခြားသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေကလည်း ဝိုင်းဝန်းရေးသားတောင်းဆိုကြပါတယ်။

သို့ပေမဲ့ ဗြိတိသျှအစိုးရက ထောက်ပံ့မှုကို ဘယ်လိုမှမပြုပြင်ပါဘူး။ မလောက်မငဘာဝမှာပဲ ခြိုးခြိုးခြံခြံ လှူဒါန်းနေထိုင်သွားရရှာပါတယ်။

ရန်ကုန်မြို့မှာ မင်းတုန်းဘုရင်ကြီးနဲ့ သီပေါဘုရင် မင်းနှစ်ဆက် ကိုးကွယ်တဲ့ သံယုတ်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူတော့ မိဖုရားခေါင်ကြီးက သူနဲ့ ထိုက်တန်သလို ဆရာတော်ကြီးရဲ့ဈာပနမှာ ပါဝင်လှူဒါန်းချင်တယ်။ ဒါကြောင့် ဗြိတိသျှအစိုးရဆီမှာ ငွေများတောင်းခံတော့ ငွေ ၅၀၀၀ ကျပ်တည်းသာ ထုတ်ပေး

mgyoe.com

mgyoe.com

တယ်။ ပေးရာမှာလည်း အလွတ်ပေးတာမဟုတ်ဘဲ လစာရိက္ခာတော်ထဲက ဒီငွေကို အရစ်ကျပြန်ဆပ်ဖို့ နုတ်ယူမှာဖြစ်တယ်လို့ အကြောင်းကြားပါတယ်။

မိဖုရားခေါင်ကြီးဟာ ပေးချင်ကမ်းချင် လှူဒါန်းချင်တာတွေ စေတနာရှိသလောက် မလှူဒါန်းနိုင်ပေမယ့် နေ့စဉ်နေ့တိုင်း ရှိသမျှထဲက ပေးကမ်းလှူဒါန်းနေတာပဲ။

မိဖုရားခေါင်ကြီးဟာ ၁၂၈၇ ခု၊ နတ်တော်လပြည့်ကျော် ၄ ရက်နေ့မှာ သက်တော် ၆၆ နှစ် ပြည့်မှာမို့ မွေးနေ့အလှူများ လှူမယ်လို့ လှူရန်ပစ္စည်းတွေ ဝယ်ခြမ်းပြင်ဆင်ထားဆဲ နတ်တော်လဆန်း ၁၀ ရက်နေ့ မနက် ၅ နာရီလောက်မှာ နတ်ရွာစံ ကံတော်ကုန်သွားရှာရော။ ဒါကြောင့် မွေးနေ့အလှူတော်အတွက် ရည်စူးထားခဲ့တဲ့ ပစ္စည်းတွေကို ကျင်းပနေဆဲ စာပြန်ပွဲမှာ လှူလိုက်ကြရတယ်။

မိဖုရားခေါင်ရဲ့အလောင်းတော်ကိုတော့ မန္တလေးကိုယူချင်တယ်။ ပြီးတော့ ရတနာဂီရိမှာ ဗုဒ္ဓဘာသာထုံးစံအရ သရဏဂုံတင်ပြီးမှ သင်္ဂြိုဟ်ခြင်း မပြုရသေးတဲ့ ဘုရင်သီပေါမင်းရဲ့အလောင်းတော်နဲ့ ဒုတိယမိဖုရား စုဖုရားလေးရဲ့အလောင်းတော်များကိုပါ မြန်မာပြည်ပြန်ယူပြီး မင်းတုန်းမင်းကြီးရဲ့သင်္ချိုင်းဘေားမှာ သုံးလောင်းစလုံး မြှုပ်နှံသင်္ဂြိုဟ်ချင်ကြပါတယ်။

နောက်ပြီးတော့ မြန်မာဘုရင်ရဲ့ နောက်ဆုံးမိဖုရားခေါင်ရဲ့ ဘဝနိဂုံးမို့ ရှာပနကို လှလှပပတင့်တောင့်တင့်တယ် ကျင်းပချင်ကြတယ်။

သို့ပေမဲ့ နယ်ချဲ့ကျွန်လုပ် သွေးစုပ်ရေးသမားတွေက နိုင်ငံရေးတွက်သားအမျိုးမျိုးနဲ့ တွက်ချက်စဉ်းစားတာမို့ မြန်မာပြည်သူတွေရဲ့ဆန္ဒကို ဘာမှမလိုက်လျောဘူး။ မိဖုရားခေါင်ရဲ့ မသာတော်စရိတ်ဆိုပြီး ငွေနှစ်သောင်းပဲ ထုတ်ပေးတယ်။ ရန်ကုန်မြို့မှာပဲ သင်္ဂြိုဟ်ရမယ်၊ မိဖုရားခေါင်ရဲ့အလောင်းကို ရွှေတိဂုံဘုရားတောင်ဘက်က ဘုရင်မပန်းခြံထဲမှာပဲ အုတ်ဂူသွင်းပြီး မြှုပ်နှံရမယ်လို့ ညောင်ရွှေစော်ဘွားကို ဘုရင်ခံက ညောင်ရွှေကခေါ်ယူပြီး ဘုရင်ခံကိုယ်စား စီမံခန့်ခွဲစေခဲ့ပါတယ်။

အဲဒီအချိန်က ရန်ကုန်မြို့မှာ စတုတ္ထသမီးတော်နဲ့ သမက်တော် ကိုကိုနိုင်၊ တတိယသမီးတော် မဒရပ်စုဖုရားနဲ့ သမက်တော်ထိပ်တင်ကိုယ်တော်ကြီးတို့ပဲ

mgyoe.com

mgyoe.com SAMPLE BOOK

ရှိကြတယ်။ ပထမသမီးတော်ကြီး၊ ဒုတိယသမီးတော်နဲ့သမက်တော် လတ်သခင်တို့က အိန္ဒိယမှာပါ။ ဒါ့ကြောင့် အိန္ဒိယမှာရှိတဲ့ သမီးတော်များက သူတို့မယ်တော်ရဲ့ ဈာပနကို အရောက်လာခဲ့ကြမယ်။ သူတို့အားလုံး အစုံအညီရောက်မှ အန္တိမဈာပနကိုကျင်းပပါ။ သူတို့ ဒီဇင်ဘာလ ၃ ရက်နေ့ရောက်အောင် လာပါမယ်လို့ ကြေးနန်းအစောင်စောင် ရိုက်ကြားပါတယ်။

သို့ပေမဲ့ ညောင်ရွှေစော်ဘွားက ဘုရင်ခံဆာဟာကုတ်ဘတ္တလာရဲ့ ဆန္ဒနဲ့ အညီ သမီးတော်များ စုံညီရောက်ရှိအောင် စောင့်ဆိုင်းခြင်းမပြုဘဲ ၁၂၈၇ ခု၊ နတ်တော်လဆန်း ၁၀ ရက် ၂၄–၁၁–၁၉၂၅ အင်္ဂါနေ့ မနက် ၅ နာရီခန့်မှာ ချာချီလမ်း (ကိုယ့်မင်းကိုယ့်ချင်းလမ်း) စံအိမ်မှာ နတ်ရွာစံ ကံတော်ကုန်ရှာတဲ့ မိဖုရားခေါင်ရဲ့ရုပ်ကလာပ်ကို နတ်တော်လဆုတ် ၅ ရက်၊ ၄–၁၂–၁၉၂၅ သောကြာနေ့မှာ ခေါင်းသွင်းပြီး ပြာသိုလဆန်း ၅ ရက်၊ ၁၇–၁၂–၁၉၂၅ ကြာသပတေးနေ့မှာ မြေမြှုပ်သင်္ဂြိုဟ်မယ်လို့ ကြေညာစေပါတယ်။

မိဖုရားခေါင်ကြီး အခုလို နတ်ရွာစံကံတော်ကုန်တဲ့အခါ ရတနာဂီရိမှာ သီပေါမင်းအလောင်းတော်ကို သရဏဂုံမှ မတင်ဘဲ မိဖုရားခေါင်ရဲ့ဆန္ဒနဲ့ ဆန့်ကျင်လှစွာ ဖွတ်အမွှ ဂူသွင်းထားတဲ့ကိစ္စဟာ မြန်မာပြည်သူတွေရဲ့စိတ်ထဲ အသစ်တစ်ခါ ပြန်လည်ရှင်သန်လာတယ် ဟုတ်လား။ ရတနာဂီရိမှာ အကျယ်ချုပ်ထားစဉ်က မိဖုရားခေါင်ရဲ့ညီမတော် ထိပ်စုဖုရားကလေးက ပထမ၊ သီပေါမင်းက ဒုတိယနတ်ရွာစံကြတာမို့ ဒီအလောင်းနှစ်ခုပါ ကိုယ့်နိုင်ငံ ကိုယ်ပြန်ယူပြီး သူတို့ ထီးနန်းရှိရာမန္တလေးမှာ ခမည်းတော် မင်းတုန်းမင်းကြီးရဲ့အုတ်ဂူဘေးမှာ မြှုပ်နှံသင်္ဂြိုဟ်ရေးဆိုတာ ဘာမှဝန်လေးစရာမရှိတဲ့ တရားသောအနိမ့်ဆုံးတောင်းခံချက်ဖြစ်ပေမယ့် ထီးနန်းရော၊ ဘုရင်ရော တိုင်းပြည်ပါ ဆုံးရှုံးရမှုကို မြန်မာတွေ စိတ်ထဲအသစ်ဖြစ်ပေါ် ခံပြင်းလာလိမ့်မယ်ဆိုတဲ့ တွက်ဆချက်နဲ့ ဗြိတိသျှအစိုးရက ဖွတ်ငြင်းဆိုပါတယ်။ ဒီမသာတော်အရေးဟာ မြန်မာတွေ စိတ်ထဲတော်တော်နဲ့ မအေးပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

မြန်မာနိုင်ငံဟာ အဲဒီအချိန်တုန်းက အိန္ဒိယအစိုးရရဲ့လက်အောက်ခံ ပြည်နယ်တစ်ခုသာဖြစ်တာကြောင့် ဒီအကြောင်းတွေကို မင်းပေါက်စိုးကြား တရားဝင် ပြောဆို ဆွေးနွေးချင်တယ်ဆိုရင် နယူးဒေလီမှာကျင်းပတဲ့ တရားဥပဒေပြု မင်းတိုင်ပင် အမတ်များရဲ့အစည်းအဝေးမှာသာ တင်ပြနိုင်တယ်။ ဒါ့ကြောင့် မြန်မာအမတ် ဦးတုတ်ကြီးက ၁၉၂၆ ခု၊ မတ်လ ၁ ရက်နေ့ နယူးဒေလီက မင်းတိုင်ပင် အစည်းအဝေးမှာ...

(၁) သီပေါဘုရင်နဲ့ ဒုတိယမိဖုရားရဲ့အလောင်းများ မြန်မာနိုင်ငံ ပြန်သယ်ဖို့ ပြည်သူတွေကဆန္ဒရှိနေတာကို အစိုးရ သိပါသလား။

(၂) ဗုဒ္ဓဘာသာတရားနဲ့အညီ အသုဘကိစ္စ မဆောင်ရွက်ရဘဲ မြှုပ်နှံထားရတာ ကိုကော အစိုးရ သိပါသလား။

(၃) ရတနာဂီရိက မန္တလေးကိုပြောင်းရွှေ့ဖို့ လိုအပ်တဲ့ အသုဘကိစ္စ ဆောင်ရွက်ရေး အစိုးရက ခွင့်ပြု မပြု ပြန်ကြားပါမယ်လားလို့ မေးမြန်းခဲ့ ရတယ်။

ဗြိတိသျှအစိုးရကိုယ်စား မင်းတိုင်ပင်အစည်းအဝေးမှာ ဆာဒင်းနစ် ဘရေးဘရေးရဲ့ ပြန်ကြားချက်က–

(၁) ရန်ကုန်မှာ လူထုအစည်းအဝေးကြီးလုပ်ပြီး တောင်းဆိုတာကို သိပါတယ်။

(၂) ဗုဒ္ဓဘာသာထုံးစံနဲ့အညီ ဆောင်ရွက်ဖို့ လိုအပ်တာကို မြန်မာပြည်က မှာယူပါဆိုတာကို မိဖုရားခေါင်က ပယ်ရှားပြီး ဖြစ်သလိုသာ ဆောင်ရွက် ကြလို့ ပြောခဲ့ပြီးဖြစ်ပါတယ်။

(၃) အိန္ဒိယအစိုးရက လိုအပ်သော အခွင့်ပြုမှုမျိုး ပြုလုပ်ရန် ကြံရွယ်ချက် မရှိပါလို့ ဖြေကြားသွားပါတယ်။

ရန်ကုန်မှာ လူထုအစည်းအဝေးတွေ ကျင်းပ၊ ခေါင်းဆောင်တွေ မြန်မာ ပြည် ဘုရင်ခံနဲ့သွားတွေ့ပြီး မန္တလေးရွှေ့ပြောင်းသင်္ဂြိုဟ်မြှုပ်နှံဖို့ အခွင့်တောင်း ရာမှာတော့ မန္တလေးမှာ ပလိပ်ရောဂါတွေ ဖြစ်ပွားနေလို့ ဒီရက်မျိုးမှာ ပွဲကြီး လမ်းကြီး ကျင်းပရင် အမြို့မြို့ အနယ်နယ်ကလူတွေ လာကြတဲ့အခါ ပလိပ်ရောဂါ

mgyoe.com

mgyoe.com SAMPLE BOOK

တွေ ကူးစက်ပြန့်ပွားကုန်မှာစိုးလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ဘုရင်ခံက ငြင်းပယ်လိုက်ပါတယ်။

ဒါ့ကြောင့် မိဖုရားခေါင်ရဲ့မသာတော်ဟာ ရန်ကုန်မြို့မှာပဲ ဗြိတိသျှအစိုးရကပေးတဲ့ သင်္ဂြိုဟ်စရိတ်ငွေနှစ်သောင်း၊ ညောင်ရွှေစော်ဘွားက ထည့်ဝင်တဲ့ ငွေ ၁၂၀၀ ကျပ်၊ သီပေါစော်ဘွား ထည့်ဝင်တဲ့ ငွေ ၁၀၀၀ ကျပ်နဲ့ တခြားစော်ဘွားများက ၃၀၀ ကျပ်စီ၊ ၅၀ ကျပ်စီ ထည့်ဝင်တဲ့ငွေပေါင်း ၂၃၂၇၅ ကျပ်နဲ့ ပေးသမျှအခြေအနေမှာ ဖြစ်သလို သင်္ဂြိုဟ်ရပါတယ်။

ရန်ကုန်မြို့မှာ မသာတော်အတွက် အစီအစဉ်များကတော့ ပတ္တမြားသုံးရစ်စီ ရွှေခေါင်း၊ ညောင်စောင်းတော်၊ ပတ္တမြားသုံးရစ်စီ သလွန်တော်၊ ရွှေရိုးရွှေရွက် ရွှေညောင်ရွက်ဆွဲ ထီးဖြူတော် ၉ လက်၊ ဖဒိုင်တော်၊ ပတ္တမြားသုံးရစ်စီ ရွှေမျက်နှာဖုံး၊ ရွှေလက်ဖုံး၊ ရွှေခြေဖုံး၊ ရွှေသဲညှုန့်၊ နေရာဖန်တော် ကတ္တီပါဖဲမွှန်း၊ သင်ဖြူးကတ္တီပါ ကွပ်များပေါ်မှာ အလောင်းတော်ကို ခင်းကျင်းပါတယ်။

ချဆောင်မယ့် ဒီဇင်ဘာလ ၁၇ ရက်နေ့မှာတော့ ချာချီလမ်း (ကိုယ့်မင်းကိုယ့်ချင်းလမ်း) စံအိမ်တော်က ကန်တော်ကြီးအနောက်ဘက် လမ်းတစ်လျှောက် အတိုင်းလာပြီး ရွှေတိဂုံစေတီခြေတော်ရင်း တောင်ဘက်ကချိုးပြီး ဘုရင်မပန်းခြံထဲကို ချဆောင်မှာမို့ နေ့ ၁၁ နာရီလောက်ကစပြီး မသာတော်ကို ကြည့်မယ့်လူတွေက လမ်းဘေးဝဲယာမှာ စောင့်နေကြပြီ။ ဒီလမ်းမှာ မြင်းရထားနဲ့ လန်ချားတွေ မသွားရလို့ ပိတ်ထားတယ်။ ဘုရားလမ်း ရွှေတိဂုံစေတီရဲ့ခြေတော်ရင်းကို လာတဲ့ ဓာတ်ရထားကိုလည်း ပိတ်ထားလိုက်တယ်။ ပြီးတော့မှ သံယုတ်ဆရာတော်ဘုရားကြီးကျောင်းနဲ့ မျက်စောင်းထိုး ကန်တော်ကြီးနံဘေးမှာ လှံစွပ်ကိုင် မြင်းစီးပုလိပ်တပ်ကို ချထားလိုက်တယ်။ ချဆောင်မယ့်လမ်းတစ်လျှောက်မှာလည်း ခြေလှမ်းအလှမ်း ၂၀ ကွာတိုင်းမှာ ပုလိပ်တစ်ယောက်ချထားတယ်။ ဥရောပတိုက်သားမြင်းစီးပုလိပ်၊ အိန္ဒိယတိုင်းသား မြင်းစီးပုလိပ်တွေကတော့ ဒီလမ်းတစ်လျှောက်မှာ လူးလာတုံ့ခေါက်သွားလာနေကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မသာတော်ကို နေ့ ၁ နာရီတိတိမှာ စံအိမ်တော်က ထုတ်ယူပါတယ်။ ဒီအခါ သေနတ်အချက် ၃၀ ပစ်ဖောက် အလေးပြုသတဲ့။ ပြီးတော့မှ...

(၁) ရှေ့ဆုံးက မြင်းစီးပုလိပ်၊
(၂) မိဖုရားခေါင်ရဲ့သက်စေ့ ဘုန်းတော်ကြီးများကို လျှုဒါန်းမယ့် လျှုဖွယ်ဝတ္ထုပစ္စည်းတင် လှည်း (၆၆) စီး၊
(၃) စည်တော်၊
(၄) ရွှေချထားတဲ့ အရိုးအိုးကိုင်ဆောင်သူ၊
(၅) ရွှေသိုင်း ငွေသိုင်း၊
(၆) ရွှေကျိုင်း ငွေကျိုင်း၊
(၇) ရွှေယပ်မား ငွေယပ်မား၊
(၈) ရွှေခက်ရင်း ငွေခက်ရင်း၊
(၉) ရွှေပခြုပ် ငွေပခြုပ်၊
(၁၀) ရွှေတကောင်း ငွေတကောင်း၊
(၁၁) ရွှေမြူတာ ငွေမြူတာ၊
(၁၂) ရွှေချပြီး ထင်း (၈) ချောင်းစီတင် ရွှေကလပ် (၂) ခု၊
(၁၃) တလား၊
(၁၄) ရွှေညောင်စောင်း၊
(၁၅) ညောင်စောင်းခံ၊
(၁၆) ငှက်ချေးခံ ဗိတာန်မျက်နှာကြက်၊
(၁၇) သန်လျင်း (တညင်း) အုပ် မသာတော်။

မသာတော်ကို စန္ဒားယမြားကြိုးနဲ့သမီးတော်နှစ်ပါး ဦးဆောင်ပြီး ရင်းချာတဲ့ ဆွေတော်မျိုးတော်တွေက ဆွဲယူတယ်။ သမီးတော်များက အလောင်းနဲ့အနီးဆုံး နေရာမှာရပ်ပြီး ဆွဲယူကြတယ်။ သမီးတော်တွေကို ဘောကရွှေထီးမိုးပြီး လိုက်ကြ တယ်။ မိဖုရားခေါင်ရဲ့အလောင်းတော်ကိုတော့ ထီးဖြူတော် ၈ လက် မိုးထားပါ တယ်။ အလောင်းတော်ကို ထမ်းပြီးချရတဲ့နေရာမှာလည်း ဆွေတော်မျိုးတော်

mgyoe.com

mgyoe.com SAMPLE BOOK

၁၆ ယောက်ထမ်းပြီး ချကြတယ်။ သူတို့ဘေးကမှ ရာဇဝတ်ဝန်ကလေး ဦးဘရီနဲ့ ဦးအုံးခိုင်တို့က ပုလိပ် ၂၅ ယောက်နဲ့အတူ လိုက်ပါတယ်။

ဆွေတော်မျိုးတော်တွေနဲ့ အဆောင်အယောင်ကိုင်တွေအားလုံးက ပိတ်ဖြူ တစ်ကိုယ်လုံးဝတ်ဆင်ပြီး ပို့ဆောင်ကြတယ်။ အလောင်းတော်ရဲ့နောက်က အိမ်တော် အစေအပါးများက မိဖုရားခေါင်ရဲ့ပစ္စည်းပစ္စယ အထုပ်အပိုးများကိုင်ဆောင်ပြီး လိုက်ပါကြတယ်။ အဲဒီနောက်ကတော့ မသာတော် ကော်မတီဝင်များနဲ့ မသာတော် ပို့တဲ့လူများ လိုက်ပါကြတယ်။ အဲဒီနောက်က မသာတော်ဆိုင်ရာ တီးမှုတ်သူများ လိုက်ပါကြတယ်။

အလောင်းတော်ကို မြှုပ်နှံသင်္ဂြိုဟ်မယ့် ဘုရင်မပန်းခြံကို ရောက်တဲ့အခါ အရင်ရောက်နှင့် စောင့်ဆိုင်းနေကြတဲ့ မြန်မာပြည်ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာ နဲ့အခြွေအရံများ၊ ညောင်ရွှေစော်ဘွားကြီး၊ ဝက်မစွတ် ဝန်ထောက်မင်း၊ ပွဲစား ကြီးဦးဘိုးသာ စတဲ့ပုဂ္ဂိုလ်များက ဆီးကြိုပြီး အိန္ဒိယစစ်တပ်က အမြောက်ပစ်ဖောက် နောက်ဆုံးအလေးပြုခြင်းကို ပြုတယ်။ အလောင်းတော်က လောင်တိုက်ကို သုံးပတ် ရစ်ပတ်ပြီးမှ သံဃာအပါး ၉၀ နဲ့ သရဏဂုံတင်ပါတယ်။

အလောင်းတော် ပန်းခြံကိုရောက်လာတဲ့အခါ မိဖုရားခေါင်ကို မြှုပ်နှံ သင်္ဂြိုဟ်တာကိုကြည့်ဖို့ ရောက်ရှိစောင့်မျှော်နေတဲ့လူထုကြီးနဲ့ မသာတော်ပို့ကြတဲ့ လူထုကြီး ရောထွေးသွားတော့ ပရိသတ်က နေရာနဲ့မဆံ့ ကြိတ်ကြိတ်တိုး ဖြစ်လာ တယ်။ ပုလိပ်များက ဒီနေရာ မကျော်ရ၊ မဝင်ရ စသဖြင့် စနစ်တကျ သင်္ဂြိုဟ်သမှု ပြုလုပ်ဖို့ သီးသန့်ချန်လှပ်ထားတဲ့ လမ်းတွေထဲ လူအုပ်ကြီးက အတင်းချိုးဖောက် တိုးဝှေ့ ဝင်ရောက်လာတာကြောင့် တားမနိုင်ဆီးမရဖြစ်ကုန်ပြီး နောက်ဆုံးတော့ ပုလိပ်တွေ လက်လျှော့ပြီး ထားလိုက်ရတော့တယ်။ ဘုရင်ခံလည်း သရဏဂုံမတင်ခင် ပြန်သွားရော။

သရဏဂုံတင်ပြီးတဲ့အခါ အလောင်းတော်ကို မီးသင်္ဂြိုဟ်ဟန်ပြုပြီး အုတ်ဂူ တွင်း ထည့်သွင်းပိတ်ဆို့လိုက်ပါတယ်။ ဝက်မစွတ်ဝန်ထောက်မင်းနဲ့ မသာတော် ကော်မတီက အုတ်ဂူတွင်း သွတ်သွင်းလိုက်ခြင်းဟာ အန္တိမစျာပနအဆုံးစွန် သင်္ဂြိုဟ်

mgyoe.com

mgyoe.com SAMPLE BOOK

ခြင်းရယ်လို့ မသတ်မှတ်လို့ပါ။ ယာယီခေတ္တ ဇင်္ဂမသဘောနဲ့ စံအိမ်တော် က ရွှေ့ပြောင်း အုတ်ဂူသွင်းထားတယ်လို့ပဲ အသိအမှတ်ပြုကြပါတယ်။

ဒါဟာ မြန်မာနိုင်ငံရဲ့နောက်ဆုံး မိဖုရားခေါင်ရဲ့ဘဝနိဂုံးပါပဲ။

မင်းမိဖုရားအဖြစ်နဲ့ စိုးစံကြစဉ်က ပြုလုပ်သွားတဲ့ကောင်းမှုကုသိုလ်တော်တွေကတော့…

(၁) မာရ်အောင်ရတနာ စေတီတော်ဘွဲ့ခံ ဖိနပ်တော်ခင်း ၅၅ တောင်၊ အရပ်တော် ၅၆ တောင်၊ ၁၂၄၁ ခု၊ ကဆုန်လဆန်း ၄ ရက်၊ အင်္ဂါနေ့ ၂၃–၄–၁၈၇၉ နေ့မှာ ထီးတော်တင်ခဲ့တဲ့ ဝါခင်းကုန်းဘုရား မင်းမိဖုရား နှစ်ပါး ကောင်းမှုတော်။

(၂) အရှေ့ပြင် မှန်ကျောင်းတော်ကြီးခေါ် မဟာဝိဇယပုညတိုက်အတွင်းမှ မဟာစံလွှတ်ဝေယန် မှန်ကျောင်းတော်ကြီး (၁၂၄၃ ခုနှစ်တွင် မိဖုရား ခေါင်က ဆောက်လုပ်လှူဒါန်းခဲ့တယ်)။

(၃) အနောက်ပြင် မဏိရတနာရာမ မြတောင်တိုက်တော်ကြီးကို မိဖုရားခေါင် က ၁၂၄၄ ခုမှာ စဆောက်ပြီး ၁၂၄၇ မှာ ပြီးစီးတယ်။

(၄) မြို့တိုင်းမှာ မင်းမိဖုရားနှစ်ပါးက ရာဇမုနိစေတီဘွဲ့တပ်တဲ့ စနေနံဘုရား များ တစ်ပြိုင်နက် တည်ထားစေခဲ့ပါတယ်။

အထက်ပါဆောင်းပါးကို–

*၁။ မြန်မာ့ယုဝ ဂျာနယ် (၂၈–၁၁–၁၉၂၅) နေ့ထုတ်။*

*၂။ ဗန္ဓုလဂျာနယ် ၁၉၂၅ ခု၊ ဒီဇင်ဘာ ၂–၉–၁၆–၂၃–၃၀ ရက်နေ့ထုတ်များ။*

*၃။ ဒဂုန်မဂ္ဂဇင်း ၁၉၂၅ ဖေဖော်ဝါရီလထုတ်။*

*၄။ သူရိယမဂ္ဂဇင်း ၁၉၂၅ ဒီဇင်ဘာလထုတ်။*

*၅။ ဝံသာနုသတင်းစာ ၁၉၂၆ မတ်လ (၇) ရက်နေ့ထုတ်များက အချက် အလက်များ ရယူရေးသားပါတယ်။*

**[ မြတောင်သာသနာ နှစ်တစ်ရာ၊ ဇန်နဝါရီ၊ ၁၉၈၃ ]**

mgyoe.com

mgyoe.com SAMPLE BOOK

# မိဖုရားခေါင်ကြီး နှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း

နတ်မောက်ဇာတိ၊ တောင်တွင်းကြီးမြို့နေ ဝန်စာရေး ဦးကြော့ ရေးခဲ့တဲ့ စုံနံ့သာမြိုင် ရှာပုံတော်ကြီးကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက အဖွင့်ဋီကာတစ်ခု ၁၉၂၁ ခုနှစ်က ရေးခဲ့ပါတယ်။ စုံနံ့သာမြိုင် ရှာပုံတော်ကြီးက ရတနာပုံ မန္တလေးခေတ်မှာပေါ်တဲ့ မင်းသမီး လင်ပျောက်ရှာသီချင်းထဲမှာ နာမည်အကျော်ကြားဆုံးနဲ့ အကောင်းဆုံးသီချင်းကြီးတစ်ပုဒ်ပါ။ ဒီသီချင်းက သိပ်ကောင်းတော့ သူဆိုငါဆိုနဲ့ အလွန်ကျော်ကြားလာတဲ့အခါ နာမည်ကြီးရင် ဖြစ်တတ်တဲ့ ထုံးစံအတိုင်း စုံနံ့သာမြိုင် ရှာပုံတော်ကြီးကို ဘယ်သူရေးသလဲ။ ဦးကြော့ ရေးတယ်ဆိုတာ မဖြစ်နိုင်ဘူး၊ ကောင်းအားကြီးတယ်။ ရှေးကတည်းက ရှိခဲ့တဲ့ သီချင်းကြီးရယ်လို့ ပြောတဲ့လူများက ပြောလာကြသတဲ့။

ဒါကြောင့် စုံနံ့သာမြိုင် ရှာပုံတော်ကြီးကို ဘယ်သူရေးတာလဲ၊ ဦးကြော့ ရေးတာ ဟုတ်ရဲ့လားဆိုတဲ့ စာပေပြဿနာတစ်ခု မြန်မာစာပေမှာ ရှိလာခဲ့တယ်။ ဒီစာပေပြဿနာကို မြန်မာစာပေမှာ အလွန်နှံ့စပ်ကျွမ်းကျင်တဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက တစ်နေ့ကျတော့ ဒီလိုကိုင်တွယ်ဖြေရှင်းပြပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီလို စာပေပြဿနာတစ်ရပ်ကို ဖြေရှင်းရာမှာ ဆရာကြီးက စာပေဆိုတာ စာပေအတွက် သက်သက်ပဲလို့ ခံယူတဲ့လူမှ မဟုတ်ဘဲကလား၊ စာပေဟာ ပြည်သူ့နိုင်ငံရေးနဲ့ ခွဲလို့မရဘူးလို့လည်း ခံယူသူဖြစ်လေတော့ စုံနံ့သာမြိုင် ရာပုံတော်ကြီးကိုလည်း နိုင်ငံရေးနဲ့တွဲပြီး ရေးသားဖြေရှင်းသွားပါတယ်။

ဆရာကြီးက စုံနံ့သာမြိုင်ရာပုံတော်ကြီးကို နတ်မောက်ဦးကြော့ပဲ ရေးတယ်လို့ အခိုင်အမာဆိုပါတယ်။ ပြီးတော့မှပဲ အဲဒီသီချင်းကြီးထဲမှာပါတဲ့ ဦးကြော့ သုံးနှုန်းစပ်ဆိုသွားတဲ့ စကားတွေရဲ့အဓိပ္ပာယ်တွေကို တစ်လုံးစီတစ်ခုစီ ရေးသားရှင်းလင်းရာမှာ မြန်မာစာပေဆိုင်ရာ ရှင်းလင်းဖွင့်ဆိုချက်တွေလည်း အများကြီး ထည့်သွင်းရေးသားသွားပါတယ်။

ဥပမာ–ဦးကြော့ရဲ့သီချင်းကြီးထဲမှာ ‘ကေသီတော်ညက်၊ မြစံပယ်ငုံ၊ လလယ်ယုန် ဆဆယ်ပုံပျက်ခဲ့ပေမယ့်၊ စက်တင်ခုံမှန်၊ ခြူးအုံပျံ့လဲ’ ဆိုတဲ့အပိုဒ်မှာ မြစံပယ်ငုံ၊ လလယ်ယုန်ဆိုတဲ့ ဆံပင်ပြုပြင်ထားမှု ဆံထုံးပုံတစ်မျိုးနဲ့ ပတ်သက်ပြီးတော့ ရှေးကမိန်းမတွေ ဆံထုံးထုံးပုံ ဘယ်နှမျိုးဆိုတာတွေ အကျယ်တဝင့် ရေးသားရှင်းပြပါတယ်။

ခြူးအုံပျံ့ဆိုတာမှာလည်း မှန်တင်ခုံမှာ ခြူးရုပ် ဘာကြောင့်ပါရတယ် ဆိုတာကိုလည်း စာအကိုးအကား အထောက်အကူတွေ အများကြီးနဲ့ ရှင်းလင်းရေးသားထားပါတယ်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ မြန်မာစာပေမှာ ဘယ်ကလောက် နှံ့စပ်တယ်၊ ထဲထဲဝင်ဝင် နိုက်နိုက်ထွင်းထွင်း ဘယ်လောက်ရှိတယ်။ သိတယ်ဆိုတာကို ခန့်မှန်းချင်ရင် စုံနံ့သာမြိုင်ဋီကာထဲမှာ ‘လွမ်းစရာ့ချောင်၊ မြူမင်းလွင် ဝိုင်းပါလို့၊ ထောင့်တိုင်းငယ်မှောင်’ ဆိုတဲ့ အပိုဒ်တစ်ပိုဒ်ပါပါတယ်။ အဲဒီအပိုဒ်က မင်းလွင်ဆိုတာ မြူခိုးတွေကို ခေါ်တာလို့ အတိုဆုံးရှင်းပြပြီးတဲ့နောက် မင်းလွင်ဆိုတဲ့စကားကို ရတုကဗျာနဲ့ ရှေးသီချင်းတွေထဲမှာ ရှေးကဘယ်လိုသုံးကြသလဲဆိုတာကို သိရအောင် လက်လှမ်းမီရာစာတွေထဲက မင်းလွင်ထည့်စပ်တဲ့အစပ်အသုံးတွေကို ထုတ်ထုတ်ပြီး ပြထားလိုက်တာ နည်းနည်းနောနောမဟုတ်ပါဘူး။ မင်းလွင်ဆိုတဲ့ စကားလုံး

mgyoe.com

mgyoe.com SAMPLE BOOK

ချည်းသက်သက်နဲ့ ဖွဲ့တဲ့ရတု ကဗျာချည်း ၁၇ ပိုဒ်ထုတ်ပြီး ပြထားတယ်။ မိုးနဲ့ မင်းလွင်ကို တွဲစပ်တဲ့စာကိုးက ၅ ပိုဒ်၊ တိမ်နဲ့မင်းလွင် ဖက်စပ်တဲ့ စာကိုးက ၅ ပိုဒ်၊ လေနဲ့မင်းလွင် အတူရောစပ်တဲ့ ရတုကဗျာက ၂၁ မျိုး၊ မိုးတိမ်နဲ့မင်းလွင်နဲ့ တွဲစပ်တဲ့စာက ၂ ပိုဒ်၊ မိုးလေနဲ့ မင်းလွင်တွဲစပ်တာက ၂ ပိုဒ်၊ တိမ်လေနဲ့ မင်းလွင်နဲ့ စပ်တာက ၄ ပိုဒ်၊ မိုး၊ တိမ်၊ လေနဲ့ မင်းလွင်နဲ့ စပ်တာက ၂ ပိုဒ်၊ မင်းလွင်ပါတဲ့ ရတုကဗျာသီချင်း စုစုပေါင်း ၅၈ ပိုဒ် ထုတ်နုတ်ပြီး ဥပမာပေးထား ပါတယ်။ တစ်ဆူဋီကာမှာ 'တစ်ဆူ' အသုံးတွေကို မရေတွက်နိုင်အောင် ထုတ်ပြ သလိုပါပဲ။ ဆရာကြီး မြန်မာစာပေမှာ ဘယ်လောက်တတ်သိတယ်ဆိုတာ အံ့ဘနန်းတွေ့နိုင်ပါတယ်။

စုံနံ့သာမြိုင် ရာပုံတော်ကို ကျွန်မတို့တစ်တွေ တစ်ပိုဒ်မဟုတ် တစ်ပိုဒ်တော့ ရကြ ရွတ်ကြသားပဲ။ မင်းသမီးက သစ်တစ်ချပ် ဆယ်ထပ်လှန်လို့ မြိုင်ယံမှာ ရာပုံတွေကို ဖတ်ခဲ့ဖူးကြသားပဲ။ နို့ပေမဲ့ ဒီသီချင်းကောင်းမှန်း ဘယ်လိုပဲသိသိ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းလို အသုံးမချတတ်ကြပါဘူး။

ဆရာကြီးက ဒီစုံနံ့သာမြိုင်ဋီကာကို သူရိယမဂ္ဂဇင်းမှာ ၁၉၂၁ ခု၊ မေလ ထုတ်ကစပြီး ထည့်တာ အောက်တိုဘာလမှ ပြီးဆုံးသွားပါတယ်။ နောက်တစ်ခါ စုံနံ့သာမြိုင်ဋီကာကို သူရိယမဂ္ဂဇင်းမှာ ပါခဲ့ဖူးပြီးအတိုင်း ၁၉၂၅ ခု၊ ဩဂုတ်လထုတ် ဒီးဒုတ်ဂျာနယ်မှာ ထပ်ထည့်ပြန်ပါတယ်။ ဆရာကြီးက စာတစ်ပုဒ်ကို ဒီလို နှစ်ကြိမ်ပြန်ထည့်တာရယ်လို့ တွေ့ရခဲတာကြောင့် စုံနံ့သာမြိုင်ဋီကာဟာ အင်မတန် ထူးခြားတယ်လို့ တချို့က ဝေဖန်ပါတယ်။

သူရိယနဲ့ ဒီးဒုတ်မှာ ဆရာကြီး ထည့်သွင်းတဲ့ အချိန်ကာလနဲ့ စုံနံ့သာမြိုင် ဋီကာရဲ့အဆုံးသတ် ဆရာကြီး ချတဲ့ကောက်ချက်ကိုကြည့်ရင် ဆရာကြီး ဘာကြောင့် စာကို ဒီအချိန် ဒီအခါမှာ ထည့်သွင်းဖော်ပြသလဲဆိုတာ ရိပ်စားမိနိုင်ပါတယ်။

အထက်မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့က သိမ်းပိုက်ကျွန်လုပ်တဲ့အခါ မြန်မာမင်းနဲ့မိဖုရားကို ထီးနန်းကချ၊ ဖမ်းဆီးခေါ်ဆောင်သွားပြီး အိန္ဒိယ၊ မဒရပ်

mgyoe.com

mgyoe.com SAMPLE BOOK

မှာ ၄ လနဲ့ ဘုံဘေမြို့နားက ရတနာဂီရိဆိုတဲ့ မြို့သိမ် မြို့ငယ် တစ်ခုမှာ နှစ်ပေါင်း ၃၁ နှစ်လုံးလုံး အကျယ်ချုပ်နဲ့အကျဉ်းချထားလိုက်ပါတယ်။

ရတနာဂီရိမှာ သီပေါဘုရင် ၁၉၁၆ ခု၊ ဒီဇင်ဘာလ ၁၅ ရက်မှာ နှလုံးရောဂါနဲ့ နတ်ရွာစံကံတော်ကုန်ပါတယ်။ ကြင်ရာတော် စုဖုရားကလေးက ဘုရင်ထက် ၄ နှစ်စောပြီး ကံတော်ကုန်ပါတယ်။ ဒီလိုအကျဉ်းသားဘဝနဲ့ ကံတော်ကုန်ကြတဲ့အခါ ကိုယ့်နိုင်ငံရှိပါလျက်ကနဲ့ တိုင်းတစ်ပါးမှာ အလောင်းတော်တွေကို မြေမချနိုင်ပါဘူး။ ကိုယ့်နိုင်ငံကို ပြန်သယ်ပြီး ကိုယ့်မြေကိုယ့်ရေမှာ မြှုပ်နှံသင်္ဂြိုဟ်လိုပါတယ်လို့ မိဖုရားခေါင်ကအရေးဆိုပြီး အလောင်းတွေကို သူတို့လက် မအပ်နှံ၊ သင်္ဂြိုဟ်ခွင့်မပေးဘဲ အိမ်ထဲက အခန်းတစ်ခန်းထဲမှာပဲ ခေါင်းသွင်းပြီး သိမ်းဆည်းထားရင်း မြန်မာပြည်ပြန်သင်္ဂြိုဟ်ရေးကို အချုပ်အနှောင်ထဲကနေပြီး တစ်ပါးတည်း တိုက်ပွဲဝင်ပါတယ်။

နယ်ချဲ့ကလည်း နောက်ဆုံးဘုရင်ရဲ့အလောင်း မြန်မာနိုင်ငံ ပြန်ရောက်တယ်ဆိုရင် အလောင်းကိုပိုက်ပြီး လွတ်လပ်ရေးတိုက်ပွဲဝင်တာတွေဖြစ်ပေါ်လာနိုင်တန်ရာတယ်။ ဒါကြောင့် သီပေါဘုရင်ရဲ့အလောင်းကို မြန်မာပြည် ပြန်အယူမခံနိုင်ဘူး။ ကုလားပြည်မှာပဲ မြှုပ်နှံရမယ်လို့ မိဖုရားခေါင်ဆီက အလောင်းတောင်းပါတယ်။ မိဖုရားခေါင်ကြီးကလည်း မင်းတုန်းမင်းကြီးရဲ့ဂူတော်နားမှာ ပြန်မြှုပ်နှံမယ်၊ ဘုရင်ရဲ့အလောင်းဆိုတာ မိဖုရားခေါင်နဲ့သက်ဆိုင်တဲ့ ဝတ္ထုပစ္စည်း၊ ဗြိတိသျှအစိုးရက ဖွတ်အတင်းယူခွင့်မရှိဘူးဆိုပြီး အတင်းငြင်းဆန်ပါတယ်။ မိဖုရားခေါင်ကြီးက မြန်မာနိုင်ငံပြန်ပြီး သင်္ဂြိုဟ်မယ်၊ ဗြိတိသျှက ရတနာဂီရိမှာပဲ မြှုပ်ခဲ့ရမယ်ဆိုတဲ့ တိုက်ပွဲဟာ ၂ နှစ်နဲ့ ၃ လတိတိကြာပါတယ်။ နောက်ဆုံးတော့ မိဖုရားခေါင် ဒီအတိုင်း လူချည်း မြန်မာနိုင်ငံကို ပြန်ရင်ပြန်၊ မပြန်ရင် အိမ်ပေါ်ကဆွဲချမယ်ဆိုပြီး လက်နက်ကိုင်တွေနဲ့ အကြမ်းဖက်လာတာကြောင့် ၁၉၁၉ ခု၊ မတ်လ ၁၉ ရက်နေ့မှ အိမ်ထဲကအလောင်းတော်ဟာ အင်အားပြ၊ ဖွတ်ဝင်ယူသူတွေလက်ပါသွားပြီး ရတနာဂီရိက အကျယ်ချုပ်ထားရာအနီးမှာပဲ စုဖုရားကလေးအလောင်းပါ ၂ ခုစလုံးကို

mgyoe.com

mgyoe.com SAMPLE BOOK

ဂူသွင်းပစ်လိုက်ပါတယ်။ မိဖုရားခေါင်က ဂူသွင်းရာကို လိုက်တောင် ကြည့်တော်မမူပါဘူး။ အဲဒါပြီးတော့ မိဖုရားကြီး မြန်မာပြည်ပြန်လာခဲ့ရတယ်။ ၁၉၁၉ ခု၊ ဧပြီလ ၁၈ ရက်နေ့မှာ ရန်ကုန်ပြန်ရောက်တော့ ရောက်ရောက်ချင်း ချာချီလမ်း (ကိုယ့်မင်း ကိုယ့်ချင်းလမ်း) က အိမ်နံပါတ် ၂၃ မှာ စံနေစေပါတယ်။

မိဖုရားခေါင်ကြီး ပြန်ရောက်လာလို့ စံရာအိမ်တော်ကို ဝင်ခွင့်ထွက်ခွင့်ရတာနဲ့တစ်ပြိုင်နက် ဆရာကြီးတို့က အဝင်အထွက်ပြုပြီး အကျိုးအကြောင်းအထွေထွေကို မေးမြန်းလျှောက်ထားတယ်။ အားပေးစကားများ တတ်နိုင်သလောက်တင်လျှောက်ကြပါတယ်။

သူရိယမဂ္ဂဇင်းမှာ ဆရာကြီး စုံနံ့သာမြိုင်ဋီကာရေးတော့ မိဖုရားခေါင်ကြီးပြန်ရောက်တာ ၂ နှစ်ရှိတဲ့အချိန်ပေါ့။ စုံနံ့သာမြိုင်ဋီကာရဲ့နိဂုံးမှာ ဆရာကြီးက စုံနံ့သာမြိုင် လင်ပျောက်ရှာပုံတော် ငိုချင်းရှည်ကြီး ရတနာပုံမန္တလေးခေတ်မှာ ဟိုးလေးတကျော်ပေါ်ထွန်းလာတာဟာ မိဖုရားခေါင်ကြီး အိန္ဒိယသွားပြီး မောင်တော်ဘုရင်အတွက် ဒုက္ခရောက်ဖို့ ရှေ့ပြေးနိမိတ်အဖြစ်နဲ့ပေါ်လာသလိုပဲ၊ စုံနံ့သာမြိုင်ရှာပုံတော်ထဲမှာ မင်းသမီးဟာ မင်းသားအတွက် အိန္ဒိယနိုင်ငံတစ်လျှောက်မှာ ဒုက္ခကြီးရောက်ရရှာပြီး ရတနာပုံမန္တလေးကို ဆားဒုက္ခနဲ့ဆိုက်ရောက်လာရင်း မောင်တော်ကို ကြိုလင့်နေရှာတယ်လို့ပါတယ်။ ခုလည်း မိဖုရားခေါင်ဟာ သီပေါမင်းတရားကုလားပြည်မှာ နတ်ရွာစံတော့ ဆင်းရဲဒုက္ခကြီးစွာနဲ့ မြန်မာပြည်တွင်း ခရီးကွန်းထောက် ဆိုက်ရောက်လာရတယ်။ ရာဇဝင်ကို ပြန်ကြည့်ရင် အင်းဝပျက်ခါနီးမှာဝန်ကြီးပဒေသရာဇာ အဝင်အပါ စာရေးဆရာတွေက စကားလုံး မသာမယာ၊ မင်္ဂလာမရှိတဲ့သီချင်း အသုံးအနှုန်းတွေကို သီကုံးစပ်ဆိုမိခဲ့ကြတယ်။ ခုလည်းမန္တလေးပျက်ခါနီးမှာပေါ်တဲ့ ဒီသီချင်းက ဒီအဓိပ္ပာယ်တွေပါတယ်လို့ ရေးသားပါတယ်။

မိဖုရားခေါင်ကြီး မောင်တော်ရဲ့အလောင်းကို ပိုက်ပြီးတော့ ကြီးစွာသောတိုက်ပွဲဝင်ခဲ့တယ်ဆိုတဲ့ အကြောင်းအရာကတော့ ဟိုစဉ်အခါက မင်းမိန့်နဲ့ နှုတ်ပိတ်ထားလို့လားမသိ၊ ဘယ်မှာမှ ကျွန်မတို့ တစ်စွန်းတစ်စ မဖတ်ဖူး၊ မကြားဖူးပါဘူး၊

mgyoe.com

၁၉၆၇ ခုနှစ်ကမှ သမိုင်းပါမောက္ခဒေဆိုင်းက 'အိန္ဒိယရောက် မြန်မာနန်းကျဘုရင် သီပေါ၊ ၁၈၈၅–၁၉၁၆' ဆိုပြီး အိန္ဒိယမှာ သိုမှီးသိမ်းဆည်းထားတဲ့ သမိုင်း အထောက်အထားတွေကို မွှေနှောက်ရှာဖွေပြီး စာအုပ်တစ်အုပ်အဖြစ် ဖော်ထုတ် ရေးသားလို့ ဖတ်ကြရတာဖြစ်ပါတယ်။

မြန်မာရာဇဝင်မှာ ထင်ရှားကျော်ကြားတဲ့ အမျိုးသမီးများများမရှိပါဘူး။ သံပျင်မင်းသမီး၊ ဘုရင်မ ရှင်စောပု၊ နန်းမတော်မယ်နု၊ စုဖုရားလတ် စသဖြင့် လက်ချိုးရေလို့ရနိုင်တဲ့ အရေအတွက်နဲ့ပဲရှိပါတယ်။ ဒီအမျိုးသမီးတွေထဲမှာ နန်းမတော်မယ်နုပြီးရင် စုဖုရားလတ်လို့ခေါ်ကြတဲ့ မြန်မာ့နောက်ဆုံးမိဖုရားဟာ မကောင်းပြော အခံရဆုံးပါ။ ဘယ်သူတွေက ပြောကြပါသလဲဆိုတော့ ပါတော်မူ ကာလပတ်ဝန်းကျင်ရဲ့အကြောင်းကို ရေးသားကြတဲ့ နိုင်ငံခြားသားတွေက 'စုဖုရား လတ် အာဏာပြင်းပုံ၊ ဘုရင့်ထက် ဓားထက်ပုံ၊ အမျက်ဒေါသကြီးမားပုံ၊ ရက်စက် ကြမ်းကြုတ်ပုံ' တွေကို အမျိုးမျိုးရေးသားကြပါတယ်။ သီပေါမင်းကတော့ ရိုးတယ်၊ ဖျင်းတယ်၊ မိန်းမကြောက်ရတယ်ဆိုတဲ့ပုံစံမျိုး။ ဒီအရေးအသားတွေကို ဖတ်ရတဲ့ အင်္ဂလိပ်စာတတ် မြန်မာတွေကလည်း သူတို့ရေးသမျှအားလုံးလောက်နီးနီး လက်ခံ ယုံကြည်လိုက်ကြပါတယ်။

တကယ်တော့ သီပေါမင်းဟာ စိတ်ကောင်းနှလုံးကောင်းရှိတယ်၊ အေး တယ်။ မိဖုရားခေါင်က သတ္တိရှိတယ်၊ ထက်မြက်တယ်။ အဲဒီတော့ တကယ်လို့ များ ဗြိတိသျှကို ဖီဆန်ပုန်ကန်မှုတစ်ခုခုကို ပြုမယ်ဆိုရင် မင်းနဲ့မိဖုရားနှစ်ပါး အနက်က မိဖုရားကပဲ ဦးဆောင်မှုပြုတန်ရာတယ်။ ဒါကြောင့် မိဖုရားရဲ့သိက္ခာ ကျချင်တိုင်းကျပြီး ပြည်သူလူထုက စက်ဆုပ်ရွံရှာနေအောင် ဝိုင်းပြီး ဝါဒဖြန့်ထား ကြတာပဲ ဖြစ်ပါလိမ့်မယ်။

မိဖုရားခေါင်ဟာ ရတနာဂီရိမှာ သူ့လက်ခုပ်တွင်း အကျဉ်းသူအဖြစ်နဲ့ တစ်ယောက်တည်း ကျန်တဲ့တာဝ။ လူမမည် သမီးနှစ်ယောက် လက်ဆွဲပြီး ဗြိတိသျှကို အန်တုဝံ့တဲ့သတ္တိ၊ ၂ နှစ်ကျော်ကြာအောင် ကိုယ့်စံအိမ်ထဲမှာပဲ အလောင်းတော်တွေ ကိုပိုက်ရင်း ဂိုက်ပွဲဝင် အရေးဆိုတဲ့လုပ်ရပ်ဟာ သေးတဲ့လှုပ်ရှားမှုမဟုတ်ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့တော့ မိဖုရားခေါင်ကြီးရဲ့လုပ်ရပ်အချို့ကို သိတန်သလောက် သိပါလိမ့်မယ်။ ဆရာကြီးက မိဖုရားခေါင်ကြီး မြန်မာပြည် ပြန်ရောက်တဲ့အခါ ဝင်ထွက်သွားလာ ခစားရုံမက ဗြိတိသျှထောက်ပံ့ကြေးများ နန်းကျမိဖုရားရဲ့ဂုဏ်သိက္ခာနဲ့ လိုက်ဖက်အောင်ပေးဖို့ လှုံ့ဆော်ရေးသားမှုကို ကိုယ်တိုင်လည်း ပြုပါတယ်။ တခြားသတင်းစာဆရာတွေဆီလည်း စည်းရုံးပြီး ရေးသားပေးစေခဲ့ပါတယ်။ မြန်မာနိုင်ငံရေးသမားတွေက ဆောင်ရွက်ပေးကြဖို့လည်း ဆရာကြီးက လိုက်လံချဉ်းကပ်ပါသေးတယ်။ မရတဲ့အဆုံး သူကိုယ်တိုင် နယ်ထွက်ပြီး သရာဇပါတီရဲ့စင်မြင့်ကနေ တရားဟောပြီး မြန်မာ့နောက်ဆုံးမိဖုရားခေါင်ကို နယ်ချဲ့အစိုးရက ထိုက်သင့်တဲ့ငွေများ ထောက်ပံ့ဖို့ ဟောပြောပါတော့တယ်။

အဲဒီရက်တွေမှာပဲ စုံနံ့သာမြိုင်ဋ္ဌီကာကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ဒီးဒုတ်ဂျာနယ်မှာ ပြန်လည်ဖော်ပြစေတာ ဖြစ်ပါတယ်။ ဆရာကြီးနဲ့ ဒီးဒုတ် ဦးဘချို ခင်မင်ရင်းနှီးတာလည်း မှန်ပါရဲ့။ ဦးဘချိုက စုံနံ့သာမြိုင် ရာပုံတော်ကို ကြိုက်နှစ်သက်မှုရှိမှာလည်း ဧကန်ပါပဲ။ နို့ပေမဲ့ ဒါကြောင့် ဒီးဒုတ်ဂျာနယ်မှာ ပြန်လည်ဖော်ပြတယ် မထင်ဘူး။ မိဖုရားခေါင်ကြီး ချို့တဲ့ဆင်းရဲစွာ စံနေတာကို အကြောင်းပြုပြီး နယ်ချဲ့သမား မြန်မာ့အပေါ် ဘယ်ကလောက် မတရားလုပ်တယ် ဆိုတာကို တတ်နိုင်တဲ့ဘက်က တတ်နိုင်သလောက် ဖော်ထုတ်ရှုတ်ချနေတာမျိုး ဖြစ်လိမ့်မယ်ထင်ပါတယ်။

ဒီအတောအတွင်းမှာပဲ ၁၉၂၅ ခု၊ ဒီဇင်ဘာလဆန်းတော့ မိဖုရားခေါင်ကြီး ရန်ကုန်မှာ နတ်ရွာစံတော်မူရှာတယ်။ အသက် ၆၅ နှစ် အရွယ်မှာပေါ့။ မန္တလေးကို တစ်ခေါက်ဖြစ်မချည်း ပြန်လာချင်တော်မူရှာပေမယ့် တစ်သက်လုံး တစ်ခေါက်မှ လာခွင့်မပေးပါဘူး။ ရန်ကုန်မှာစံနေလို့ ၆ နှစ်အကြာ ဆရာကြီး နယ်ကိုတရား ဟောထွက်နေခိုက် နတ်ရွာစံရှာပါတယ်။

အဲဒီမှာ ဆရာကြီးလည်း ရန်ကုန်ပြန်ပြေးလာပြီး ၅-၁၂-၁၉၂၅ နေ့ထုတ် သူရိယသတင်းစာမှာ ဂန္ထဝင်မြောက် သမိုင်းမှတ်တိုင်ထူ **'အသျှင်နန်းမတော်**

mgyoe.com

mgyoe.com SAMPLE BOOK

**မိဖုရားခေါင်ကြီးဘုရား နတ်ထီးကြွင့်နန်း စံမြန်းတော်မူကြောင်း ဖွဲ့ဆိုသော သံဝေဂလေးချိုးကြီး'** ဆိုတဲ့ လေးချိုးကြီးတစ်ပုဒ် ရေးလိုက်ပါတယ်။

* မန်းပလ္လင် ခေတ်မသာတဲ့ သမိုင်းတွင်မှ၊
ကမ္ဘာ့ဗန်းဝင်ဖြစ်ရာ အတိုင်းပေပေါ့၊
ဘန်းယဉ်ယဉ် ချစ်စရာကသိုဏ်းတွေနှင့်၊
မစ္စတာမှိုင်းရယ်လို့ တစ်ဂိုဏ်းတည်ကာဖန်
(အိုကွယ်) အသစ်မြန်မာဆိုင်းမဟဲ့လို့
မြစ်အညာ စကိုင်းရယ်နှင့်၊ တလိုင်းပြည်မှာစံ။ ။

* (သြော်) ဗဟန်းကြွပြန်တော့၊
ဆွမ်းအမ ကွမ်းအမကြီးပေပ၊
စန်းလရဝိတန်ဆောင် နေခြည်ပမာသို့၊
နန်းမ, မိဖုရားခေါင် ဒေဝီရတနာမဖြင့်၊
ရွှေပြည်မြန်မာ မျိုးဟိတ်တအားပေပေါ့၊
ကေသီမာလာတို့ ထိပ်ထားပေလို့၊
စိတ်များမှာ သဒ္ဓါအစဉ်ကြောင့်၊
ဘမရာပလ္လင် ဥကင်အောက်ဆီသို့၊
ဆရာသျှင် အဖူးအမြင်ရောက်စဉ်က၊
အရာရာတွင် ဦးတင်လို့ လျှောက်ပြန်သနဲ့၊
အနောက်ပြည် မဒရပ်ကြွင့်နန်းတွင်မှ၊
ဓာတ်နန်းစံတော်မူတော့၊
ကံချော်သူ ငတို့ မောင်နှမနှစ်ပါးမှာဖြင့်၊
(သြော်) တမှောင့်တမီး၊ မဖြောင့်နည်းမှာတော့၊
အတောင့်မကြီး အသီးမမာ သမီးရတနာများရယ်နှင့်၊
အချုပ်ကျသဟာလို ဒုက္ခဗျာပါပွားပုံနှင့်၊

mgyoe.com

mgyoe.com SAMPLE BOOK

ကုလားပြည်ဝင်နယ်မဖြင့်၊
အပြင်ကျယ် ပင်လယ်ကွန်းပေပေါ့၊
သူ့ကျွန်းရတနာဂီရိတွင်မှ၊
ကြမ္မာလှည့်ရာ တစ်ဖန်စံရတော့၊
ဓမ္မကွန် ပဟိုရ်ရွှေစည်ဆော်ခဲ့တဲ့၊
နေပြည်တော် ဒေါင်းလံအောက်တွင်မှ၊
ကျောင်းကန်တွေကို ပေါင်းလန်အောင် မဆောက်ခဲ့ရလေဘုလို့၊
တောက်ခေါက်ကာ တစ်ခါတစ်ခါ ညည်းရာက၊
ရာထီးပိုင် ပူရှာချင်တော့၊
မနူဟာဘုရင် ပုဂံရောက်ပုံနှင့်၊ စံထောက်ကာ ရှုဖုရားငယ်လို့၊
စုစုဖုရားတင်သဟာနှင့်၊
သင်္ဘောရာကမ္ဘာကြီးတွင်မှ၊ ဗျာမီးဆည်တော်မူ၍၊
ပြည်တော်သူ ရဟန်းရှင်လူအပေါင်းကိုဖြင့်၊
ဆုတောင်းကာ ပတ္တနာခြွေတဲ့ပြင်၊
မာပါစေမေတ္တာပို့ရာက၊ ရွှေမြို့တော် တောင်တမန်းဆီသို့
ယောင်ရမ်းကာ တစ်ခါတစ်ခါမြင်တော့၊
မဟာဝင် ပြဟ္မာက စခဲ့တဲ့၊
မြန်မာမျှာ့အခါ အကြောင်းမတော်သမို့ ရှုံးရသော်လဲ့၊
သာသနာ့ဒါယကာ အလောင်းတော်တို့ ထုံးရယ်နှင့်
ကျင့်သုံးစာဂီ မကြာမီပြည့်အောင်ပ၊
အမြင့်ဆုံးဝါသနာ ဝသီပါရမီဖြည့်ရာက၊
ရတနာဂီရိတစ်ခွင် တောင်တော်အမြင့်ကုန်းတွင်မှ၊
မြန်မာပြည်ကြီးအရှင် မောင်တော်ဖြင့် ဆုံးခဲ့ပေါ့လို့၊
နှလုံးတော် အဖြေခက်ရှာသထင့်၊
ရွှေမျက်ရည် တလယ်လယ်နဲ့၊

mgyoe.com

mgyoe.com SAMPLE BOOK

အရွယ်မနော် မျိုးချစ်ဒကာမတို့ လွမ်းလောက်ပေရဲ့၊
တစ်ဆယ်ကျော်ကိုးနှစ်က ကျွမ်းပုံနှင့်၊
ညွန်းပိမ့်သာပြန်တယ်နော်ကွယ်၊
လွမ်းတစိမ့်စိမ့် သွန်းမနိမ့်ရယ်က
(ဩော်) ခွန်းမိန့်ဗျာသံ။ ။

* အလောင်းတော်ရပ်ကလာပ် အကြွင်းကိုဖြင့်၊
မကောင်းတကောင်းနော် အုတ်ပြာသာဒ်သွင်းခဲ့ရ၊
အရှုပ်ဇာတ်ရှင်းမယ်လို့ ညာမိရည်ရော်ကြဲ၊
သာကီအတည်နော်စံစရာ အခွင့်မသင့်မရာထား၊
(ဩော်) ဇာတိ ပြည်တော်ပြန်မှာဖြင့် မပင့်သာတကား။ ။

* မြန်းလို့ချီလာ၊ နန်းမြို့တည်ရာသို့၊ မမီသာ ကံမစပ်ပုံက
ဆံဓာတ်တော်ကေသီလှူတဲ့၊
ရေကြည်ယမုန် သောင်ငွေကမ်းရယ်နှင့်၊
ရွှေပြည်ဒဂုန် တောင်ခြေခပန်းတွင်မှ
အောင်မြေဗဟန်းမှာ တသိမ်ညှိုးစေဖို့၊
အိမ်ဆိုးငယ်အပေါ်မှာ မဖွယ်သနော် စံရတဲ့အပြင်၊
ဘယ်သော်ကံ ဘယ်ဝဋ်ကြွေးလေသိ၊
ပေးဆက်သဟာ အသပြာ မလောက်မငလေးရယ်နှင့်၊
အေးကွက်မသာ အရာရာ အောက်ကျနောက်ကျတွေးတွေးပြီး။
နောက်ဘဝအရေး မှန်းမျှော်ညွှတ်ပါလို့၊
ဆွမ်းတော်ဝတ် မလှမပ လောင်းရတော့၊
အစစအကြောင်း သံဝေယူလို့မို့၊
ဟံပြေသူ–စောရှင်ပုတို့လို၊ စံအခြေတူ ဇောဘဝင်ရှုပါလို့
ရတနာဒဂုန်ကို အာရုံပြုရတော့သတဲ့၊

mgyoe.com

mgyoe.com SAMPLE BOOK

ပဒမာသီဟာပလ္လင် ညီလာခွင်မှာ ကြားရတော့၊
မအေ့ပမာကို ရသေ့ဆရာကလည်း သနားတာနှင့်၊
အများသော တပည့်ရင်းဒါယကာ သတင်းစာအသင်းတွေရဲ့ပြင်၊
အင်္ဂလိပ်သခင်အခါမှာ တမင်္ဂလာပေါ့။
'အင်ပါယာ' 'စတိုင်' သစ်ကယ်နှင့်၊
'ဒိုင်' ခေတ်မှာ သမ္ဘာကြည်လို့၊
ဘာမထိ အများဘောင်မှာ ကြွားနေကြ၊
အာဇာနည် ငါးထောင်စားတွေနှင့်၊
အားရှိအောင် မဆောင်စွမ်းနိုင်တော့။
တောင်နန်းဘမရာကို အောင်ပန်းမာလာ ဆက်ချင်သနှင့်၊
အထက်မြန်မာရပ်တွင်မှ၊ 'ဆွာရတ်' ဒေသနာကဖြင့်၊
ပြေရှာကို လှည့်ကာဟောမယ်လို့၊
ဘေဒါကေသာ မိကလျာအချောတို့နှင့်၊
တပည့်တကာ ပေါ်သဟာ တောအညာတက်ခဲ့တော့၊
အသက်တရန်ရှယ်တဲ့၊ အန္တရာယ်ရောဂါအတွက်ကယ်နှင့်၊
'အစော' ခမျာမှာ မောရှာမယ့် အချက်တွင်မှ၊
ပြောကာ ဟောကာ ဩဇာမှ မဆက်ရတဲ့အပြင်၊
(သြော်) အထက်ကြွခဲ့မိလို့၊ အဆက်မရမှု၍၊ အဂ္ဂမဟေသီကို
အသက်ကမှ ကဝေမမီလိုက်စေဖို့ အခိုက်အခါ မဟုတ်ပြီလို့၊
ဒုက္ခတော် ဝဋ်ဇာတ်သိမ်းကာပ၊
လွတ်လပ်ငြိမ်းဖွယ် ဘယ်ဝယ်မျှော်၍၊
တကယ်သော် မယ်တော်ဖြင့် မြန်းရော့မယ်လို့…
တောင်ညာ… ရှောင်ခွာလို့ အလှမ်းတွင်မှ၊
နတ်ပြည်မှာ ဓာတ်စည်ဖြင့် ရွှမ်းပေလိမ့်၊
ဘယ်ဆီရှယ်ရည်လို့ မှန်းရပါ့၊

mgyoe.com

mgyoe.com SAMPLE BOOK

(အမယ်မင်း) မန်းနဂရဆီက၊ ဘန်းများ စေတီအလားပေပေါ့။
(သြော်) ကမ္ဘာ့ဌာန်းပြခဲ့တဲ့ ဗဟာန်းက နန်းမဒေဝီ သနားသနားပြီး
(အို ဆွမ်းအမကြီးရဲ့) တနွမ်းနွမ်း တလျှလျှရယ်နှင့်…
(သြော်) တမှန်းမှန်း တတပြီး လွမ်းရချေပြီဘုရား။ ။

မစ္စတာမောင်မှိုင်း ယောဂီဆရာကြီး
(၅-၁၂-၂၅)၊ သူရိယသတင်းစာ ၁၂၈၇ ခု၊ နတ်တော်လဆုတ် (၆) ရက်
(၅၅ နှစ်လည် မိဖုရားခေါင်ကြီး နတ်ရွာစံ အထိမ်းအမှတ်)
[ မိုးဝေမဂ္ဂဇင်း၊ အမှတ်-၁၄၇၊ ဧပြီ၊ ၁၉၈၀ ]

mgyoe.com

mgyoe.com SAMPLE BOOK

# ထူးခြားတဲ့
# မြတောင်ကျောင်းသားကြီး

မြတောင်ကျောင်းတော်ကြီးရဲ့ နှစ် ၁၀၀ သက်တမ်းအတွင်းမှာ မြောက်မြားလှတဲ့ ကျောင်းသား၊ ကိုရင်တွေ မြတောင်ကျောင်းကြီးမှာ လာပြီး ပညာရင်နို့သောက်စို့သွားခဲ့ကြပါတယ်။ ဒီကျောင်းသား ကိုရင်တွေထဲက အင်မတန်ထူးခြားပြောင်မြောက်တဲ့ ပုဂ္ဂိုလ်တစ်ဦး ထွန်းပေါက်ခဲ့ပါတယ်။ ဒီပုဂ္ဂိုလ်ကြီးကတော့ တခြားသူမဟုတ်ပါဘူး၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဘွဲ့ခံဦးလွန်းပါပဲ။

ဆရာကြီးကို ရွှေတောင်မြို့နယ် ဝါးလည်ရွာမှာ ၁၂၃၇ ခုနှစ်က မွေးဖွားခဲ့ပါတယ်။ အသက် ၉ နှစ်သားအရွယ်မှာ ဦးလေးတော်တဲ့ ဦးပဥ္စင်းနဲ့ မန္တလေးမြို့တက်လာပြီး မြတောင်ကျောင်းတော်ကြီးမှာ ဘုန်းကြီးကျောင်းသားငယ်ဘဝနဲ့ ပညာရင်နို့ သောက်စို့ခဲ့ပါတယ်။ ဆရာကြီးနေသွားတဲ့ကျောင်းကတော့ ပထမမြတောင်ဆရာတော်ဘုရားကြီး သီတင်းသုံးသွားတဲ့ မြတောင်ကျောင်းတိုက်ကြီးရဲ့ မြောက်ဘက်မျက်နှာ၊ ကျောင်းအဝင်ဝ အရှေ့ဘက်က စားတော်ဝန်ဦးခဲ ဆောက်လုပ်တဲ့ကျောင်းမှာ ဖြစ်ပါတယ်။ အခုရာပြည့်ဗိမာန်ကြီး ဆောက်ထားတဲ့နေရာပေါ့။ ပထမမြတောင်ဆရာတော်ဘုရားကြီးလည်း ဒီကျောင်းမှာပဲ သီတင်းသုံးတာမို့

mgyoe.com

mgyoe.com

စားတော်ဝန်ဦးခဲ ကျောင်းကို 'ဆတော့်ကျောင်း' လို့လည်း တိုက်တွင်းမှ ခွဲခြား ခေါ်ကြပါတယ်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ မြန်မာနိုင်ငံတစ်နံတစ်လျားလုံး သူများ ‌‌ေအာက် ရောက်ရတဲ့ခေတ်မှာ ကြီးပြင်းခဲ့ရသူမို့ တစ်မျိုးသားလုံး သူ့ကျွန်ဘဝက လွတ်လပ်ရေးအတွက် မြန်မာပြည်သူတွေအနေနဲ့ တိုက်ပွဲဝင်ရာမှာ ရှေ့တန်းက ဦးဆောင်သွားခဲ့တဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။ ဒီလို ဦးဆောင်ပါဝင်ရာမှာ ဆရာကြီးက ပြည်သူ့သတင်းစာဆရာကြီး၊ ပြည်သူ့ကဗျာဆရာကြီးလည်း ဖြစ်ပေတာမို့ စာပေနဲ့ လည်း တိုက်ပွဲအဖုံဖုံကို ဆင်နွှဲသွားခဲ့ပါတယ်။

ဒီလိုဆင်နွှဲရာမှာ ဆရာကြီးရဲ့စာပေအရေးအသားတွေက အလွန်ထူးခြား ပြောင်မြောက်မှုရှိခဲ့တာမို့ မြန်မာစာပေသမိုင်းမှာ ဘယ်တော့မှမတိမ်ကော မပျောက်ကွယ်နိုင်တဲ့ ဂန္ထဝင်စာပေတွေကိုလည်း အများကြီးရေးသားပြုစုထားခဲ့ ပါတယ်။ စာပေတစ်ခု ဂန္ထဝင်မြောက်လာတဲ့အခါ ဒီလူမျိုး မတိမ်ကောမပျောက် ကွယ်သမျှ ဒီစာပေလည်း မတိမ်ကော မပျောက်ကွယ်တော့ဘဲ စာပေသမိုင်းမှာ ကျောက်ဆောင်ကျောင်တောင်ကြီးတွေလို ထင်ထင်ရှားရှားမားမားမတ်မတ် ရပ်တည်လို့နေပါတော့တယ်။

အင်းဝခေတ်မှာ ဂန္ထဝင်မြောက်စာပေတွေကို ရေးသားသီကုံး နှုန်းဖွဲ့နိုင် တဲ့ စာပေသူရဲကောင်းကြီးနှစ်ပါး အရှင်မဟာသီလဝံသနဲ့ အရှင်မဟာရဋ္ဌသာရရယ် လို့ ပေါ်ထွန်းခဲ့ပါတယ်။ ဒီဆရာတော်နှစ်ပါး ရေးဖွဲ့သွားတဲ့ စာကဗျာတွေက ကောင်းမွန်လွန်းလို့ ပြည်သူတွေက နှုတ်တက်ရွရွ ရွတ်ဆိုချင်လို့ သူ့ထက်ငါဦး ကျက်မှတ်ကြတယ်။ အလျဉ်းသင့်တိုင်း ဆရာတော်နှစ်ပါးရဲ့စာများကို ကိုးကား တယ်၊ အသုံးပြုတယ်။

အဲဒီစာကဗျာတွေဟာ ကနေ့ထက်တိုင် မြန်မာအမျိုးသားတွေ နေ့တိုင်း ပြောနေတဲ့ စကားတွေထဲမှာ အပိုဒ်လိုက်၊ အတွဲလိုက် ပါဝင်နေပါသေးတယ်။ အနှစ် ၅၀၀ ကျော်ပေမယ့် ဆရာတော်တို့ ရွေးချယ်သီကုံးနှုန်းဖွဲ့ခဲ့တဲ့ စကားတွေ၊ ဥပမာ–ဥပစာတွေကို လူတွေက မြတ်မြတ်နိုးနိုး ကနေ့အထိ သုံးစွဲနေကြတုန်းပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါဟာ အင်မတန်ကောင်းတဲ့စကားလုံးတွေကို ရသမြောက်အောင် ရေးဖွဲ့တော်မူနိုင်ခဲ့ကြလို့ဖြစ်ပါတယ်။

သူ့ကျွန်ဖြစ်ခဲ့ရတဲ့ ကျွန်တစ်ခေတ်လုံးမှာ မြန်မာ့နိုင်ငံရေးသမိုင်း၊ မြန်မာ့လူမှုရေးသမိုင်း၊ မြန်မာ့နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက အလွန်ပြောင်မြောက်တဲ့ မဟာလေးချိုးကြီးတွေရေးဖွဲ့ပြီး မော်ကွန်းထိုးသွားခဲ့ပါတယ်။ ဆရာကြီးရဲ့စာကဗျာတွေကလည်း ပြည်သူတွေရဲ့ဘဝ ထင်ဟပ်ချက်တွေမှာ ထိမိလွန်းလို့၊ စကားလုံးပြောင်မြောက်လွန်းလို့ အင်မတန်နှစ်ခြိုက်သဘောကျပြီး အလွတ်ကျက်ထားကြ၊ အလျဉ်းသင့်တိုင်း ထုတ်နုတ်ကိုးကားနေကြပါတယ်။ အင်းဝစာဆို ဆရာတော်နှစ်ပါးရဲ့စာက ဘာသာရေး၊ လူမှုရေးနဲ့ယဉ်ကျေးမှုဆိုင်ရာ ကဗျာတွေ ဖြစ်ပါတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့စာတွေက ပြည်သူတွေရဲ့ တိုက်ပွဲအထွေထွေကို မော်ကွန်းထိုးတဲ့စာကဗျာတွေဖြစ်ပါတယ်။

ဒါကြောင့် ကမ္ဘာ့သမိုင်းမှာ အမည်းမှောင်ဆုံးအချိန်၊ ဗြိတိသျှနယ်ချဲ့ရဲ့ ကျွန်သပေါက်ဖြစ်ရတဲ့အချိန်ကို သမိုင်းက ပယ်ဖျောက်လို့မရသလို ဒီဘဝက လွတ်မြောက်အောင် ပြည်သူတွေက ဘယ်လိုလှုပ်ရှားရုန်းကန်ခဲ့ရတယ်ဆိုတဲ့ လူထုအုံကြွလှုပ်ရှားမှုသမိုင်းကြီးကလည်း ဘယ်တော့မှ ပျောက်ကွယ်မှာမဟုတ်ပါဘူး၊

ဒါတွေကို ရသအပြည့်နဲ့ ဂုဏ်မြောက်တဲ့ကဗျာစာပေနဲ့မော်ကွန်းထိုးမှတ်တမ်းတင်ထားတဲ့ ဆရာကြီးရဲ့စာပေတွေကလည်း မြန်မာ့သမိုင်းရှိနေသရွေ့၊ မြန်မာစာပေရယ်လို့ရှိနေသရွေ့ တပြောင်ပြောင်ထွန်းလင်းနေတဲ့ ကြယ်ကြီးတွေလို ထင်ရှားနေမှာပါပဲ။

ဆရာကြီးက သူမြတောင်ကျောင်းတော်ကြီးမှာ ပညာသင်ကြားခဲ့ရလေတော့ ကျောင်းတော်ကြီးရဲ့ကျောင်းအမကြီးကိုလည်း ဘယ်တော့မှမမေ့ဘူး။ ဒါကြောင့် အချက်ပေါ်လို့ အခါသင့်တိုင်း သူ့စာတွေမှာ မော်ကွန်းထိုးပါတယ်။ ရတနာဂီရိမှာ အကျယ်ချုပ်ချထားတဲ့ သီပေါဘုရင် အနှစ် ၃၁ ကြာတဲ့အခါ တစ်ပြည်တစ်နိုင်ငံမှာ နတ်ရွာစံတော့ မိဖုရားခေါင်ကြီးကို အင်္ဂလိပ်အစိုးရက မြန်မာနိုင်ငံပြန်ပို့ပါတယ်။ ရန်ကုန်မြို့မှာ မိဖုရားခေါင်ကြီး နန်းကျမိဖုရားအဖြစ်နဲ့

mgyoe.com

ညှိုးညှိုးငယ်ငယ်စံနေရတော့ မိဖုရားခေါင်ကြီးဆီ မကြာမကြာ ဝင်ထွက်ခစား တယ်။ ခစားတဲ့အခါ မလောက်မင ပေးကမ်းထောက်ပံ့ချက်နဲ့ မိဖုရားခေါင် စံနေရတာကို မြင်တော့ မိဖုရားကြီးဟာ သူ့ကျောင်းသူ့ကန်ကို ပိုက်ဆံသာရှိရင်ဖြင့် ပြင်ချင်ရှာလိမ့်မယ်။

ခုတော့ နိစ္စဘတ်ဆွမ်းကလေးတောင် မလှမပလောင်းနေရရှာတယ်ဆိုပြီး အလွန်စိတ်ဆင်းရဲမိလို့တဲ့၊ 'စစ်ကိုင်းပြန် မှာတော်ပုံ' ဆောင်းပါးမှာ မြတောင် ကျောင်းကြီးဘွဲ့ တေးထပ်တစ်ပုဒ်ကို ရေးစပ်ခဲ့ပါတယ်။

## မြတောင်တိုက်တော် ဘွဲ့တေးထပ်

ဆဇယာဒ္ဒါဇေ၊ ခါနွေလကူးသော်၊ သာပေစွ မြူးပျော်သည်၊ တန်ခူး နော်လတွင်း။ နန်းမတော်ဒေဝီ၊ မဟေသီတောင်းဆုပန်နှင်း။ တိုက်မဏိ သေလာရုံ၊ ဖေယျာဘုံဖန်ဆင်း။ ရတနာပုံနယ်အတွင်းတွင်ဖြင့်၊ အမယ် မင်းခံ့အင်။ တလျှံလျှံ ဖန်မှန်လောင်း၊ ရံရွှေကျောင်း ရှစ်ရပ်ထိန်လွင်။ ဘုံလေးဆင့်တိမ်ပြင်မှာ၊ စိန်ဒရင်လျှံမောင်းတဲ့၊ မှန်ကျောင်းတော့် ဝေယန့်သာခေါင် နေရဗန့်တန်ဆောင်။ ရွှေမြင်းမိုရ်မြတောင်ကို၊ အို မြအရောင် ယှက်သန်းလို့လေး။ ။

ပြီးတော့မှ အရင်က အင်မတန်ရွှေရောင်မြရောင်တွေနဲ့ ထိန်ထိန်ညီးခဲ့တဲ့ ရွှေကျောင်းတော်ကြီးဟာ ခုတော့ဖြင့် ကျောင်းအမကြီးမှာ နန်းကျမိဖုရားကြီးအဖြစ်နဲ့ ဆင်းရဲနွမ်းပါးနေရှာလို့ ဘယ်လိုမှမပြုပြင်နိုင်တော့ဘူးလို့ ရင်ထုမနာ ရေးသားခဲ့ ပါတယ်။

၁၉၃၈ ခုနှစ်မှာ တက္ကသိုလ်ကျောင်းသားသမဂ္ဂကြီးက ထုတ်ဝေတဲ့ သမဂ္ဂ မဂ္ဂဇင်းက ဆရာကြီးကို ဆောင်းပါးတောင်းတော့ ဆရာကြီးက တစ်မျိုးသားလုံး သူ့ကျွန်ဖြစ်ရတဲ့မြင်ကွင်း သူ မြတောင်ကျောင်းသားဘဝက မြင်လိုက်ရတယ်။ အရှင်နှစ်ပါးကို ကုလားဖြူတွေ ဖမ်းသွားတော့ မြတောင်ကျောင်းပေါ်ကနေပြီး ဦးပဥ္စင်းတွေရဲ့ခြေကြိုခြေကြားက ချောင်းကြည့်ရင်း မြင်လိုက်ရတယ်။ အဲဒီမှာ

mgyoe.com

mgyoe.com SAMPLE BOOK

သူ့စိတ်ထဲ တို့တစ်မျိုးသားလုံး ကျွန်ဖြစ်ရပါပကောလို့ အင်မတန်မခံချင်တဲ့စိတ်တွေ ဝင်လာပြီး လက်နက်နဲ့ပြန်လည်ခုခံချင်မိတယ်။ နယ်ချဲ့သမားကို တော်လှန်ချင်တဲ့ ဗီဇသန္တေဟာ အဲဒီကတည်းက သူ့စိတ်ထဲ ကိန်းအောင်းခဲ့တယ်လို့ တက္ကသိုလ် ကျောင်းသားသမဂ္ဂစာစောင်ကို ရေးပေးတဲ့ မဟာလေးချိုးကြီးမှာ ယောဒီလို ထည့်သွင်း ရေးစပ်ခဲ့ပါတယ်။

**"သာသနာမြေပလ္လင် အသရေလှပေတဲ့**

**ရွှေမြတောင်သာတဲ့ တိုက်ဆီက နေလနှစ်ဆောင် ပါတော်မူတဲ့ အနိုက်**

**ကိုဖြင့်၊ ကတိုက်ကရိုက် အမြန်မြင်လိုက်တော့ မခံချင် မာန်ဝင်တဲ့ အစွမ်း**

**ရယ်နှင့် (သြော်) မန်းအပျက်တွင်ဖြင့်၊ ကြေငှန်း မက်လိုက်ရပုံက၊**

**ပခန်းထွက်တဲ့ပြီး၊ အကြမ်းဖက်ရော့မဟဲ့လို့၊**

**ငမ်းငမ်းတက် သရေယှိအောင်**

**နန်းဆက်အမွေကိုလည်း မှန်းမိတဲ့ပြင်"**

လို့ တက္ကသိုလ်သမဂ္ဂ အိုးဝေမဂ္ဂဇင်းမှာ ရေးဖွဲ့ခဲ့ပါတယ်။

တစ်မျိုးသားလုံး သူ့ကျွန်ဖြစ်ရတာ၊ တစ်နိုင်ငံလုံး သူများလက်အောက် ကျရောက်ရတာကို မြတောင်တိုက်ပေါ်က သူကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင် လိုက်ရပုံကို မော်ကွန်း ဒီလိုထိုးလိုက်တော့ မြတောင်ရွှေကျောင်းကြီးပါ မြန်မာ့ သမိုင်းမှာ မော်ကွန်းထိုးပြီးသား ဖြစ်သွားရပါတော့တယ်။

ဆရာကြီးက ပါတော်မူမြင်ကွင်းကို မြတောင်ကျောင်းတော်ကြီးနဲ့ ပူးတွဲ ချည်နှောင်ပြီး စာပေမှာ သမိုင်းမှတ်တိုင်ကြီးစိုက်ခဲ့တာမို့ မြန်မာလူမျိုး မပျောက်ကွယ် သမျှ မြန်မာစာပေ မတိမ်ကောသမျှ မြတောင်ဆိုတဲ့ အမည်နာမဟာလည်း တိမ်ကော ပျောက်ကွယ်ခြင်း မရှိနိုင်တော့ဘူး။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း ၁၃၃၇ ခုနှစ်မှာ အသက် (၁၀၀) ပြည့် တာမို့ ရာပြည့်မွေးနေ့သဘင်ကို အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကျင်းပကြတော့လည်း ဆရာကြီး စတင်ပညာရှာမှီးရာ မြတောင်တိုက်ကြီး၊ သူ့ကျွန်

mgyoe.com

mgyoe.com SAMPLE BOOK

မခံ အလံမလှဲ နယ်ချဲ့သမားကို တော်လှန်လိုတဲ့ဆရာကြီးရဲ့မျိုးချစ်စိတ်ကို လှုံ့ဆွပေးခဲ့တဲ့ မြတောင်တိုက်ကြီး၊ ကိုယ့်မင်းကိုယ့်ချင်းနဲ့နေခဲ့ရတုန်းက နောက်ဆုံး မြန်မာဘုရင်ရဲ့မိဖုရားခေါင်ကြီး ဆောက်လုပ်လှူဒါန်းသွားတဲ့မြတောင်တိုက်ကြီး ကိုလာပြီး တိုက်တွင်းရှိသံဃာအပါး ၁၀၀ ကျော်ကို ထောပတ်ဆွမ်းများ ကပ်လှူ ခဲ့ကြပါတယ်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း ရေးသားပြုစုသွားတဲ့၊ နယ်ချဲ့ဆန့်ကျင် ရေး၊ အမျိုးသားလွတ်လပ်ရေးစာပေတွေ အခွန့်ရှည်လို့ တည်ထွန်းတာနဲ့အမျှ ဆရာကြီးပညာသင်ယူသွားတဲ့ မြတောင်ကျောင်းတိုက်ကြီးဟာလည်း အခွန့်ရှည်လို့ တည်နေမှာ ဖြစ်ပါတယ်။

[ မြတောင်သာသနာ နှစ်တစ်ရာ ၊ ဇန်နဝါရီ (၁) ၊ ၁၉၈၃ ]

mgyoe.com

mgyoe.com SAMPLE BOOK

# ရွှေကိုင်းသားဆရာတော်

ရွှေကိုင်းသားဆရာတော် ဦးသောဘိတ ၂၉-၆-၈၇ ရက်နေ့က ပျံလွန်တော်မူရှာတယ်။ မြန်မာအမျိုးသားယဉ်ကျေးမှု အနုပညာဆိုင်ရာနဲ့ သမိုင်းကြောင်းဆိုင်ရာတွေမှာ အင်မတန်အားကိုးရတဲ့ပုဂ္ဂိုလ်မို့ အစားထိုးမရတဲ့ ကြယ်ကြီးတစ်ပွင့် ကြွေရှာပြန်ပြီလို့ ပင့်သက်ချနေမြောရပြန်တယ်။

ဆရာတော်ဟာ မပျံလွန်တော်မူမီက စစ်ကိုင်းနဲ့မန္တလေးဆေးရုံပေါ်မှာ သုံးလနီးပါး ဝေဒနာခံစားသွားရရှာတယ်။ ဧပြီလတစ်ရက်နေ့ ညနေသုံးနာရီလောက်က သူ့ကျောင်း အနုရုဒ္ဓါမှာ ဆရာတော်လေဖြတ်သွားတယ်လို့ ဆရာတော့်တူမ မတွတ် ကျွန်မဆီလာပြီး ၃ ရက်နေ့က အကြောင်းကြားပါတယ်။ ဒါဆိုရင် စစ်ကိုင်းဆေးရုံကို အမြန်ဆုံးတင်ပါလို့ မှာလိုက်တော့ မတွတ်တို့က စစ်ကိုင်းဆေးရုံကို နေ့ချင်းတင်လိုက်ကြပါတယ်။ ဆေးရုံပေါ်ကို ကျွန်မနဲ့ကိုစောလွင်တို့ သွားကြည့်ကြတော့ လေဖြတ်ထားတဲ့လူနာများထုံးစံအတိုင်း ဘယ်သူလာတယ်၊ ဘယ်ဝါလာတယ်ရယ်လို့ ဆရာတော်ကမသိရှာပါဘူး။ မတွတ်တို့မောင်နှမပဲ ဆရာတော့်အနားမှာ နေ့ညမပြတ် စောင့်ရှောက်နေကြတယ်။ အရင်ဓားပြတိုက်ခံရတုန်းက ဆရာတော်ဆေးရုံတက်ရတော့ ကျွန်မနဲ့ဦးလှက စစ်ကိုင်းဆေးရုံကို မကြာမကြာ

mgyoe.com

mgyoe.com
SAMPLE BOOK

ရောက်ကြတယ်။ ဒီတစ်ခါတော့ ဓာတ်ဆီက ရှားလွန်းလို့ ခဏခဏမကူးနိုင်ဘူး၊ ၄-၅ ရက်နေမှ တစ်ခေါက်သွားနိုင်တော့တယ်။ မတွတ်ကိုတော့ အချိန်မရွေး ဖုန်းဆက်ဖို့၊ လိုတာပြောဖို့ မှာရတယ်။ ဆရာတော့်ဆီကို လူက မရောက်ပေမယ့် စိတ်ကတော့ ရောက်လို့ချည်းနေပါတယ်။ ကိုယ်နေ့တိုင်းလာကြည့်နိုင်မယ့် မန္တလေး ဆေးရုံကို တင်ပါလို့ ပြောချင်ရဲ့၊ ဆရာတော့်အားမှာ အမြဲတမ်းယုယပြုစုကုသနေတဲ့ တူမတွေ၊ တူတွေအားလုံး စစ်ကိုင်းကချည်းဖြစ်လေတော့ သူတို့အတွက် ငဲ့ညှာပြီး မန္တလေးရွှေ့ဖို့ မပြောရက်ဘူး။ ဆရာတော်အခြေအနေကတော့ ဘယ်နေ့သွားကြည့် ကြည့် ဒီလိုပါပဲ။ ဘယ်သူမှန်း ဘယ်ဝါမှန်းမသိဘူး၊ မျက်စိမှိတ်ထားပြီး အသက် မှန်မှန်ရှူနေတာပဲ။ ပါးစပ်က အာဟာရမယူနိုင်လေတော့ နှာခေါင်းကနေပြီး ပိုက်နဲ့ အာဟာရအရည်ကို သွင်းပေးနေရတယ်။

၂၂-၄-၈၇ နေ့မှာတော့ မန္တလေးဆေးရုံကို စစ်ကိုင်းဆေးရုံက ရွှေ့ပို့လိုက် လို့ ဆရာတော် မန္တလေးသံဃာ့ဆေးရုံကို ရောက်လာပါတယ်။ မန္တလေးရောက် တော့ နေ့တိုင်းသွားကြည့်နိုင်ပြီလေ။ ဆရာဝန်ကြီး ဦးထွန်းသင်က ဆရာတော့်ကို ဂရုစိုက်ရှာတယ်။ နေ့တိုင်းလာကြည့်ပေးပါတယ်။ ဆရာတော်အခြေအနေကတော့ ညနေတိုင်း ကျွန်မသွားကြည့်တဲ့အခါ အာဟာရရည် ၆ ပုလင်းသွင်းရတဲ့အနက်က ထမင်းရည်၊ ဒါမှမဟုတ် ကြက်စွပ်ပြုတ်ရည်၊ ဒါမှမဟုတ် နို့မှုန့်၊ ဒါမှမဟုတ် ဟောလစ်၊ ဒါမှမဟုတ် သံပရာရည်များကို တစ်ခုမဟုတ်တစ်ခု နှာခေါင်းက သွင်းပေးနေတာရင်လည်း တွေ့ရမယ်။ အနာတွေကို ဆေးကြောသုတ်သင်ပေးနေတာ ရင်လည်း တွေ့ရမယ်လေ။ နေ့ဆရာမ၊ ညဆရာမလည်း ခေါ်ထားရတယ်။ အာဟာရသွင်းတော့ ရန်ကုန်ကနေပြီး သူရိယဦးသန်းမောင် CASILAN ကာစီလန် ဆိုတဲ့ အလွန်အာနိသင်ကြီးတဲ့အားဆေးမှုန့် နိုင်ငံခြားကမှာပြီး တကူးတကန့် တစ်ဘူးပြီးတစ်ဘူး ပို့ပေးလို့ ၅ ဘူးတိုင်တိုင် အာဟာရထဲမှာ ထည့်ပေးရတယ်။ ကြက်ဥကလည်း တစ်နေ့ ၄ လုံး အာဟာရထဲ ထည့်သွင်းရပါတယ်။ ဒါကြောင့် ဆရာတော်ဟာ သတိကောင်းမလာသေးပေမယ့် ရုပ်ရည်ကကျမသွားပါဘူး။ ကြည်ကြည်လင်လင်ပါ။ နှုတ်ခမ်းတွေ ဘာတွေလည်း သွေးရောင်နဲ့ပါ။ ဆရာတော်

mgyoe.com

သတိကောင်းလာစေမယ့် ဆေးတွေကလည်း နေ့တိုင်းတိုက်ကျွေးနေတာပဲ။ အရိုးတောင်းဦးကျော်သိန်းလှူတဲ့ ဆေးကလည်း ကောင်းလှသတဲ့။ အနာတွေကတော့ စစ်ကိုင်းမှာ ဆေးရုံတင်ပြီးလို့ ၃ ရက်မှ မပြည့်သေးဘူး။ BED SORE ခေါ်တဲ့ အိပ်ရာကျောကပ်ဖြစ်ရင် အိပ်ရာကြောင့် ပွန်းတဲ့အနာမျိုးတွေ ဖြစ်လာပါတယ်။ ဒီအနာတွေက တော်ရုံသဖြင့် မပျောက်ပါဘူး။ ရောမမီးလောင်ဖူးကြီးတွေလို ဖြစ်လာပြီး စောင်းအိပ်လို့ အိပ်ရာနဲ့ ထိသမျှနေရာတွေ၊ ပခုံးလို တင်ပါးစောင်းလိုနေရာမျိုး၊ ပက်လက်အိပ်လို့ အိပ်ရာနဲ့ထိသမျှနေရာတွေ၊ နားရွက်ဖိအိပ်လို့ ဖိမိသမျှ နားရွက်နှစ်ဖက်လုံး အားလုံးနေရာတွေမှာ အနာတွေဖြစ်လာတာ။ ဖနောင့်တွေမှာတောင် မကျန်ပါဘူး။ တစ်နေ့ နှစ်ကြိမ် ဒီအနာတွေကို ဆေးထည့်ရတယ်။ ထည့်ပြီဆိုရင် အနာတွေကကြီးလွန်းလို့ မြင်ရက်စရာမရှိဘူး။ ဆရာတော်ဟာ သတိမရှိလို့သာပေါ့၊ သတိသာရှိနေရင် နာတာနဲ့ဒုက္ခဖြစ်နိုင်ပါတယ်။ ပြီးတော့ နေကောင်းစဉ်က အလွန့်အလွန် သူတစ်ထူးကိုအားနာတတ်၊ ရှက်တတ်တဲ့ဆရာတော်၊ ဒီဝေဒနာမျိုး ခံစားနေရတာမြင်တော့ ဩော်... သတိသာရှိရင် 'ဆေးကု မနေကြပါနဲ့တော့'လို့ ဆရာတော်ကပြောမှာပဲလို့ အောက်မေ့မိပါတယ်။ သတိမရပေလို့သာပဲ၊ ဗျာဓိဒုက္ခကဖြင့် ကြီးလေးရှာလိုက်တာပါ။

မန္တလေးသံဃာ့ဆေးရုံအဆောင်ပေါ်မှာ နှစ်လကျော်လာတော့ ဆရာတော်ဟာ ပိုက်နဲ့သွင်းရတဲ့အစာကိုပဲ အစာအိမ်က ကောင်းကောင်းလက်မခံတော့သလို ၂၆–၆–၈၇ နေ့ကတော့ တချို့ပြန်ထွက်လာတာ တွေ့ရပါတယ်။ ပြီးတော့ မျက်နှာလည်း သိသိသာသာကျဆင်းလာတယ်။ ဒါကြောင့် တူမ မတွတ်က ကျောင်းပြန်ပင့်ရရင် ကောင်းမလားလို့ တိုင်ပင်ပါတယ်။ ဆရာဝန်တချို့နဲ့တိုင်ပင်တော့ အခြေအနေဆုတ်ယုတ်လာတာတော့ အမှန်ပဲဆိုလို့ အဲဒီနေ့ပဲ အနုရုဒ္ဓါချောင်ကို ပြန်ပင့်ကြရပါတယ်။ ၂၉ ရက်နေ့ကတော့ သူ့ချောင်မှာပဲ ဆရာတော် ခန္ဓာဝန်ကို ချတော်မူသွားပါတော့တယ်။

ဆရာတော့်ရုပ်ကလာပ်ကို ၃၀ ရက်နေ့က ကျွန်မသွားဖူးတော့ ပိန်ပြီးစိတ်သွားပြီမို့ ငယ်ငယ်လူဝတ်နဲ့ အရွယ်တုန်းက ရုပ်ရည်မျိုး ပြန်ဖူးတွေ့ရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

၃–၇–၈၇ နေ့ကတော့ မဟာသစ်ဝင်ချောင်ဆရာတော်၊ မင်းကျောင်းဆရာတော်၊ သိမ်တော်ဆရာတော်၊ ပတ္တမြားစေတီဆရာတော်၊ ကြည့်မြင်တိုင်ဆရာတော်၊ မြတောင်ဆရာတော်၊ ပုညရှင်ဆရာတော်၊ ရေဦးတိုက်သစ်ဆရာတော်၊ ရှစ်မျက်နှာချောင်ဆရာတော် စတဲ့ဆရာတော်တွေ အစုံအညီကြွရောက်ပြီး နိဗ္ဗာန်ကျောင်းချခန်းဖွင့်သဘင်ဆင်ယင်ပြီး ဝါဆိုလပြည့်ကျော် ၈ ရက်၊ ၁၈–၇–၈၇ နေ့မှာ သံဃာသက်စေ့ပင့်ဖိတ်၊ ဆွမ်းကပ်လှူဒါန်းပြီး မီးသင်္ဂြိုဟ်တဲ့ အဂ္ဂိဈာပန အန္တိမပူဇော်ပွဲကျင်းပမယ်လို့ ဆုံးဖြတ်ကြပါတယ်။

ဆရာတော် နှစ်အကြာဆုံး သီတင်းသုံးသွားတဲ့ အနုရုဒ္ဓါချောင်ရဲ့ဝန်းကျင်မှာပဲ ဆရာတော်အရိုးအိုး ဂူတည်ထားမယ်။ ဆရာတော်ရဲ့ရုပ်တုတစ်ခု ဆွမ်းဦးပုညရှင်ဘုရားရင်ပြင်မှာ ဆရာတော့်လက်ရေး၊ စာအုပ်စတဲ့ပစ္စည်းများထားရှိပြသထားမယ့် ပြတိုက်ကလေးထဲမှာ ထားရှိမယ်လို့ အကြမ်းဖျင်း စည်းဝေးဆုံးဖြတ်ထားပါတယ်။

ရွှေကိုင်းသားအမည်ခံဆရာတော်ဟာ ၁၉၃၆ ခုကစပြီး ဓားပြတိုက် ခံရတဲ့ ၁၉–၄–၁၉၈၁ ခုအထိ နှစ်ပေါင်း ၄၅ နှစ်လုံးလုံး ကလောင်မချတမ်း မြန်မာမှုနဲ့ဆိုင်တဲ့ အမျိုးသားယဉ်ကျေးမှုဆိုင်ရာတွေကို ထောင့်စုံက ရေးသားသွားခဲ့ပါတယ်။ သမိုင်းအမြင်တွေနဲ့ ချဉ်းကပ်ရေးသားတာတွေလည်း မနည်းပါဘူး။ နှောင်းလူတွေမှီငြမ်းကိုးကားရမယ့်စာမျိုးချည်းပါ။ ဆရာတော်က သာသနာ့ဆောင်ကို မဝင်ခင်ကကျောက်စာဌာနလို့ ရှေးကခေါ်တဲ့ ရှေးဟောင်းသုတေသနဌာနမှာ ပုံဆွဲနဲ့ ဓာတ်ပုံဆရာအဖြစ် တာဝန်ယူခဲ့သူဖြစ်လေတော့ ဆရာတော်ရေးတဲ့ မြန်မာမှုဆောင်းပါးတွေမှာ အကိုးအကားပန်းချီတွေ၊ ဓာတ်ပုံတွေနဲ့ အားလုံးအခိုင်အမာချည်း ဆရာတော်က ရေးသားဖော်ပြခဲ့တာပါ။

၁၉၈၁ ခုနှစ်တုန်းကတော့ ဆရာတော် ဓားပြတိုက်ခံလိုက်ရပါတယ်။ စစ်ကိုင်းတောင်ရိုးပေါ်မှာ သံဃာနည်းနည်းနဲ့သီတင်းသုံးနေတဲ့ သူတော်ကောင်းတွေကို ဓားပြများက မိုက်မဲလှသူတွေမို့ အနိုင့်ကျင့်သွားကြတဲ့သဘောပါ။ တစ်ညတစ်ညကို နှစ်ချောင်သုံးချောင်ဆက်တိုက်ပါတယ်။ ဧပြီ ၁၉ ရက်နေ့က ည

mgyoe.com

mgyoe.com
SAMPLE BOOK

၉ နာရီသာသာလောက် ရှိပါသေးသတဲ့။ ဓားပြများ ကျောင်းကိုရောက်လာပြီး ဆရာတော်ကိုရိုက်နှက်ပြီး ရှိပစ္စည်းကို မွှေနှောက်ယူငင်သွားကြပါသတဲ့။ တကယ်တော့ ဆရာတော့်မှာ ငွေဆိုလို့ ဆန်ဖိုး၊ ဆီဖိုး စာအုပ်ကြားမှာညှပ်ထားတဲ့ ငွေ ၃၁၂ ကျပ်ပဲရှိတာပါတဲ့။ ဒါကိုလည်း တွေ့သွားတာမဟုတ်ပါဘူး။ ရိုက်နှက်ထားခဲ့တာကတော့ နောက်တစ်နေ့ ဆရာတော်နဲ့အတူ ဓားပြတိုက်ခံရတဲ့ မြောက်ဘက်က ချောင်ချင်းကပ်လျက်က သိမ်တော်ဆရာတော်ပါ နှစ်ပါးစလုံးကို ဆေးရုံတင်ရတဲ့အခါ ဆရာတော့်မှာ သွားတစ်ချောင်းကျိုးသွားတယ်။ နံရိုးတစ်ချောင်း ကျွံနေရစ်တယ်၊ ခေါင်းမှာ ဦးခွံရိုးတစ်နေရာ ပိန့်ဝင်သွားတယ်။ တစ်ကိုယ်လုံး အရှိုးအစင်း အညိုအမည်းတွေကတော့ ရစရာမရှိဘူး။ ကျောရောရင်ရော လက်မောင်းတွေပေါ်မှာရောပဲ။ စစ်ကိုင်းဆေးရုံမှာ ရက်ပေါင်း ၂၀ ကျော် ကုသယူရပါတယ်။

ဆရာတော်တို့ကို ဒီလိုရက်စက်စွာ ပြုလုပ်သွားတဲ့လူမိုက်တွေအကြောင်း ကျွန်မက သိချင်လို့၊ ရေးချင်လို့ ဆရာတော်ကို ဓားပြတိုက်ပုံ မေးလျှောက်ပါတယ်။ ဓားပြတွေက ဘယ်လိုဝင်လာသလဲဘုရား၊ ပါးစပ်က ဘာပြောသလဲဘုရား၊ ဘယ်လိုရိုက်နှိက်သလဲဘုရား စသဖြင့် မေးလျှောက်တဲ့အခါ ဆရာတော်က ဘာမှမပြောတတ်တော့ပါဘူး။ ဘယ်နှရက်ခြားပြီး ဘယ်နှခါလျှောက်လျှောက်၊ ဘယ်နှနှစ်ဘယ်နှလနေမှလျှောက်လျှောက် ကျွန်မကိုသာ လှမ်းကြည့်နေပါတော့တယ်။ ဘယ်နှကြိမ် လှည့်ပတ်မေးမေး ဘာမှမပြောတတ်တော့ဘူး။ ရေအိုးကို ရိုက်ခွဲသွားတယ်ဆိုတာဖြင့် ပြောရဲ့။ ကျွန်မက ပထမတော့ စိတ်မချမ်းမြေ့စရာကိစ္စ၊ ကုသိုလ်စိတ် မဖြစ်ပေါ်နိုင်တဲ့ကိစ္စကြီးမို့ ဆရာတော်က တမင်မပြောတာဘဲထင်တယ်လို့အောက်မေ့ပြီး စိတ်ထဲမချင့်မရဲဖြစ်မိပါတယ်။ နို့ပေမဲ့ ခုလိုကြာကြာလာတဲ့အခါတော့ ဆရာတော်ဟာ ဟိုအချိန်တုန်းက အလွန်ကြောက်ရွံ့တုန်လှုပ်လိမ့်မယ်၊ အလွန်လည်း နာကျင်ပေလိမ့်မယ်။ ပြီးတော့ ခေါင်းထိတဲ့ ဒဏ်ရာတွေက ဘာကိုမှ စီကာပတ်ကုံးပြောနိုင်လောက်အောင် သတိမရှိတော့လို့ နေမှာပဲလို့ တွေးမိပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဆရာတော်ရဲ့သည်းခံနိုင်စွမ်းက အံ့မခန်းပါ။ ဆရာတော် တစ်နေ့ကုန်နေပြီး တစ်ညလုံးကျိန်းတဲ့ ကျောင်းငယ်ငယ်လေးပေါ်မှာ လင်းမြွေကြီးတစ်ကောင်ရှိပါတယ်။ ဒီမြွေကြီးက ညတိုင်ရင် ဆန်အိုးကိုနှိုက်တဲ့ကြွက်တွေကို လာချောင်းသလား၊ ဖမ်းသလားမသိ၊ သူရောက်နေကြောင်း ခဏခဏအသံပေးပါတယ်။ ဂျိုးဂျိုးဂျောင်းဂျောင်း ညတိုင်းလုပ်တာပါ။ ဒီမြွေကြီးကို ဆရာတော်က ကြောက်ပါတယ်။ ကျောင်းပေါ်မှာ ဆရာတော်နဲ့မြွေကြီးနဲ့သာ ရှိတာကလား။ နို့ပေမဲ့ မြွေကြီးကျောင်းပေါ်ကို မလာဝံ့အောင် ဘယ်လိုမှမလုပ်ပါဘူး။ ဒီအတိုင်းပဲ သည်းခံနေတာပါ။ ကျွန်မတို့ ခဏတစ်ဖြုတ်လာတဲ့လူကတောင် မြွေကြီးကို ကြောက်ပါတယ်။ ဒါကြောင့် မြွေကြီးလာတဲ့အခါ နောင်မလာဝံ့အောင် ဝါးလုံးရှည်တွေနဲ့ အသံပေး ခြောက်လှန့်ထုတ်ဖို့ လျှောက်ပါတယ်။ ဆရာတော်က နေပါစေလို့ပဲ ပြောပါတယ်။ ကျွန်မတို့လည်း မခြောက်လှန့်ကြရပါဘူး။ ဆရာတော်ကလည်း အဲသည်လောက် သည်းခံတဲ့ ပုဂ္ဂိုလ်ပါ။

မားပြတိုက်ခံရပြီးတဲ့နောက်တော့ ဆရာတော်ဟာ ခွေးဟောင်သံကြားတိုင်း နောက်တစ်ကြိမ်များ ဓားပြတွေ လာကြပြန်ပြီလား၊ သူ့ကို ရိုက်နှက်ဦးမှာလားဆိုပြီး ကြောက်နေရှာတာပါတဲ့။ ဒါလောက်ခေါင်တဲ့ ဒီကျောင်းက ပြောင်းဖို့ရွှေ့ဖို့ လျှောက်ကြည့်တော့လည်း သူများကို အားနာတာ၊ ကိုယ့်ကျောင်းကိုယ့်ကန်မဟုတ်ရင် စိတ်မကျယ်လွင့်မှာစိုးတာ၊ ဒီကျောင်းကို ထိန်းသိမ်းစောင့်ရှောက်ပါမယ်လို့ တာဝန်ယူလက်ခံထားခဲ့တာကို မကျေပွန်မှာ စတာတွေ စိုးရိမ်ပြီး ဘယ်ကိုမှ ရွှေ့ပြောင်းဖို့ လျှောက်မရခဲ့ပါဘူး။ ဆရာတော့်အနုရုဒ္ဓါချောင်က ဥမင်သုံးဆယ်နဲ့ ပတ္တမြားစေတီ ဘုရားအသွား အလယ်လောက်မှာရှိပါတယ်။ စစ်ကိုင်းတောင်ရိုးတစ်ရိုးလုံး သီတဂူ ရေအလှူက ပိုက်တွေသွယ်ပြီး ရေ[illegible]နေပေမယ့် အလှမ်းဝေးတဲ့ အနုရုဒ္ဓါချောင်ဟာ ခုထက်ထိ ရေမရပါဘူး။ စစ်ကိုင်းတောင်ရိုးမှာ အစောဆုံးတည်တဲ့ ချောင်သုံးချောင်ဟာ ပိတောက်ချောင်၊ ပဘာချောင်နဲ့ အနုရုဒ္ဓါချောင်ပါပဲတဲ့။ တကယ်ခေါင်တဲ့ နေရာပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာတော်ရဲ့သတိတွေ မေ့မေ့လျော့လျော့ဖြစ်လာတာဟာ တစ်နေ့ထက်တစ်နေ့ ဆိုးလို့သာလာပါတယ်။ ဒါကြောင့် လွန်ခဲ့တဲ့ ၂ နှစ်လောက်ကတော့ ဆရာတော့်ရောဂါဟာ တဖြည်းဖြည်းနဲ့ အားလုံးကိုမေ့သွားတယ်ဆိုတဲ့ ALZHEIMER'S DISEASE ဆိုတာများ လေလားလို့တောင် ကျွန်မက အောက်မေ့မိပါတယ်။

ဆရာတော်ဟာ အရင်ကတော့ သူ့ဘာသာရပ်သာဖြစ်ပါစေ၊ ဆရာတော်ဘယ်အတွက် ဘာအကြောင်း ဆောင်းပါးလိုချင်ပါတယ်ဘုရားလို့ လျှောက်လိုက်ရင် အချိန်သာပေးလိုက်ပါ။ ပြည့်ပြည့်စုံစုံ ရေးသားယူလာခဲ့တာပါ။ ဆရာတော့်မှာ တစ်သက်လုံးစုဆောင်းထားတဲ့ မှတ်စုမှတ်ရာတွေကလည်း သလဲသီးလို အကန့်လိုက်အကန့်လိုက်ရှိနေတာပါ။ လိုအပ်ရာရာကို ဆွဲနုတ်စုစည်းလိုက်ရုံပါပဲ။ ဆရာတော်က အင်္ဂလိပ်စာမတတ်ဘူးသာ ပြောတာပါ။ သူလိုချင်တဲ့အရာ အင်္ဂလိပ်စာအုပ်ထဲမှာ ရှိရင် သိမ်းထားတာပါ။ ပြီးတော့ လိုပြီဆိုရင် အဲဒါကို ဘယ်ကနေပြီး ဘယ်အထိဘာသာပြန်ပေးပါလို့ ခိုင်းပါတယ်။ ဒါကြောင့် ဆရာတော့်ရုပ်ကလာပ် နိဗ္ဗာန်ကျောင်းချတဲ့နေ့က မဟာသစ်ဝင်ချောင်ဆရာတော်က 'ဆရာတော်ရွှေကိုင်းသားပျံလွန်တော်မူတာဟာ ကြယ်ကြီးတစ်လုံး ကြွေသလိုပဲ၊ ၅၆ ခု၊ စစ်ကိုင်း ငလျင်ကြီးကြောင့် ပြိုကျသွားတဲ့ ဆင်များရှင်ဘုရားကြီး ပြန်တည်ဆောက်ဖို့ အုတ်မြစ်ချတဲ့အခါ နိုင်ငံတော်သမ္မတကြီးက ဒီအုတ်မြစ်ချပွဲမှာ မိန့်ကြားဖို့ မိန့်ခွန်းကို သာသနာရေးဦးစီးဌာနက ဆရာတော်ရွှေကိုင်းသား ရေးပေးပါဆိုလို့ ရေးပေးရသတဲ့။ မလွန်ဆန်လှုအသင်းကြီးက ကျောက်စာတိုင်ထူချင်လို့ စာသားလိုတော့လည်း အသင်းကြီးရဲ့ဥက္ကဋ္ဌက လာတောင်းပန်လို့ ဆရာတော်ရွှေကိုင်းသားပဲ ရေးပေးခဲ့ရတယ်။ ဆရာတော်ပျံလွန်တော်မူလို့ ဆုံးရှုံးချက်ဟာ တိုင်းတာလို့မရဘူး' လို့ မိန့်ကြားသွားတော်မူပါတယ်။

သမိုင်း၊ မြန်မာစာ၊ ပါဠိဘာသာတွေက မဟာဝိဇ္ဇာတန်းအတွက် ကျမ်းပြုချင်သူတွေက ဆရာတော့်ဆီကိုသွားပြီး လိုချင်တာယူငင်ဖို့ ကျွန်မက ညွှန်ဖူးသူတွေအများကြီးပါ။ ဆရာတော်ကူညီလိုက်တာတွေနဲ့ မဟာဝိဇ္ဇာဘွဲ့ရဖူးသူတွေလည်း

mgyoe.com

mgyoe.com SAMPLE BOOK


အများကြီးပါ။ မန္တလေးတက္ကသိုလ်က ပြင်ပစာစစ်ပုဂ္ဂိုလ်အဖြစ်နဲ့ မဟာဝိဇ္ဇာစာမေးပွဲတွေမှာ ဆရာတော့်ကိုပင့်တာလည်း အကြိမ်ကြိမ်ကြုံရဖူးပါတယ်။ ဆရာတော်ဟာနှလုံးစိတ်ဝမ်း အထူးအေးချမ်းတဲ့ပုဂ္ဂိုလ်၊ သူတစ်ထူးရဲ့ပညာပါရမီကို လိုက်လိုက်လှဲလှဲကူညီဖြည့်ဆည်းလိုတဲ့ပုဂ္ဂိုလ်ပါ။ တစ်ခါတော့ မန္တလေးတက္ကသိုလ်က မဟာဝိဇ္ဇာဘွဲ့အတွက် ပညာရပ်တစ်ခုနဲ့ပတ်သက်ပြီး ကျောင်းသူတစ်ဦးက ဆရာတော်ဆီသွားပြီးသူလိုချင်တဲ့ အကူအညီကို မေးလျှောက်တယ်။ ဆရာတော်က စိတ်ရှည်လက်ရှည်သူစုဆောင်းရှာဖွေမှတ်သားထားတာများကို ထုတ်ပေးတယ်၊ တွေ့နိုင်ရာတွေကိုညွှန်ကြားတယ်။ ကျောင်းသူက ဝမ်းသာလွန်း၊ ကျေးဇူးတင်လွန်းလို့ ဆရာတော်ကိုလှူရန်ပစ္စည်းလည်း တစ်စုံတစ်ရာ မဝယ်ခဲ့မိလေတော့ ပါလာတဲ့ ဝတ္တုငွေကလေးတွေနဲ့ ကျေးဇူးတင်ကန်တော့ပါသတဲ့။ ဒီအခါ ဆရာတော်က 'သုတေသီဆိုတာပိုက်ဆံလိုတယ်၊ မင်းမှာ ကုန်စရာတွေရှိလိမ့်ဦးမယ်၊ ငါ့ကို မကန်တော့ခဲ့နဲ့' လို့ပြောပြီးဝတ္တုငွေကို ငြင်းပါသတဲ့။ တကယ်ကတော့ ဆရာတော့်ကျောင်းက ရှားပါးဆင်းရဲတဲ့ကျောင်းပါ။ သူ့ငွေဒကာ ဒကာမရယ်လို့မရှိပါဘူး။ စာပေနဲ့ဆိုင်တဲ့လူတွေဆည်းကပ်တဲ့ကျောင်းမို့ စာပေသမားက ကျောင်းကိုလာရင် လှူဖို့တန်းဖို့ ပါခဲ့တတ်တာမဟုတ်ပါဘူး။ ဆရာတော်က ရတာနဲ့ရောင့်ရဲနေတဲ့ပုဂ္ဂိုလ်မျိုးပါ။

ဆရာတော့်ဘဝ၊ ဆရာတော့်အကြောင်းကို စဉ်းစားလိုက်ရင် ကျွန်မတို့ငယ်ငယ်က ကျောင်းမှာသင်ခဲ့ရတဲ့ ဆုံးမစာအပိုဒ်ကလေးတွေကို အားလုံးပြန်ပြန်ပြီးသတိရမိတယ်။ 'စဉ်ဆက်ကျမျှား ပြည့်သောလားသို့ ပျားကိုပုံတု ပမာပြုလျက်' ဆိုတဲ့ စာပိုဒ်ကလေး၊ 'ခြပုံးတောင်ပို့ ဖို့သည့်ခြင်းရာ လူလိမ္မာတို့' ဆိုတဲ့ စာပိုဒ်ကလေးမျိုးတွေကို ဆရာတော်က အသက်နဲ့ထင်ရှား သရုပ်ဖော်ပြနေတဲ့ပုဂ္ဂိုလ်လိုပါပဲ။

ဆရာတော်က ငယ်ကတည်းက အလွန်ရှက်တတ်၊ ကြောက်တတ်တဲ့သူငယ်ကလေး၊ မြန်မာစာ ၇ တန်းနဲ့ မူလတန်းဆရာဖြစ်ပဲအောင်တယ်။ ကျောင်းကသင်ပေးတဲ့ပညာဟာ ဒါပါပဲ။ ကိုလိုနီခေတ်တုန်းက ပညာရေးကလည်းအဆင့်အတန်းအမျိုးမျိုးနဲ့ပါ။ ၁၀ တန်း အောင်တာချင်း အတူတူပေမယ့် မြန်မာလို

mgyoe.com

mgyoe.com SAMPLE BOOK



ဦးသောဘိတ (ရွှေကိုင်းသား)

ချည်းသင်တဲ့ မြန်မာ ၁၀ တန်းက တစ်စား၊ အင်္ဂလိပ် မြန်မာနှစ်ဘာသာ သင်ရာမှာလည်း အမျိုးသားကျောင်း,ဗုဒ္ဓဘာသာကျောင်းတွေကတစ်စား၊အစိုးရကျောင်းတွေကတစ်စား၊သာသနာပြုကျောင်းတွေကတစ်စား၊ အဆင့်အတန်း အစားစားရှိပါတယ်။ ပြီးတော့မှ အင်္ဂလိပ်လိုချည်းသင်တဲ့ အမျိုးအစားကတစ်စားပါ။ ဒီအထဲမှာ အင်္ဂလိပ်လိုချည်းသင်တာက အမြင့်ဆုံး၊ မြန်မာလိုချည်းသင်တာက အနိမ့်ဆုံး။ ဆရာတော်က အနိမ့်ဆုံး ပညာရေးကျောင်းက ၇ တန်းပဲ အောင်တဲ့သူ၊ ဆရာအတတ်သင် အောင်ပေမယ့် ရှက်တတ်သူမို့ ကျောင်းသား ရင်မဆိုင်ဝံ့လို့ ဆရာမလုပ်ဘဲ ကျောက်စာရုံးမှာ ပုံဆွဲစာရေးဝင်လုပ်ရသူဖြစ်တယ်။ အဲဒီလိုရှက်တတ် ကြောက်တတ်ပြီး ပညာရည်နိမ့်ပေမယ့် ခြကလေးတွေ၊ ပုရွက်ကလေးတွေ မိုးတွင်းစာ အစာစုသလို ပညာရှာတယ်၊ စုတယ်။ တစ်သက်လုံး တကုပ်ကုပ်ဖတ်တယ်၊ မှတ်တယ်၊ စုတယ်၊ သင်တယ်လေ။ ဒါကြောင့် ပန်းချီရေးနိုင်တယ်၊ ကာတွန်းဆွဲတယ်။ ဓာတ်ပုံရိုက်ကောင်းတယ်။ ကောင်းတယ်ဆိုရာမှာ ကိုဒတ်ကုမ္ပဏီကကျင်းပတဲ့ နိုင်ငံတကာဓာတ်ပုံပြိုင်ပွဲတွေမှာ ဆုရအောင် ရိုက်နိုင်တဲ့အကောင်းမျိုးပါ။ ဆုသာရတယ်။ ရိုက်တဲ့ကင်မရာကတော့ ၈ ကျပ်တန် အညံ့ဆုံး ကင်မရာလေးနဲ့ရိုက်ရတာပါ။ ဆရာတော် သိမ်းထားတဲ့ဗဟုသုတနဲ့ရေးတဲ့ ဆင်ယင်ထုံးဖွဲ့မှုကျမ်းဟာ စာပေဗိမာန်က ၁၉၅၁ ခုနှစ်မှာပေးတဲ့ အစောဆုံး စာပဒေသာဆုကို ရရှိတဲ့ကျမ်းပါ။

mgyoe.com

mgyoe.com SAMPLE BOOK

လောဘသား လူမိုက်တွေရဲ့လက်ချက်ကြောင့် ဆရာတော်ခမျာ မပျံလွန်တော်မူမီ ၆ နှစ်လောက် စာပေမရေးသားနိုင်ဘဲ ဖြစ်သွားရတာကို ယူကျုံးမရ ရှိရတာနဲ့အတူ အခုလို ခန္ဓာဝန်ကို ရုပ်သိမ်းချုပ်ငြိမ်းသွားပြန်ပြီဆိုတော့လည်း လွမ်းဆွေးတသ နှမြောမဆုံးဖြစ်ရပြန်ပါတယ်။

[ ရှုမဝမဂ္ဂဇင်း ၊ အမှတ်-၄၈၄ ၊ စက်တင်ဘာလ၊ ၁၉၈၇]

mgyoe.com

mgyoe.com SAMPLE BOOK

# ဆရာတော်
# အရှင်ဇနကာဘိဝံသ

ဒီတိုက်တာအတွင်းမှာရှိတဲ့ ဒီသံဃာ့အဖွဲ့အစည်းဟာ ဘုရားဟော ဝိနည်းတော်နဲ့လည်း အစွမ်းကုန်ညီညွတ်ရမယ်၊ နှစ်ဆယ်ရာစုနှစ် ခေတ်လည်းမီရမယ်ဆိုတဲ့ပုံစံနဲ့ ကျကျနနဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံက စံပြစာသင်တိုက် မဟာဂန္ဓာရုံကျောင်းတိုက်ကြီးက ဆရာတော်အရှင်ဇနကာဘိဝံသ ပျံလွန်တော်မူတော့ ဗုဒ္ဓသာသနာအဓွန့်ရှည်လို၊ တည်ထွန်းစေလိုသူတိုင်းက ယူကျုံးမရ နှမြောတသကြတယ်။


မင်းကွန်းဓမ္မနာဒချောင် တိပိဋကဓရဆရာတော် ဦးဝိစိတ္တာကဆိုရင် ဒီဆရာတော် ပျံလွန်တော်မူတာဟာ ခက်မငါးဖြာရှိတဲ့ သာသနာ့သစ်ပင်ကြီးက ကိုင်းကြီးတစ်ကိုင်း ကျိုးကျသွားသလို ဆုံးရှုံးမှုကြီးပါပေတယ်လို့ မိန့်တော်မူပါတယ်။

ဆရာတော်အရှင်ဇနကာဘိဝံသ ပျံလွန်တော်မူလို့ သုံးရက်အရမှာ မင်းကွန်းက သက်တော် ၉၂ နှစ် ရှိပြီဖြစ်တဲ့ မဂ္ဂင်ချောင်ဆရာတော်ကြီးနဲ့အတူ ဆရာတော် ဦးဝိစိတ္တာက ဈာပနကိုကြွလာပါတယ်။ ဆန်တစ်အိတ်၊ ဆီတစ်ပုံး၊ ဆားတစ်အိတ် ဈာပနမှာလှူပြီး ရုပ်ကလာပ်ကိုကန်တော့ရင်း ဈာပနမှာ လိုတာရှိကဘာမဆို ဆောင်ရွက်ပေးမယ်လို့လည်း အမိန့်ရှိပါတယ်။

မဟာဂန္ဓာရုံတိုက်သံဃာတွေက အခုလိုကြွလာတဲ့အခါ ဆရာတော်က ဆုံးမသြဝါဒပေးခဲ့ဖို့ ပန်ကြားလျှောက်ထားကြတော့ ဆရာတော်က အရှင်ဇနကာဘိဝံသ ပျံလွန်တော်မူရလို့ သာသနာမှာ ဆုံးရှုံးမှုကြီးမားရတာကို အထက်ကအတိုင်း

mgyoe.com

mgyoe.com SAMPLE BOOK



**မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသ**

ဥပမာတင်စားပြီး မိန့်ကြားတာက တစ်ပိုင်း၊ ဒုတိယအပိုင်းမှာတော့ ပျံလွန်တော်မူတဲ့ ဆရာတော်ရဲ့ တပည့်ကြီးများဖြစ်တဲ့ ဦးစန္ဒော၊ ဦးကုဏ္ဍလအစရှိတဲ့ ဆရာတော်များ ကြီးမှူးကွပ်ကဲပြီး ဒီတိုက်တာ ဒီအဖွဲ့အစည်းကို စည်ရှင်ဆရာတော်ကြီး မိန့်ကြားတော်မူဖူးသလို 'တစ်ဗိုလ်ကျ တစ်ဗိုလ်တက်' ကြရမှာ ဖြစ်တဲ့အကြောင်း မိန့်ကြားပါတယ်။ ဆရာတော်ဦးဝိစိတ္တက သူ့ဆရာတော် ပျံလွန်တော်မူတော့ သူ့မှာ ရဟန်းဝါ ၈ ဝါသာ ရသေးတာမို့ သာသနာမှာ မမည်မဝါးရှိသေးတဲ့အရွယ်မျိုးနဲ့ ဒီလိုဒုက္ခကိုကြုံခဲ့ရတယ်။ ယခု ဒီတိုက်တာမှာ ကျန်ရစ်ကြတဲ့ တပည့်ကြီးတွေကတော့ ဆရာတော်ဒီတိုက်တာကို ၁၃၀၂ ခုနှစ်က တည်ထောင်ကတည်းက အတူတကွ ရွက်ဆောင်လာခဲ့ကြရတဲ့ ရင်းချာတဲ့ လက်ရုံးတပည့်ကြီးတွေဖြစ်တဲ့အတွက် ဆရာတော်ချမှတ်သွားတဲ့ လမ်းစဉ်ကို မိမိရရကိုင်တွယ်ပြီး ညီရင်းအစ်ကိုတွေလို ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနဲ့ ဆက်လက်ရွက်ဆောင်သွားနိုင်လိမ့်မယ်လို့ ယုံကြည်တဲ့အကြောင်း၊ အဲဒီလိုရွက်ဆောင်ကြဖို့လည်း လိုအပ်လှတဲ့အကြောင်း မိန့်ကြားဆုံးမပါတယ်။

တတိယအနေနဲ့ကတော့ ပျံလွန်တော်မူတဲ့ဆရာတော် ပြသွားတဲ့တရား သံဝေဂကို ရယူနိုင်ဖို့အတွက်...

**"ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၊ ကိုယ်ကဤပုံ၊ ဖြစ်လိုတုံလည်း တစ်ဖုံ ဆင်ကွဲ၊**

**သူတနဲ့ဖြင့်၊ ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို၊ ပညာစက္ခု၊ မျှော်ထောက်ရှု၍၊**

**ယခုပင်လျှင်၊ မအိုခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊ ယခုပင်လျှင်၊**

mgyoe.com

mgyoe.com SAMPLE BOOK

**မနာစင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊ ယနုပင်လျှင်၊ မသေစင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့။**

**ရတုရှိန်ထောက်၊ ဤခါရောက်မှ ချုပ်ပျောက်စန္ဒာ၊ သေပိမ့်ဌာဟု၊ သတ္တဝါခပင်း။ ရှင်သေမင်းနှင့်၊ မိတ်သင်းဖွဲ့လျက်၊ ရှိန်းအချက်လျှင်၊ တစ်စက်ကမှ၊ မရှိကြဘူး။ အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ"**

ဆိုတဲ့ ဆရာတော်ပြသနေကျ သံဝေဂဓမ္မလင်္ကာမှာပါတဲ့ တရားကို အကျယ်ဟောပြီး တိုက်သံဃာတွေကို တရားပြသဆုံးမသွားပါတယ်။

ပျံလွန်တော်မူတဲ့ ဆရာတော်အရှင်ဇနကာဘိဝံသဟာ စည်းစနစ်ကောင်း၊ ဝိနည်းတော်နဲ့ညီတဲ့တိုက်တာကို ဖွဲ့စည်းရုံ၊ စာပေပရိယတ်ပို့ချဆုံးမသွားရုံသာမက ပိဋကတ်ကို သင်ကြားပို့ချသူတွေ၊ စာသင်သားတွေအတွက် အလွန်အသုံးဝင် အဖိုးတန်တဲ့ ပရိယတ်ဆိုင်ရာစာအုပ်တွေ၊ လူ ဒကာ ဒကာမတွေ ဗုဒ္ဓဘာသာတရားကို ကိုးကွယ်ကျင့်သုံးတတ်၊ ကြည်ညိုတတ်အောင် သင်ကြားပြသွားတဲ့ ဘာသာ လမ်းညွှန်စာအုပ်တွေ နှစ်ပေါင်း ၄၀ လောက်အတွင်းမှာ အုပ်ရေ ၆၀ ကျော် ရေးသားသွားတော်မူနိုင်တဲ့ ဆရာတော်ကြီးမို့ အရှင်သီလာနန္ဒာဘိဝံသက 'သာသနာ ၂၅၂၆ ရာစု၏ အရှင်ဗုဒ္ဓဃောသ' လို့တောင် ချီးကျူးခေါ်ဝေါ် ပူဇော်သွားပါတယ်။

ဆရာတော်ကြီး ရေးသားပြုစုသွားတဲ့ကျမ်းတွေ အစွန့်ရှည်လို့ တည်တံ့နေရစ်မှာဖြစ်သလို ဆရာတော်ကြီးချမှတ်သွားတဲ့ စည်းမျဉ်းတွေ၊ ဆုံးမသွားတဲ့ အဆုံးအမတွေဟာလည်း မဟာဂန္ဓာရုံတိုက်တာကြီးအတွင်းမှာ အစွန့်ရှည်လို့ တည်တံ့နေရစ်ပါစေ၊ ကျန်တပည့်များက တစ်ဆင့်တိုးလို့ တစ်မျိုးကြိုးပမ်းနိုင်တော်မူကြပါစေလို့ ဒကာ ဒကာမတွေက ဆုတောင်းရင်း ဆရာတော်ကြီးရဲ့ကျေးဇူးတရားများကိုလည်း ပွားများသတိရနေကြပါတယ်။ ဆရာတော်ကြီးရဲ့ရုပ်ကလာပ်ကတော့ ဇန်နဝါရီလ ၂ ရက်နေ့က တောင်သမန်အင်းစောင်းမှာပဲ ဖုတ်ကြည်း သင်္ဂြိုဟ်လို့ ပြီးပါပြီ။

[ ကြေးမုံသတင်းစာ ၊ ဇန်နဝါရီ (၁၀) ရက် ၊ ၁၉၇၈ ]

mgyoe.com

mgyoe.com SAMPLE BOOK

# ဆရာတော်ဘုရား မရှိတဲ့နောက်

ဆရာတော်ဘုရား…

တပည့်တော် ဒီစာကို ဆရာတော်လက် ဆက်ကပ်ရမယ့် စာလို့သဘောထားပြီး ဆရာတော် သက်တော်ထင်ရှားရှိစဉ်က တပည့်တော် လျှောက်ထားချင်တာတွေ လျှောက်ထားတာမျိုး ရေးချင်တယ်ဘုရား၊ သည်းခံတော်မူပါ။

တပည့်တော်မရဲ့ ဒကာကြီးဦးလှ ၁၉၈၂ ခုနှစ်က ကွယ်လွန်အနိစ္စရောက်ရှာတယ်ဘုရား။ အဲဒီအချိန်မှာ ဆရာတော်ပျံလွန်တော်မူတာ ၅ နှစ်ရှိပြီပေါ့။ ဆရာတော်ဈာပနကို ဦးလှနဲ့ဒါရိုက်တာဦးသုခတို့က ရုပ်ရှင်ဖလင်နဲ့မှတ်တမ်းတင်ဖို့ လုပ်ကြတာအမောပဲ။ အဲဒီဒကာကြီး ဦးသုခကတော့ ခုထက်ထိ ကျန်းမာသေးရဲ့ဘုရား။ မျက်စိကတော့ စာရေးစာဖတ် မလုပ်နိုင်ရှာဘူး။ အသက် ၈၉ နှစ်ရှိပြီမို့ သူ့ကျန်းမာရေးက လူကြီးကောင်းပဲ ကောင်းတော့တာပေါ့ဘုရား၊ တပည့်တော်မ ကျန်းမာရေးကလည်း လူကြီးကောင်းပဲ ကောင်းတာဘုရား။

ဆရာတော့်ကို ခုလို တရင်းတနှီး တပည့်တော်က လျှောက်ထားနေတာကို အကြောင်းမသိသူတွေက အံ့သြကောင်း အံ့သြပါလိမ့်မယ်။ ဒါပေမဲ့ အရှင်ဘုရားကို သိခဲ့တာ တပည့်တော်မ ဟိုငယ်ငယ်လေး တပည့်တော်မ ကလေးဘဝကတည်းက ပဲဟာ။

mgyoe.com

mgyoe.com SAMPLE BOOK

တပည့်တော်ရဲ့အဘိုး ဦးဖြိုးအောင်က စစ်ကိုင်းတောင်ရိုး ဂူနီချောင်က သီလရှင်ဆရာကြီး ဒေါ်အေးမြင့်ရဲ့ဖခင် ကန်ထရိုက်ကြီးဦးဖေနဲ့ အင်မတန်ရင်းနှီး ချစ်ခင်တာ၊ နှစ်ယောက်စလုံးက မြိတ်ဘုန်းကြီးရဲ့တပည့်တွေ ထင်ပါရဲ့။ အဲဒီတော့ တပည့်တော်တို့ ကလေးဘဝက မန္တလေးမြို့မှာ ပလိပ်ရောဂါဖြစ်ပြီဆိုတိုင်း စစ်ကိုင်းတောင်ရိုးက ဂူနီချောင်ကို ပလိပ်ပြေးလာနေကျ။ လာခဲ့ရင်ချောင်မှာ ၂ လ တန်သည်၊ ၃ လတန်သည် နေနေကျ။ တပည့်တော်တို့ငယ်ငယ်က ဂူနီချောင်၊ ခေမေသကချောင်၊ သမိဒ္ဓေါချောင်ဆိုတဲ့ သီလရှင်ချောင်တွေက စာသင်တိုက်ကြီး တွေပါ။ ဒါကြောင့် တပည့်တော်က လူမမည်ပေမယ့် သရိုင်ဆရာကြီး ဦးအုန်းတို့၊ ရွှေပြည်ဘုန်းကြီးတို့၊ အရှင်ဘုရားတို့ကို ကြားနေသိနေတာပါ။ ထရံကာဆရာတော် လူထွက်ကြီးက သီလရှင်တွေကို စာချလာတာလည်း သိနေကြားနေတာပါ။ အရှင်ဘုရားကတော့ တပည့်တော်ကို သိချင်မှသိမှာပါ။ တပည့်တော်က ၁၀ နှစ် သမီးလောက် ရှိသေးတာပဲဟာ။

အရှင်ဘုရား ဂန္ဓာရုံကျောင်းတိုက်တည်တော့ တပည့်တော်တို့က လူထု ဂျာနယ်နဲ့ သတင်းစာထုတ်ဝေနေပြီ။ အဲဒီတော့ ဦးလှနဲ့အရှင်ဘုရားနဲ့ ဆက်မိနေပြီး ကျောင်းက ဖတ်ရအောင် တပည့်တော်တို့ သတင်းစာကို တစ်သက်လုံးလှူခဲ့တာပဲ။

အရှင်ဘုရား မဟာဂန္ဓာရုံတိုက်ကြီးကို စိတ်တိုင်းကျတည်ထောင်နေတဲ့ အခါ တပည့်တော်တို့က ဧည့်တွေခေါ်ခေါ်လာပြီး အရှင်ဘုရားကိုဖူးစေတယ်။ ပြီးတော့ သတင်းစာမှာ ဦးလှက အဲဒီအကြောင်းတွေ သတင်းပေးရေးသားတယ်။ ဆရာကြီး ဦးဖေမောင်တင် အရှင်ဘုရားကို တပည့်တော်တို့နဲ့အတူလာပြီး ဖူးကြတော့ ဆရာကြီးကလည်း သဘောကျ၊ အရှင်ဘုရားကလည်း ဝမ်းမြောက်နေပြီး တပြုံးပြုံးနဲ့ စကားတွေပြောနေကြတာကိုလည်း တပည့်တော် ကောင်းကောင်းကြီး သတိရနေ ပါတယ်။ ပြီးခဲ့တဲ့နှစ်တုန်းက ဆရာကြီးရဲ့အသက် ၁၁၁ နှစ်ပြည့်မွေးနေ့ ရန်ကုန်မှာ ကျင်းပပါတယ်။ ခု အရှင်ဘုရားက သက်တော် ၁၀၀ ပြည့်ဆိုတော့ ဆရာကြီး ဦးဖေမောင်တင်က အရှင်ဘုရားထက် ၁၂ နှစ်ကြီးတာပေါ့လေ။

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ငံခြားကဧည့်သည်တွေ လာရင်လည်း အမျိုးသမီးဧည့်ဆိုရင် တပည့်တော်မ လိုက်လာတယ်။ အမျိုးသားဧည့်ဆိုရင် အများအားဖြင့် ဦးလှလိုက်လာပြီး ဆရာတော်ကို ဖူးတွေ့နေကျ။

ဆရာတော်ပျံလွန်တော်မူပြီးတော့လည်း တပည့်တော်တို့မှာ ဧည့်ပို့တဲ့ဝတ်က ဆက်ယူရပါသေးတယ်။ ကျောင်းတိုက်ကြီးကိုလည်း မပြတ်မပြတ်သွားရောက်လျက်ရှိပါတယ်။

ဒါကြောင့် ဆရာတော်မရှိတော်မူတဲ့နောက် ဆရာတော်စိတ်တိုင်းကျကြိုးစားတည်ဆောက်ခဲ့တဲ့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးရဲ့အခြေအနေ ဘယ်လိုများနေမလဲလို့ ဆရာတော်သိရအောင် တပည့်တော် လျှောက်ထားချင်ပါသေးတယ်။

ဆရာတော်ကြီး ပျံလွန်တော်မူပြီဆိုတော့ ဆရာတော်ရဲ့ဂုဏ်သတင်းကသက်တော်ထင်ရှားရှိတုန်းကထက် ပိုမိုကျယ်ပြန့်ပြီး သတင်းကြီးသွားလေတော့ဆရာတော်ရဲ့မဟာဂန္ဓာရုံတိုက်ကြီးမှာ လာရောက်သီတင်းသုံးပြီး ပညာများရယူလိုတဲ့ရဟန်းသံဃာတွေ အလွန်များပြားလာပါတယ်ဘုရား။

ဆရာတော်ပျံလွန်တော်မူတော့ တပည့်ကြီးဆရာတော်ဦးစန္ဒောဘာသနဲ့ ဆရာတော်ဦးကုဏ္ဍလ၊ ဆရာတော်ဦးဣန္ဒောဘာသ၊ ဆရာတော်ဦးမဟိန္ဒ၊ ဆရာတော် ဦးအဂ္ဂဝံသနဲ့ ဆရာတော်ဦးကဝိန္ဒတို့ ညီညီညွတ်ညွတ်နဲ့ တိုက်တာကြီးကို လက်တွဲအုပ်ချုပ်တော်မူကြပါတယ်။

အဲဒီလိုအုပ်ချုပ်တော်မူကြတဲ့အခါ ဆရာတော်ကြီးများခေါင်းခဲရတဲ့ အကြီးမားဆုံးပြဿနာကတော့ သံဃာဦးရေက ရလိုတာထက် တိုးတက်များပြားလာနေတဲ့ပြဿနာပါပဲ ထင်ပါရဲ့။ ဆရာတော်ပျံလွန်တော်မူစဉ်က တိုက်သံဃာ ၅၅၀ ပဲရှိခဲ့တယ်လို့ တပည့်တော်မှတ်ထားဖူးပါတယ်။ ဆရာတော်ပျံလွန်တော်မူပြီးတဲ့နောက်သံဃာဦးရေက တိုးတိုးလာလိုက်တာဘုရား၊ တစ်ချိန်တစ်ခါကများ ၁၆၀၀ ထိများပြားလာခဲ့ပါတယ်။

အဲဒီသံဃာထုကို နံနက်အရုဏ်ဆွမ်းကျွေးဖို့တာဝန်၊ နေ့ဆွမ်းမှာ ဆွမ်းဟင်းနှစ်ခွက်ချက်ကပ်ဖို့၊ ညနေထန်းလျက်ရည်ကပ်ဖို့ တာဝန်များ ဆရာတော်

mgyoe.com

mgyoe.com SAMPLE BOOK

ရှက်ဆောင်တော်မူခဲ့တဲ့အတိုင်း လိုက်လံဆောင်ရွက်ဖို့က တက်နေတဲ့ကုန်ဈေးနှုန်းတွေကြောင့် တာဝန်အင်မတန်ကြီးလေးလာပါတယ်။ ဒါပေမဲ့ တပည့်တော်မ သိရသလောက်ဆိုရင် သံဃာထုရဲ့ဆွမ်းတာဝန်ကြီးထက် သံဃာထုရဲ့ဆရာတော်စိတ်ကြိုက် ကျောင်းတိုက်ကြီးရဲ့စည်းကမ်းထိန်းသိမ်းရေးကို ကြပ်မတ်ရတဲ့တာဝန်က ပိုလို့ကြီးတယ်ထင်ပါတယ်ဘုရား။

ကျောင်းတိုက်ကြီးမှာ အုပ်ချုပ်ရေးအတွက် နာယကဆရာတော်ကြီး ၅ ပါး၊ အနုနာယကဆရာတော်ကြီး ၁၅ ပါးနဲ့ စာချဝန်ဆောင်သံဃာအပါး ၆၀ ရှိပါတယ်။

ဒါလောက်ကြီးတဲ့သံဃာထုကို ထိန်းသိမ်းနေတဲ့အတွက် ဆရာတော်အပြစ်ဆိုတော်မူလေမလား၊ ချီးကျူးလေမလားတော့ တပည့်တော်မ မလျှောက်တတ်ပါဘူး။

တစ်ခုလျှောက်ပါရစေဦးဘုရား၊ အရှင်ဘုရားရဲ့လက်ရင်းတပည့်ကြီး ဆရာတော်ဦးစန္ဒောဘာသဟာ ဆရာတော်မရှိတဲ့နောက် ၁၄ နှစ်အကြာ၊ လွန်ခဲ့တဲ့ ၈ နှစ်က ပျံလွန်တော်မူရှာပါပြီဘုရား။



**ယာမှဝဲ - အရှင်ဇနကာဘိဝံသ၊ ဦးဖေမောင်တင်၊ လူထုဦးလှ၊ လူထုဒေါ်အမာ နှင့် ဦးထင်(အမရပူရ မဟာဂန္ဓာရုံ၊ ၂၊ ၈၊ ၆၈)**

mgyoe.com

mgyoe.com
SAMPLE BOOK

ဆရာတော်ဦးကုဏ္ဍလက ကျန်နာယကဆရာတော်ကြီးများနဲ့ ဥမကွဲသိုက်မပျက်ဆက်လက်ပြီး မဟာဂန္ဓာရုံကျောင်းတိုက်ကြီးရဲ့တာဝန်များကို ထမ်းရွက်တော်မူလျက် ရှိကြပါတယ်။ သံဃာများကိုလည်း စည်းကမ်းနဲ့ညီညွတ်အောင်မနေထိုင်နိုင်သူများအပါအဝင် လျှော့ချသင့်တဲ့သံဃာများကို လျှော့ချလာတာ ခုဆိုရင် သံဃာအပါး ၉၀၀ ခန့်သာ သီတင်းသုံးလျက်ရှိပါတော့တယ်ဘုရား။ နေ့စဉ်စရိတ်က ငွေငါးသောင်းကုန်ကျတာမို့ ကနေ့စားသောက်ကုန်များ ဈေးတက်နေပုံကိုလည်း ဆရာတော်အား လျှောက်ထားလိုပါတယ်ဘုရား။

ဆရာတော်ပျံလွန်တော်မူပြီးတဲ့နောက် မဟာဂန္ဓာရုံတိုက်ကြီးထဲမှာ ကျောင်းသစ်တွေ ဆောက်လုပ်လှူဒါန်းမှုများကလည်း မပြတ်မလပ် တိုးတက်လျက်ရှိပါသေးတယ်ဘုရား၊ အများသူငါ အလှူအတန်းတွေ ပြုလုပ်နိုင် လူအများစုဝေးနိုင်တဲ့ နှစ်ထပ်အဆောင်ကြီးက တစ်ဆောင်၊ သံဃာများ သီတင်းသုံးရန် ကျောင်းဆောင်အသစ်ကြီးများက ခြောက်ဆောင်၊ အားလုံးအဆောက်အအုံသစ် ၇ ခု တိုးတက်လျက်ရှိတာကြောင့် ၂၅ ဧကကျယ်တဲ့ မဟာဂန္ဓာရုံကျောင်းဝင်းကြီးဟာ အရင်ကလိုတော့ မကျယ်ဝန်းတော့ပါဘုရား။

တပည့်တော်မက ဆရာတော်ကို လျှောက်ချင်တာတွေ လျှောက်နေတော့ ဆရာတော်က တပည့်တော်မကို ပြုံးကြည့်ပြီး၊ ဒကာမကြီး ဒါတွေကို လျှောက်နေတော့ ဘုန်းကြီးမရှိမှ မဟာဂန္ဓာရုံကျောင်းကြီးက ပိုလို့ကြီးကျယ်စည်ကားတိုးတက်နေပါသေးတယ်ဘုရားလို့ လျှောက်ချင်တာလား... လို့များ မေးခဲ့ရင်...

တပည့်တော် မြင်တာ၊ တွေ့တာ၊ သိတာများ လျှောက်ကြားခြင်းပါဘုရားလို့ ပြန်လျှောက်မိမှာပါ။

*(ဝန်ခံချက်–ဆရာတော့်ကို လွမ်းတာနဲ့ ဆရာတော်ရေးသားခဲ့တဲ့ တစ်ဘဝသံသရာစာအုပ်ကြီးကို ဖတ်ပြီးတဲ့နောက် စိတ်ကူးပေါက်ပြီး ရေးခဲ့မိတာဖြစ်ပါတယ်။)*

■

mgyoe.com

mgyoe.com SAMPLE BOOK

# ရွှေဟင်္သာဆရာတော် ဘုရားကြီး

သခင်အောင်ဖေရေ...

ဒီ အပတ်တော့ ရွှေဟင်္သာဆရာတော်ဘုရားကြီးသတင်းကိုပဲ ရေးချင်တယ်။ ဆရာတော်ကြီးဆီကို ကျွန်မ ခဏခဏမရောက်တတ်ပါဘူး။ နို့ပေမဲ့ ဆရာတော်ကြီးသတင်းကိုတော့ အမြဲနားစွင့်နေခဲ့တာပါ။ လွန်ခဲ့တဲ့ ၃ လလောက် တောင်ကြီးက ကျွန်မတို့မိတ်ဆွေများ ဆရာတော်ကြီးကျောင်း ဆွမ်းသွားကပ်ရာကအပြန်ဝင်လာတော့ ဆရာတော်ကြီးကျန်းမာရေးကို မေးမြန်းကြည့်ပါတယ်။ မိတ်ဆွေများက ဆရာတော်ကြီး ဒီအပတ် အခါတိုင်း ဖူးရသလိုမဟုတ်ဘူး။ နည်းနည်းလည်း ပိန်သွားတယ်။ နည်းနည်းလည်း ကျသွားတယ်လို့ သတင်းပေးပါတယ်။ ကျွန်မက ဆရာတော့်အသက် ၁၀၂ နှစ်ထဲမှာ ဒီသတင်းမျိုးကို မကြားချင်ဘူး၊ တောက်လျှောက်ကောင်းနေတာပဲ ကြားချင်တယ်။ ဒါကြောင့် ညတိုင်းညတိုင်း ဆရာတော့်ကို မေတ္တာပို့တယ်၊ သစ္စာဆိုပြီးလည်း ဆရာတော့်အတွက် ဆုတောင်းခဲ့တယ်။

မကြာခင်ကတော့ ဆရာတော်ကြီးနေမကောင်းလို့ မန္တလေးက ဆရာဝန်ကြီး ဦးထွန်းသင်တို့ သွားပြီးဂရုစိုက်ပေးနေကြရတယ်။ နှလုံးရောဂါဆရာဝန်လည်း လိုက်ရတယ်လို့ ကြားရတယ်လေ။ နောက်တော့ ရန်ကုန်က ဆရာဝန်ကြီး

mgyoe.com

mgyoe.com SAMPLE BOOK

တွေ့ပါ လာနေကြရတယ်။ ဆရာတော်ကြီးကို အထူးဂရုစိုက်ကုနေကြရတယ်လို့ ကြားရတာပဲ။

စိတ်ထဲတော့ ဆရာတော်ကြီးကို သွားဖူးချင်နေတယ်။ ဒီအခြေအနေမျိုးမှာ တပည့်ဒကာတွေ ဝင်ဖူးလို့ရမှာမဟုတ်ဘူးဆိုပြီး ချုပ်တည်းနေရတယ်။ နောက်တော့ ဆရာတော်ကြီးသတင်းကို ဝိသုဒ္ဓါရုံတိုက်က ဆရာတော်ကြီးဦးအဂ္ဂိယကို မေးလျှောက်ကြည့်တော့ ဆရာတော်ကြီးက ဘုန်းကြီးနက်ဖြန် အဲဒီကိုကြွတော့ ဒကာမကြီးကို လာခေါ်မယ်လို့ အမိန့်ရှိတာနဲ့ ကျွန်မလည်း ဝမ်းမြောက်ဝမ်းသာ လာခေါ်မယ့်အချိန်ကို စောင့်နေပါတယ်။

ရွှေဟင်္သာဆရာတော်ကြီးကို ဒီအခြေအနေမှာ ဖူးနိုင်ဖို့ဆိုတာ မလွယ်တော့ဘူးဆိုတာ သိပါတယ်။ ဒါကြောင့်ပါ။ နို့ပေမဲ့ ကံအားလျော်စွာ ဆရာတော်ကြီး ဦးအဂ္ဂိယနဲ့အတူ ကပ်ပါသွားတော့ ကျွန်မလည်း ဝင်ဖူးလို့ရခဲ့တာပေါ့။ အဲဒါ ပျံလွန်တော်မမူမီ တစ်ပတ်အလို စက်တင်ဘာလ ၃၀ ရက်နေ့ကပါ။ ကျွန်မတို့ ဝင်ခွင့်ရလို့ ဝင်ဖူးလိုက်တော့ ဆရာတော်ကြီးက နည်းနည်းတော့ပိန်နေပါတယ်။ အခါတိုင်းဖူးသလိုပဲ ပြုံးပြီး ကျွန်မကိုကြည့်ပါတယ်။ ပြီးတော့ ရှေ့တိုးဖူးဖို့ လက်ညှိုးကလေးနဲ့ ညွှန်ပြခေါ်ယူပါတယ်။ ဒါနဲ့ကျွန်မက ရှေ့တိုးဦးချတော့...

ကျွန်မ ဆရာတော်ကြီးဆီ အဖူးရောက်တဲ့အခါ ဆရာတော်ကြီးက 'ဒေါ်အမာ မလာတာကြာလှပြီ' လို့ မိန့်နေကျ။ ဒီလိုဆိုရင် ဟုတ်နေတော့ ကျွန်မက အနေခက်နေကျ။ ဒီတစ်ခါတော့ ဆရာတော်ကြီးက 'အသက်ဘယ်လောက်ရှိပြီလဲ' လို့ ပြုံးပြီးမေးပါတယ်။ အသံကတိုးတိုးပါ။ ကျွန်မက '၈၀ ပါဘုရား' လို့ လက်ရှစ်ချောင်းပါထောင်ပြပြီး လျှောက်တော့ 'ကျန်းမာရေးကော' တဲ့ 'ကောင်းပါသေးရဲ့ဘုရား' လို့လျှောက်တော့ ဆရာတော်ကြီးက 'စကားပြောလို့ မကောင်းဘူး' လို့ မိန့်ပါတယ်။ လည်ချောင်းထဲ ကြက်ပေါင်ပိုက်ထည့်ထားတော့ စကားပြောခက်နေမှာပေါ့။ ဆရာတော်ကြီး ဦးအဂ္ဂိယက 'ဆရာတော်ကြီး စကားမပြောနဲ့ဘုရား၊ လာ၊ ဒကာမကြီးပြန်ရအောင်' ဆိုပြီးခေါ်တာနဲ့ ကျွန်မလည်း ကန်တော့ပြီး ပြန်ထွက်လာခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK



ရွှေဟင်္သာဆရာတော်ဘုရားကြီး

အပြင်မှာ ဆရာဝန်ကြီးတွေနဲ့တွေ့တော့ ဆရာတော့်ကျန်းမာရေးကို မေးရပါတယ်။ ဆရာဝန်ကြီးတွေက ရန်ကုန်နဲ့ မန္တလေးက ၉ ယောက်တောင် စောင့်ရှောက်နေတာပါ။ ပထမတော့ တုပ်ကွေးဖြစ်တာပဲ။ အဖျားကျသွားပြီဖြစ်ပေမယ့် သက်တော်ကြီးတဲ့ ဆရာတော်ကြီးမို့ နှလုံးက မငြိမ်မသက်ဖြစ်လာလိုက်၊ တခြားက ဖောက်လာလိုက်နဲ့ ထိန်းနေရတဲ့သဘောမျိုး ပြောပြကြပါတယ်။

ဆရာတော်ကို တပည့်ဒကာတွေ လာရင် လွယ်လွယ်ဖူးလို့ရအောင် ဇရပ်လေးတစ်ဆောင်မှာ တီဗွီဖွင့်ပြထားပါတယ်။ တီဗွီက ဆရာတော့်ကျောင်းခန်းထဲ သီတင်းသုံးနေတဲ့ရှေ့မှာ စက်ကလေးချထားပြီး တိုက်ရိုက်လွှင့်ပေးနေတာပါ။

ပြန်လာခဲ့ပြီး မကြာမကြာ သတင်းနားစွင့်တော့လည်း သက်တော်ကကြီးရင့်ပြီမို့ စိတ်မချရသေးတဲ့အသံမျိုးပဲ ကြားနေရပါတယ်။ ၈–၁၀–၉၅ နေ့ကတော့ သရက်သွားစရာရှိတာနဲ့သွားခဲ့ပြီး ပြန်လာရင် နောက်တစ်ခေါက် ဖူးနိုင်ဖို့ ကြိုးစားဦးမယ်လို့ အောက်မေ့ထားပေမဲ့ ၁၀ ရက်နေ့မှာ ကျွန်မကားပေါ်ကဆင်းတော့ ဆရာတော်ကြီး မနေ့ကတည်းက ပျံလွန်တော်မူပြီဆိုတာကို မကြားချင်ပေမယ့် ကြားရပါတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘုရားရှင်သော်မှ မလွန်ဆန်နိုင်တဲ့လမ်းပေကိုး။ နို့ပေမဲ့ သက်တော် ၁၀၂ နှစ် အထိ အပြည့်အဝကျန်းမာတော်မူတဲ့ ဆရာတော်ကြီးမို့ ရှေ့ဆက်ပြီး အသက်ထင်ရှား နေစေချင်ပါသေးတယ်။

ကျွန်မတစ်သက်မှာ သက်တော် ၁၀၀ ကျော်အထိ နေတော်မူသွားကြတဲ့ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး ၃ ပါးကို သိမိလိုက်ပါတယ်။ ပထမဆရာတော်ကြီးက န၀မ သာသနာပိုင်၊ သက်တော် ၁၀၁ နှစ်မှာ ပျံလွန်တော်မူတဲ့ စံကင်းဆရာတော်ဘုရားကြီးပါ။ ဒုတိယဆရာတော်ကြီးက ဧကာဒသမ သာသနာပိုင်ဖြစ်တဲ့ ကြေးမြင်ဆရာတော်ဘုရားကြီးပါ။ ဒီဆရာတော်ကြီးဟာ သက်တော် ၁၀၄ နှစ်အထိ ကျန်းမာစွာ သာသနာပိုင်တာဝန်များကို ထမ်းရွက်သွားပါတယ်။

ရွှေဟင်္သာဆရာတော်ကြီးက ဒွါဒသမ ရွှေကျင်သာသနာပိုင်ပါ။ ဆရာတော်ကြီးဟာ သက်တော် ၉၇ နှစ်မှာ စင်ကာပူ၊ မလေးရှား၊ ပီနန်၊ ဗန်ကောက်တို့ကို ကြွတော်မူခဲ့တယ်။ သက်တော် ၉၉ နှစ်မှာ အမေရိကန်ပြည်ထောင်စုကို ကြွတော်မူခဲ့သေးတယ်။

ဒါကြောင့် သက်တော်ရာကျော်သာသနာပိုင် ၃ ပါးမှာ စံကင်းဆရာတော်ကြီး မျက်ခွဲဖုံးလို့ လူတွဲရတယ်။ ကြေးမြင်ဆရာတော်ကြီးက ပျံလွန်တော်မူတဲ့အထိ ကျန်းမာရေးကောင်းတယ်။ ရွှေဟင်္သာဆရာတော်ကြီးကတော့ ကျန်းမာရေးကောင်းရုံမက သက်တော် ၁၀၀ နီးမှတောင် နိုင်ငံခြားခရီးတွေ ကြွသွားနိုင်၊ ခရီးသွားမှတ်တမ်းတွေ ရေးနိုင်တဲ့အထိ ကျန်းမာရေးကောင်းခဲ့ပါတယ်။

ဒါကြောင့် ဘုရားရှင်သော်မှ မလွန်ဆန်နိုင်တဲ့လမ်းပေမယ့် နှမြောလို့ မဆုံးအောင် ရှိရပါတယ်။

သခင်အောင်ဖေရေ ရှင်ကျန်းမာရေးကောင်းအောင် ကြိုးစားနော်။ ဘုန်းကြီးပျံကော လာနိုင်ဦးမလား။

*မိုးတိုက်သားများ ကျန်းမာပါစေ။*

[ မိုးဂျာနယ်၊ အမှတ် ၁၁၊ ဒီဇင်ဘာလ၊ ၁၉၉၅ ]

mgyoe.com

mgyoe.com SAMPLE BOOK

# သိပ္ပံမောင်ဝဆုံးတာ နှစ် (၅၀) ကြာပေမဲ့ မမေ့နိုင်ကြပါ

သခင်အောင်ဖေ...

နေကောင်းတယ် မဟုတ်လား။ ပြီးခဲ့တဲ့ ၆-၆-၁၉၉၂ နေ့က ကန့်ဘလူနားက ဂါးတာရွာမှာ စာရေးဆရာသိပ္ပံမောင်ဝ ကွယ်လွန်တာ နှစ် ၅၀ ပြည့်တဲ့အထိမ်းအမှတ် ဆွမ်းကပ်ပွဲတစ်ခုပြုလုပ်ခဲ့ပါတယ်။ အားလုံး အောင်အောင်မြင်မြင် လှလှပပပါပဲ။

ကန့်ဘလူက စာပေနဲ့စာနယ်ဇင်းအဖွဲ့က အဲဒီဆွမ်းကပ်ပွဲ စီစဉ်နေတဲ့ အကြောင်း၊ ကျွန်မတို့လာစေချင်တဲ့အကြောင်း သတင်းပို့လာတော့ ဆရာတော် ရွှေကိုင်းသားနဲ့ဦးလှတို့ကို ထူးထူးလည်လည် သတိရလိုက်တာ။ သူတို့သာရှိရင် ဒီရက်မတိုင်ခင် အနည်းဆုံး တစ်လ၊ နှစ်လကြိုလောက်ကတည်းက ဆရာတော် ရွှေကိုင်းသားက လာမယ့် ၆-၆-၉၂ နေ့ဆိုရင် သိပ္ပံမောင်ဝကွယ်လွန်တာ နှစ် ၅၀ ပြည့်ပြီ၊ အထိမ်းအမှတ်ကလေးတစ်ခုခုတော့ လုပ်သင့်တယ်လို့ စစ်ကိုင်းတောင်ရိုးကနေပြီး ကျွန်မတို့အိမ်ကိုကြွလာပြီး သတိပေးမှာအမှန်ပဲ။

ဆရာတော်က မန္တလေးမြို့တည်နန်းတည် နှစ် ၁၀၀ ပြည့်ပွဲ ၁၉၅၉ ခုနှစ်တုန်းက ကျင်းပဖို့ကိုလည်း အစောကြီးကတွက်ပြပြီး ဦးလှကို သတိမေး

mgyoe.com

mgyoe.com SAMPLE BOOK

နေတာပါ။ အင်း၀ နှစ် ၆၀၀ ပြည့်ပွဲကျင်းပဖို့လည်း ဆရာတော်ကပဲ ကြိုကြို တင်တင် သတိပေးခဲ့တာပါ။ အဲဒီတော့ မောင်ဝကွယ်လွန်တာ နှစ် ၅၀ ပြည့် တာကိုလည်း ဆရာတော်ပဲ ကျွန်မတို့ကို စောစောစီးစီးလာပြီး သတိပေးမှာပါ။ ဒါမျိုးက ဆရာတော်လုပ်နေကျကိုး။

သူ့ဦးဇင်းက သတိပေးတယ်ဆိုရင်လည်း သူ့ဦးလှက ဟုတ်တယ်၊ တပည့်တော်တို့ အခမ်းအနားလေးတစ်ခုတော့ဖြစ်အောင် လုပ်ကြဦးစို့လို့ဆိုပြီး လုပ်သင့်လုပ်ထိုက်တာကို လုပ်မှာပါပဲ။

ဦးလှက သိပ္ပံမောင်ဝကို လွမ်းလွမ်းဆွတ်ဆွတ်နဲ့ 'သူ့စာများက ပြောခဲ့တဲ့ သိပ္ပံမောင်ဝ' ဆိုတဲ့ စာအုပ်ကြီးတစ်အုပ် ၁၉၆၆ ခုနှစ်မှာ ရေးသားထုတ်ဝေ ခဲ့ပါတယ်။ အဲဒီအထဲမှာ မောင်ဝရဲ့ ဘယ်တော့မှလူသိမခံတဲ့ကလောင်ဗှက်တွေနဲ့ ရေးခဲ့တဲ့ဆောင်းပါးတွေ၊ စာပြောင်တွေ၊ ပြဇာတ်တွေ၊ ဝေဖန်ရေးစာတွေ အများကြီး ဖော်ပြခဲ့ပါတယ်။ ဒါတွေဟာ ဦးလှကလွဲပြီး တခြားလူလည်း မဖော်ပြနိုင်ပါဘူး။

ဒီစာအုပ်ကြီး ထွက်လာပြီးတဲ့နောက် ဦးလှက သိပ္ပံမောင်ဝ စစ်ကြီးအတွင်း တုန်းက ဂါးတာမှာ သေဆုံးခဲ့ရတာဟာ ဓားပြ ၁၀၀ ကျော်ရဲ့ ဝိုင်းဝန်းတိုက်ခိုက် သတ်ဖြတ်ခြင်းကို ခံခဲ့ရတာမို့ မောင်ဝကို သင်္ဂြိုဟ်ခဲ့ရပုံဟာ ဗုဒ္ဓဘာသာထုံးတမ်းနဲ့ အညီ ပြုဖွယ်ကိစ္စမျိုးတွေတောင် စုံလင်အောင် ပြုလုပ်နိုင်ခဲ့တာမဟုတ်ဘူး။ ကျန်လူ များအားလုံးက ဘေးကင်းမယ်ထင်ရာကို ထွက်ပြေးခဲ့ရတာ။ ဒါကြောင့် မောင်ဝ မြှုပ်နှံခဲ့ရာနေရာမှာ အုတ်ဂူတစ်ခု မှတ်မှတ်သားသားတည်ဆောက်ချင်တယ်၊ ဘာသာ ရေးအရ ပြုလုပ်သင့်တာ ပြုလုပ်ချင်တယ်လို့ ကျွန်မကိုတိုင်ပင်တယ်။ ကျွန်မက လုပ်ပါလို့ တိုက်တွန်းတဲ့အခါ ကန့်ဘလူမှာနေတဲ့ ကွယ်လွန်သူ စာရေးဆရာ နွယ်ထွန်းရဲ့အဖေ ဦးကျွဲကို ဂါးတာသွားပြီး ဒီဂူဖြစ်မြောက်အောင် လုပ်ဆောင် ပေးပါ၊ မောင်ဝဘယ်နေရာမှာ မြှုပ်ထားတယ်ဆိုတာကိုလည်း မေးမြန်းယူပါလို့ တာဝန်ပေးပါတယ်။ ဦးလေးကျွဲက သူ့သားစာရေးဆရာရဲ့သံယောဇဉ်အပြည့်နဲ့ ဂါးတာကို ညအိပ်ညနေသွားပြီး ဦးလှဖြစ်စေချင်တဲ့အုတ်ဂူကို တည်ဆောက်ပေးရှာ ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK



သိပ္ပံမောင်ဝ

ဂါးတာရွာက ကန့်ဘလူမြို့ရဲ့အရှေ့ဘက် ၁၀ မိုင်ကွာမှာရှိတဲ့ရွာကလေး။ အဲဒီမှာ သစ်တောဘက်က ဗိုလ်တဲရှိတယ်။ ဗြိတိသျှအစိုးရက မြန်မာနိုင်ငံက စစ်ဆုတ်ရတဲ့အခါ မောင်ဝတို့လို ပဋိညာဉ်ခံဝန်ထမ်းတွေလည်း သူတို့နဲ့အတူ အိန္ဒိယဘက်ကို ဆုတ်ခဲ့ရမယ်ဆိုလို့ မောင်ဝတို့က မြစ်ကြီးနားကို မီးရထားနဲ့သွားကြရတာ။ ဒါပေမဲ့ မြစ်ကြီးနားရထားကို ပုံမှန်အတိုင်း ထွက်ခွာခွင့်မပြုဘဲ မောင်ဝတို့စီးလာတဲ့ လူစီးတွဲတွေကို ကန့်ဘလူမှာ ဖြုတ်ချထားခဲ့တယ်။ ဒါကြောင့် မောင်ဝ ကန့်ဘလူမှာ သောင်တင်နေရစ်တယ်။ အဲဒီတော့ ကန့်ဘလူက နယ်ပိုင်ဝန်ထောက်ဦးဘသန်းနဲ့ ကန့်ဘလူက သစ်တောမင်းကြီးဦးစံတို့က ဂါးတာမှာ သစ်တောဘက်က ဗိုလ်တဲရှိတယ်။ အဲဒီမှာ စစ်ခိုကြစို့ဆိုပြီး အရာရှိတွေစုပြီး အဲဒီဝင်စစ်ခိုကြတာကလား။

ဂါးတာက ကန့်ဘလူကနေပြီး လှည်းနဲ့ ၁၀ မိုင်လာမှ ရောက်တဲ့နေရာ၊ သစ်တောကြီးအလယ်မှာရှိတဲ့ ရွာကလေး။ အဲဒီမှာနေမိလို့ တစ်လလောက်အကြာ၊ ဂျပန်တွေ ကန့်ဘလူမြို့ကိုဝင်ပြီး ၃ ရက်အကြာ မောင်ဝတို့အားလုံးက ကန့်ဘလူကိုပြောင်းခါနီးဆဲဆဲမှာ ဓားပြတွေ လာတိုက်ခိုက်တာခံရလို့ ဗိုလ်တဲနားမှာပဲ မောင်ဝရယ်၊ သူ့ကားဒရိုင်ဘာရယ်၊ နယ်ပိုင်ဝန်ထောက် ဦးဘသန်းတို့ လင်မယားရယ်၊ ၄ ယောက် သေဆုံးခဲ့ရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မောင်ဝတို့ကို ရပ်ရွာက မြှုပ်နှံသင်္ဂြိုဟ်ထားကြတာမို့ ဦးလေးကျွဲက ဂါးတာရွာက သိမီတဲ့လူတွေကို မေးတဲ့အခါ သေနတ်မှန်ပြီး နေရာမှာသေဆုံးတာက ဘယ်နေရာ၊ မြှုပ်နှံတာက ဘယ်နေရာလို့ ရွာကလူတွေက အသေအချာပြောပြတယ်။ ဒါကြောင့် မြှုပ်ထားတဲ့နေရာက ရပ်ကလာပ်ကိုဖော်ယူပြီး တကယ်ကျဆုံးတဲ့ နေရာမှာ မြှုပ်တယ်။ အဲဒီနေရာမှာပဲ အုတ်ဂူကလေးတည်ပါတယ်။ ပြီးတော့ ဒီအုတ်ဂူပေါ်မှာ ကျောက်ပြားတစ်ချပ်၊ ဒီစာတွေထွင်းပြီး တင်ထားခဲ့ပါတယ်။

**၁၂၆၁ - ၁၃၀၄**

**၁၈၉၉ - ၁၉၄၂**

**သိပ္ပံမောင်ဝ**

**(ဦးစိန်တင်)**

**"မြန်မာစာပေ တိုးတက်ရေးသည် ကျွန်ုပ်တို့၏ တာဝန်"**

**ဟူ၍ ခံယူသော စာရေးဆရာ သိပ္ပံမောင်ဝသည် ပြန်လည်အားသစ်စ**

**မြန်မာစာပေလောကအတွက် သူသန်ရာမှ ကြိုးပမ်းရင်း**

**၁၃၀၄ ခု၊ နယုန်လဆုတ် (၉) ရက် စနေနေ့ (၆-၆-၄၂)**

**အင်္ဂလိပ်အပြေး ဂျပန်အဝင် ကာလပျက်တွင် ဂါးတာရွာ ဗိုလ်တဲ၌**

**ဓားပြလူဆိုးတို့၏ အထင်မှား လက်လွန်မှုကြောင့် အနိစ္စရောက်ရှာသည်။**

ဦးလှက သိပ္ပံမောင်ဝသေဆုံးတာ ၂၅ နှစ်ပြည့်တဲ့နေ့မှာ ဒီဂူဖွင့်ပွဲပြုလုပ်မယ်၊ သံဃာ ၂၅ ပါးကို ဆွမ်းများကပ်လှူပြီး ဆွမ်းအနုမောဒနာပြုမယ် မောင်ဝတို့ကိုလည်း အမျှအတန်းပေးဝေမယ်လို့ စီစဉ်ခဲ့ပါတယ်။ အဲဒီကိုသွားကြဖို့လည်း ဦးလှက ရန်ကုန်က ခေတ်စမ်းစာပေ မိတ်ဆွေတွေကိုရော၊ သိပ္ပံမောင်ဝရဲ့ ကျန်ရစ်သူဇနီး ဒေါ်ခင်သန်းမြင့်၊ သား-မောင်လူမွေး၊ ညီ-ကိုမြသွင်တို့ကိုရော ဖိတ်ကြားပါတယ်။ ကျွန်မတို့မန္တလေးကလည်း ဆရာတော်ရွှေကိုင်းသားဦးဆောင်ပြီး ကျွန်မတို့နှစ်ယောက်နဲ့ စာရေးဆရာတွေ တော်တော်များများသွားကြဖို့ စိုင်းပြင်းထားပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမဲ့ သွားရမယ့်ရက်နားနီးလာတဲ့အခါ မမျှော်လင့်တဲ့ကိစ္စတွေက ဖြစ်လာတယ်။ တရုတ်–မြန်မာ အရေးအခင်းကပေါ်လာတယ်။ အဲဒီလိုအခါမှာ ဦးလှက သူ့သတင်းစာက သူ ဘယ်ကိုမှ မခွာနိုင်တော့ပါဘူး။ ဒါကြောင့် သူလည်း မလိုက်နိုင်တော့၊ ကျွန်မလည်း မလိုက်နိုင်တော့။ ရန်ကုန်ကလည်း ဘယ်သူမှ မလိုက်နိုင်ကြဘူး။ ဒါကြောင့် ဆရာတော်ရွှေကိုင်းသားပဲ ဆရာဦးမောင်မောင်တင်တို့၊ ကဗျာဆရာ ကိုရွှေသော်တို့နဲ့အတူ ကြွကြပါတော့၊ အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြပါတော့လို့ လွှတ်လိုက်ရပါတယ်။

ဂါးတာရွာကတော့ အားလုံးအဆင်ပြေချောမောအောင် ဆောင်ရွက်ပေးကြပါတယ်။ ကျွန်မတို့ကပ်မယ့်ဆွမ်းကိုလည်း ဦးလေးကျွဲက ကျွန်မတို့ကိုယ်စား ချက်ပြုတ်ကပ်လှူပေးပါတယ်။

ဆွမ်းကပ်အပြီးမှာ သံဃာတွေက မောင်ဝရဲ့ဂူကို လက်ယာရစ်ကြွပြီး ပရိတ်တော်များ ရွတ်ဖတ်ပေးခဲ့ပါတယ်။

ဆရာတော်ရွှေကိုင်းသားတို့ ပြန်ကြွခဲ့ပြီး နောက်နှစ်တွေမှာ စာဆိုတော်ရာသီကို အကြောင်းပြုပြီး ဦးလှနဲ့ကျွန်မတို့ ဂါးတာကိုရောက်အောင် သွားခဲ့ကြတယ်။ ရွာကဆရာတော်နဲ့ ရွာလူကြီးတွေကိုလည်း မောင်ဝဂူကို စောင့်ရှောက်ပေးကြဖို့ မှာခဲ့ရပါတယ်။ ဂါးတာကို သစ်ထုတ်တဲ့ကားကြီးတွေနဲ့ပို့ပေးလို့ ကျွန်မတို့ သံတိုင်တွေ ဖက်စီးခဲ့ရတဲ့ ကားခရီးနဲ့ ဂါးတာရောက်ခဲ့ရတာပါ။

ဒီနှစ်တော့ ကန့်ဘလူက စာပေအသိုင်းအဝိုင်းက ကမကထပြုတဲ့ နှစ် ၅၀ ပွဲကိုလာဖို့ ကျွန်မကိုလာဖိတ်ပါတယ်။ ခရီးအခြေအနေကို မေးကြည့်တော့ လှည်းနဲ့သွားရပါမယ်၊ ကျွန်မလိုက်မယ်ဆိုရင် ကားစီစဉ်ပေးပါမယ်လို့ ဆိုပါတယ်။ မိုးတွေရွာထားလို့ ကသိကအောက်တော့ရှိမယ့်ပုံပါ။

ကျွန်မမှာ သွားလည်းသွားချင်၊ ဘာလုပ်ရမှန်းလည်း မသိ။ ဦးလှကိုလည်း သတိရလိုက်တာ၊ ဦးလှ အခုရှိရင် သူ့အသက် ၈၃ နှစ်ပေါ့။ သူလည်း အိုပြီပေါ့။ နို့ပေမဲ့ ဦးလှဆိုတာက မောင်ဝအပေါ် ထားတဲ့သံယောဇဉ်ရယ်၊ သူ့မှာဝတ္တရား ရှိတယ်လို့ ခံယူတာရယ်၊ ဘယ်လောက်အိုနေနေ သူလိုက်မယ်လို့ပြောမှာပဲ။ ကျွန်မ

mgyoe.com

mgyoe.com
SAMPLE BOOK



သိပ္ပံမောင်ဝ ဂူ

ကိုတော့ ဘယ်ခရီးမဆို လိုက်နိုင်ရင် အတူပါစေချင်တာမှန်ပေမယ့် ခရီးပန်းမယ်၊ မင်းနေရစ်၊ ငါလိုက်သွားမယ်လို့ ပြောမှာအမှန်ပါ။ ဆရာတော်ရွှေကိုင်းသားကော တောင်ဖေ့ခနဲ့ပါလေဦးမလား မသိပါ။ ခုတော့ ဆရာဒကာမရှိကြတော့ဘူးလေ။ ဦးလှဆုံးတာက ၁၀ နှစ် ရှိတော့မယ်။ ရွှေကိုင်းသားဆရာတော် ပျံလွန်တော်မူတာက ၅ နှစ်ရှိတော့မယ်။ ကျွန်မမှာလည်း လက်ကိုင်သုံး တောင်ဝှေသားကလေး အနားမှာ မရှိလေတော့ ကိုယ်မလိုက်နိုင်ဘဲ ကျော်ရင်မြင့်လိုက်သွားဖို့ စီစဉ်ရပါတယ် ပြီးတော့ ဆရာမင်းသုဝဏ်၊ ဆရာမောင်ထင် နဲ့ ကျွန်မဆီက ဒီအခမ်းအနားအတွက် ရေးပေးတဲ့စာကလေးတွေ ထည့်ပေးလိုက် ရတယ်။

ဂါးတာမှာ နှစ် ၅၀ ပြည့်တဲ့ ၆-၆-၁၉၉၂ နေ့က မနက်အစောကြီးရွာက အမျိုးသမီးတွေက ဆွမ်းအုပ်တွေပိုက်ပြီး ကျောင်းကိုလာကြ၊ ကျောင်းမှာ ဘုရားကန်တော့ကြ၊ ပင့်ထားတဲ့သံဃာ ၅၀ ပါးကို အရုဏ်ဆွမ်း ခေါက်ဆွဲကပ်ကြ၊ မောင်ဝဂူမှာ လွမ်းသူ့ပန်းခွေချကြ၊ ပို့ပေးတဲ့ သဝဏ်လွှာတွေဖတ်ကြ၊ ဆရာတော်က မိန့်ခွန်းစကားတွေပြောပြီး နေ့ဆွမ်းများ ဆက်ကပ်ကြပါတယ်။ အဲဒီပွဲမှာ ပင့်သံဃာဆရာတော်တွေနဲ့အတူ ပါလာတဲ့ ကျောင်းသား ၅၀၊ ရှာခံကျောင်းသား ၅၀၊ ဘုန်းကြီး ကျောင်းသား ၃၀ နဲ့ ရွာလုံးကျွတ် လူ ၃၀၀ လောက်ကို ဝက်သားဟင်းနဲ့ ထမင်းကျွေးပါသေးတယ်။

ဦးလှက သိပ္ပံမောင်ဝ သူ့နောင်ကြီးကို 'ကြာပေမယ့် မမေ့နိုင်ပါ' လို့ ရေးခဲ့တာပါ။

[ မိုးဂျာနယ်၊ တွဲ ၂၊ အမှတ် ၈၊ စက်တင်ဘာလ၊ ၁၉၉၂ ]

mgyoe.com

mgyoe.com SAMPLE BOOK

# သိပ္ပံမောင်ဝ

## အမှတ်တရ နှစ် (၅၀) ပွဲ

စာရေးဆရာကြီး သိပ္ပံမောင်ဝ သေဆုံးတာ ဒီနှစ် ၁၉၉၂ ခု၊ ဇွန်လ ၆ ရက်နေ့က နှစ် ၅၀ ရှိပြီမို့ သူသေဆုံးခဲ့တဲ့ ဂါးတာရွာမှာ အမှတ်တရပွဲတစ်ခု၊ သံဃာများကို ဆွမ်းကပ်၊ မောင်ဝကို အမျှအတန်းပေးဝေပြီး သိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။

ဂါးတာရွာဆိုတာ ရွှေဘိုခရိုင် ကန့်ဘလူမြို့ရဲ့အရှေ့ဘက် ၁၀ မိုင်ကွာက သစ်တောကြီးထဲမှာရှိပါတယ်။ သိပ္ပံမောင်ဝဟာ အဲဒီရွာမှာပဲ ဓားပြတွေ ဝိုင်းပစ်လို့ သေဆုံးခဲ့ရ၊ မြှုပ်နှံခဲ့ရတဲ့အတွက် သူသေဆုံးပြီး ၂၅ နှစ်ကြာတော့ လူထုဦးလှက ဂါးတာရွာက သူ့ကိုမြှုပ်နှံတဲ့နေရာမှာ အုတ်ဂူကလေးတစ်ခု တည်ထားမှတ်သားခဲ့ပါတယ်။ ဒီအုတ်ဂူကို ကြီးကြပ်လုပ်ဆောင်ပေးသူက စာရေးဆရာနွယ်ထွန်းရဲ့ အဖေ ဦးလေးကျွဲပါ။ အဲဒီအုတ်ဂူပေါ်မှာ–

**၁၂၆၁ – ၁၃၀၄**

**၁၈၉၉ – ၁၉၄၂**

**သိပ္ပံမောင်ဝ**

**(ဦးစိန်တင်)**

mgyoe.com

mgyoe.com
SAMPLE BOOK

**"မြန်မာစာပေ တိုးတက်ရေးသည် ကျွန်ုပ်တို့၏ တာဝန်"**

**ဟူ၍ ခံယူသော စာရေးဆရာ သိပ္ပံမောင်ဝသည် ပြန်လည်အားသစ်စ**

**မြန်မာစာပေလောကအတွက် သူသန်ရာမှ ကြိုးပမ်းရင်း**

**၁၃၀၄ ခု၊ နယုန်လဆုတ် (၉) ရက် စနေနေ့ ၆-၆-၄၂**

**အင်္ဂလိပ်အပြေး ဂျပန်အဝင် ကာလပျက်တွင် ဂါးတာရွာ မိုလ်တဲ၌**

**ဓားပြလူဆိုးတို့၏ အထင်မှား လက်လွန်မှုကြောင့် အနိစ္စရောက်ရာသည်၊**

ဆိုတဲ့ ကမ္ပည်းတင်တဲ့ ကျောက်စာထည့်သွင်းထားခဲ့ပါတယ်။

သိပ္ပံမောင်ဝ အခုလို လူသူမနီးတောကြီးထဲမှာ ကွယ်လွန်ခဲ့ရတာက တခြားကြောင့်မဟုတ်ဘူး။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာတော့ သိပ္ပံမောင်ဝက အိုင်စီအက်ပဋိညာဉ်ခံဝန်ထမ်းအရာရှိအကြီးစားဟုတ်လား။ အဲဒီတော့ ဗြိတိသျှအစိုးရ မြန်မာနိုင်ငံက စစ်ရေးအရ သူတို့စစ်ဆုတ်ပြေးရတဲ့အခါ မောင်ဝတို့လိုအရာရှိကြီးတွေလည်း လိုက်ဆုတ်ရမယ်။ မြစ်ကြီးနားဘက်ကို ဆုတ်ခဲ့ကြ၊ မြစ်ကြီးနားကမှ အိန္ဒိယဘက်ကိုကူး ဆုတ်ခဲ့ကြဆိုလို့ မောင်ဝတို့က ရွှေဘိုကနေပြီး မြစ်ကြီးနားကို မီးရထားနဲ့ သွားကြရတယ်။

အဲဒီအချိန်က မြန်မာနိုင်ငံထဲကို တရုတ်ဖြူ ကိုမင်တန်တွေက ကူတိုက်ပေးရအောင် ရောက်လာနေကြပါပြီ။ ဒီတရုတ်ဖြူတပ်တွေက မောင်ဝတို့စီးလာတဲ့ မီးရထားကတွဲတချို့ကို ကန့်ဘလူမှာ ဖြုတ်ထားပစ်ခဲ့တော့ မောင်ဝတို့ ကန့်ဘလူမှာသောင်တင်ကျန်ရစ်ပြီး အခက်တွေ့နေပါတော့တယ်။ အဲဒီအခါ ကန့်ဘလူနယ်ပိုင်ဝန်ထောက်ဦးဘသန်းက သစ်တောဘက်က အရာရှိဦးစံတို့နဲ့ပေါင်းပြီး သစ်တောဘက်က မိုလ်တဲတစ်ခုရှိရာ ဂါးတာကို စစ်ခိုရင်းနေရစ်ကြဖို့ အကြံပြုတာနဲ့ မောင်ဝတို့ ဂါးတာရွာကို လိုက်သွားကြ၊ အဲဒီတောထဲက မိုလ်တဲမှာပဲ အရာရှိလေးငါးဦး စုဝေးနေထိုင်ကြတာ ဖြစ်ပါတယ်။

ခေတ်ပျက်မှာ တရုတ်ဖြူတပ်တွေ ကစဉ့်ကလျားနဲ့ ပစ်စလက်ခတ်ပြန့်ကျဲထားခဲ့တဲ့လက်နက်တွေဟာ ကန့်ဘလူတစ်ပိုက်မှာ လူတွေလက်ထဲရောက်


mgyoe.com

mgyoe.com SAMPLE BOOK

ကုန်တော့ ဓားပြဂိုဏ်းကြီးတွေက အဲဒီဗရန်ဒါကြံ စစ်လက်နက်တွေ ကိုင်စွဲပြီး အရာရှိကြီးတွေ စုပေါင်းနေထိုင်ကြတယ်လို့ သတင်းရတဲ့ဂါးတာကိုလာပြီး တိုက်ခိုက်လုယက်ကြပါတော့တယ်။ အဲဒီမှာ နယ်ပိုင်ဝန်ထောက် ဦးဘသန်းတို့လင်မယား၊ သိပ္ပံမောင်ဝနဲ့ သူ့ကားမောင်းသမားတို့ သေနတ်ထိမှန်ပြီး သေဆုံးခဲ့ပါတယ်။

ဒါကြောင့် ဦးလှက ဂါးတာမှာ အဲဒီအဖြစ်အပျက်တွေကို သေသေချာချာ သိမိသူတွေဆီက မေးမြန်းပြီး မောင်ဝသေဆုံးခဲ့တဲ့နေရာမှာ အုတ်ဂူကလေး တည်ဆောက်ပြီး အထိမ်းအမှတ်လုပ်ခဲ့တာပါ။

သူသေဆုံးတာ ၂၅ နှစ်ပြည့်တဲ့အချိန်က စာရေးဆရာ ဆရာတော်ရွှေကိုင်းသားဦးဆောင်ပြီး ဦးမောင်မောင်တင်တို့၊ ဆရာဦးသန်းထွတ်တို့၊ ကဗျာဆရာရွှေသော်တို့ ပါဝင်တဲ့အဖွဲ့တစ်ဖွဲ့ ဂါးတာရွာသွားပြီး ဂူဖွင့်ပွဲ၊ သံဃာ ၂၅ ပါးဆွမ်းကပ်ပွဲ၊ တရားနာ ပရိတ်ရွတ် အမျှဝေ ရေစက်ချပွဲကလေး ၁၉၆၇ ခု၊



**သိပ္ပံမောင်ဝကျောက်စာဂူတွင် ဆရာတော်များ ဦးဆောင်ပြီး**
**လူပရိသတ် ၂၅၀ ကျော် လက်ျာရစ်လှည့်၍ မေတ္တာပို့အမျှဝေကြစဉ်**

mgyoe.com

mgyoe.com SAMPLE BOOK

ဇွန်လမှာ ပြုလုပ်ခဲ့ပါတယ်။ အဲဒီပွဲကို ဦးလှနဲ့ကျွန်မက လူထုသတင်းစာကို အရေးတကြီး ရေးသားနေရချိန်မို့ ပစ်ထားခဲ့ပြီး လိုက်မသွားနိုင်ခဲ့ဘူး၊ နောက်နှစ် စာဆိုတော်ရာသီမှာမှ ကျွန်မတို့ဂါးတာကိုသွားခဲ့၊ မောင်ဝအုတ်ဂူကလေးကို ကြည့်ခဲ့ပြီး ဂါးတာက ကျောင်းထိုင်ဆရာတော်နဲ့ ရွာသူရွာသားတွေကို ဂူကလေး စောင့်ရှောက်ပေးဖို့ ပန်ကြားခဲ့ကြပါတယ်။

ဒီနှစ် ၁၉၉၂ တော့ ကန့်ဘလူမြို့နယ်မှာ စာပေဝါသနာပါပြီး စာရေးကြတဲ့ ပုဂ္ဂိုလ်များက မောင်ဝသေဆုံးတာ နှစ် ၅၀ ပြည့်တော့မယ်၊ ဂါရဝပြုတဲ့အထိမ်းအမှတ်ကလေးတစ်ခုလုပ်မယ်ဆိုပြီး မြို့နယ်မဝတ အတွင်းရေးမှူး မြို့ပိုင်ဦးအောင်မြင့်ထွန်း၊ သတင်းထောက် ကိုခင်မောင်ရည်၊ တိုင်းရင်းဆေးက ဆရာကိုဝင်းမြင့်ဦးတို့က မြို့နယ်ပညာရေးမှူး ဆရာကြီးဦးမောင်ကြည် ဥက္ကဋ္ဌပြုတဲ့ကော်မတီတစ်ရပ်ဖွဲ့ပြီး မြို့နယ်ပညာရေးဌာနက ဆရာ ဆရာမတွေပါ ပါဝင်ပြီး ကမကထ လုပ်ခဲ့ကြတယ်။

ဒီပွဲကို ကဗျာဆရာ စာရေးဆရာတွေရဲ့ကိုယ်စား စာရေးဆရာကျော်ရင်မြင့်တက်ရောက်ခဲ့တယ်။

ဂါးတာမှာ မောင်ဝကို အမှတ်တရ ဂါရဝပြုတဲ့ပွဲကလေးက လွမ်းစရာပါ။ မနက်အစောကြီးမှာ ဂါးတာရွာက အမျိုးသမီးတွေက ဆွမ်းအုပ်တွေပိုက်ပြီး အခမ်းအနားလုပ်မယ့် ဘုန်းကြီးကျောင်းကို လာကြတယ်။ ကျောင်းကြီးကလည်း ပင့်သံဃာ ၅၀ စီးလာတဲ့လှည်းတွေချွတ်ထားတဲ့ လှည်းဝိုင်းကြီးနဲ့။ ကျောင်းပေါ်က ဘုရားဆောင်ခန်းမကျယ်ကြီးထဲမှာ တဘက်ပခုံးတင်၊ တင်တဲ့တဘက်တွေ ရှေ့မှာ တစ်စဖြန့်ခင်းပြီး အမျိုးသမီးတွေက ဘုရားကန်တော့ကြတယ်။

ကန်တော့ပြီးတော့ အနီးအပါးမြို့နဲ့ ကျေးရွာတွေကပင့်ထားလို့ လှည်းတွေနဲ့ ကြွရောက်လာတဲ့ ပင့်သံဃာ ၅၀ ကို အရုဏ်ဆွမ်းအဖြစ် ခေါက်ဆွဲဆွမ်းများကပ်လှူပါတယ်။

အဲဒါပြီးတော့ နံနက် ၇ နာရီမှာ သိပ္ပံမောင်ဝကို မြှုပ်နှံခဲ့ရာနေရာဂူမှာ လွမ်းသူ့ပန်းခွေများ ချပါတယ်။ ကန့်ဘလူ မဝတက ပန်းခွေတစ်ခွေ၊ ကန့်ဘလူ

mgyoe.com

mgyoe.com SAMPLE BOOK




**သိပ္ပံမောင်ဝ အုတ်ဂူကို ကန့်ဘလူ၊ အထက်တန်း ကျောင်းဆရာမ ဒေါ်ကြင်ကြင်ထွေး (ဘီအေ) က ပန်းစည်းဖြင့် ကန်တော့နေစဉ်**

မြို့နယ်ပညာရေးဘက်မှ ဆရာဆရာမများက လွမ်းသူ့ပန်းခွေတစ်ခွေ၊ စာရေးဆရာ ကဗျာဆရာအားလုံးကိုယ်စားမန္တလေးကလာတဲ့ စာပေသမားတွေက ပန်းခွေတစ်ခွေ၊ မြို့ခံစာပေနဲ့ စာနယ်ဇင်းအဖွဲ့က ပန်းခွေတစ်ခွေ ချကြပါတယ်။ မောင်ဝ ရဲ့ဂူခေါင်းရင်းမှာ ထန်းနဲ့သပြေ အပင်နှစ်ပင် အမှတ်တရစိုက် ထားပါတယ်။

နံနက် ၈ နာရီမှာတော့ ဂါးတာဘုန်းကြီးကျောင်းပေါ်မှာ ဟောပြောပွဲ လုပ်ပါတယ်။ အကြောင်းအားလျော်စွာ သိပ္ပံမောင်ဝ ဂါးတာမှာ နေခဲ့တဲ့ ရက်တွေတုန်းက မောင်ဝနဲ့ အချိန်တော်တော်များများ အတူနေခဲ့ပြီး ဒီဒေသအကြောင်းများကို မောင်ဝအားပြောပြခဲ့တဲ့ ရွာခံ ကိုမောင်ခိုဆိုသူက ခုတော့ သက်တော် ၇၇ နှစ် ရှိပြီဖြစ်တဲ့ ဂါးတာရွာကျောင်း ဘုန်းတော်ကြီးဆရာတော်ဦးအာစရ ဖြစ်နေပါတယ်။

မောင်ဝ အမှတ်တရအခမ်းအနား ကျောင်းကြီးပေါ်မှာ စတင်ကျင်းပတော့ နမောတဿသုံးကြိမ် ရွတ်ပြီးမှ ခေတ်စမ်းခေတ်မှာ မောင်ဝနဲ့အတူ လှုပ်ရှားခဲ့ပြီး ယခုတိုင် သက်ရှိထင်ရှားရှိနေသေးတဲ့ ဆရာကြီးမင်းသုဝဏ်နဲ့ ဆရာမောင်ထင်တို့ရဲ့သဝဏ်များ၊ လူထုဒေါ်အမာရဲ့သဝဏ်များကို ကျော်ရင်မြင့်က ဖတ်ကြားပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

# မင်းသုဝဏ်ရဲ့ သိပ္ပံမောင်ဝ သမိုင်း

ကောလိပ်သိပ္ပံ၊ အရင်းခံ၍
သိပ္ပံမောင်ဝ၊ ထိုမှတစ်ဆင့်
တင်မောင်မြင့်ပြင်၊ မောင်မြသွင်ဟု
ဆင်ကွဲ ဟန်ကွဲ ဦးစိန်တင်။
ဂန္ထလောက၊ သူရိယနှင့်
မြန်မာ့နေ့စဉ်၊ တွဲယှဉ်ဒဂုန်
အစုံမြောက်မြား၊ ကြီးပွားရေး၌
တွေးဖွယ်တောဖွယ်၊ ဆင်ခြင်ဖွယ်တို့
ဖွယ်ဖွယ်ဖုံဖုံ၊ ဆောင်းပါးစုံနှင့်
ပြည်သူ့ဖြစ်ပုံ၊ ဝတ္ထုစုံကို
ကြုံရာရေးထု၊ ကျေးဇူးပြုသည်
စုစုနှစ်ပေါင်း ဆယ့်ငါးမျှ
ထိုအခိုက်တွင်
မှောင်မိုက်စစ်ကြီး သူဖိစီး၍
သမီးနှင့်သား၊ ဇနီးအားလျှင်
ဘေးများကင်းရာ၊ ခေါ်ဆောင်ရာ၌
ကြမ္မာဆိုးသွမ်း၊ ငပုပ်ဖမ်းကာ
စိတ်ဝမ်းကွဲဖွယ်၊ တောအလယ်တွင်
ကွယ်ခဲ့ပါရ ကြယ်တစ်ပွင့်။
လူထုကြီးမှာ လွန်ရင်နင့်။ ။

မင်းသုဝဏ်

၂-၆-၁၉၉၂

mgyoe.com

mgyoe.com SAMPLE BOOK

# သိပ္ပံမောင်ဝ ကွယ်လွန်ခြင်း
# နှစ် (၅၀) ပြည့်အထိမ်းအမှတ် စာသဝဏ်

သိပ္ပံမောင်ဝသည် ခေတ်စမ်းစာပေတံခါးကို အဦးအစ ဖွင့်ပေးခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။

မြန်မာစာပေဘာဏ္ဍာတိုက်သည် ကမ္ဘာ့နိုင်ငံအသီးသီးတို့ရှိ ဘဏ္ဍာတိုက်များနည်းတူ ဖွံ့ဖြိုးခဲ့၏။ စင်စစ် တိုင်းတစ်ပါးသားတို့၏ ကျူးကျော်ခြင်း၊ ပထမနှင့် ဒုတိယကမ္ဘာစစ်ဖြစ်ခြင်းစသော ဒဏ်တို့ကြောင့် လွတ်လပ်ရေးပျက်ပြားခဲ့ရသည့် တိုင်အောင် စာပေပညာရှင်အဆက်ဆက်တို့သည် စာပေဘဏ္ဍာတိုက်၌ စာပေ ရတနာအမျိုးမျိုးတို့ကို ပြုစုထိန်းသိမ်းနိုင်ခဲ့ကြသည်။

ထိုရတနာများကို အများပြည်သူတို့ ဝင်ရောက်ယူငင် သုံးစွဲနိုင်အောင် စာပေတံခါးများကို ဖောက်လုပ်ထားသည်။ ရှေးအစဉ်ကိုလိုက်၍ သိပ္ပံမောင်ဝ ကလည်း စာပေတံခါးတစ်ခုကို ဖန်တီးခဲ့သည်။

သိပ္ပံမောင်ဝက ထိုစာပေတံခါးကို အစပထမဖွင့်လှစ်ပေးသောအခါ ဘဏ္ဍာ တိုက်ထဲရှိ လက်တစ်ဆုပ်စာမျှသော ရတနာတို့ကိုတွေ့ရ၏။ ယင်းတို့ကို မပြောပ လောက်ဟု ထင်မှတ်ကြသည်။ ပညာနှင့်ဥစ္စာတို့ကို ရှာဖွေစုဆောင်းရာ၌ ထောင်ပုံ ရာပုံနှင့် စတင်စုဆောင်းသည်ဟု မရှိချေ။ အာဒိကပ္ပဟူသော လုပ်ငန်း၏အစသည် ပမာဏအားဖြင့် သေးငယ်သည်။ အကယ်၍ သိပ္ပံမောင်ဝသည် ယနေ့ပညာရှင်များ၊ ဝါသနာရှင်များ စုပေါင်းကျင်းပသော အထိမ်းအမှတ်ပွဲသို့ တက်ရောက်လာမည်ဆို ပါက သူဖွင့်ပေးခဲ့သော တံခါးအတွင်း စာပေရတနာများ ဖွံ့ဖြိုးနေပုံကိုလည်းကောင်း၊ နောက်ထပ် စာပေသစ်တံခါးပေါက်များ ပွင့်နေသည်ကိုလည်းကောင်း တွေ့မြင်ရ လိမ့်မည်။

သူ၏စာပေကြိုးပမ်းမှု အလဟဿမဖြစ်ကြောင်းကို သိရသောအခါ သိပ္ပံမောင်ဝသည် သူ၏ဝါသနာအတိုင်း တိုတိုနှင့်ထိမိသော အဖွဲ့အနွဲ့ဖြင့် ဆောင်းပါး တစ်စောင်ကို ရေးသားမိပေလိမ့်မည်။

**မောင်ထင်**

၂-၆-၁၉၉၂

mgyoe.com

mgyoe.com SAMPLE BOOK

# သိပ္ပံမောင်ဝ ကွယ်လွန်တဲ့နှစ် ၅၀ ပြည့် အထိမ်းအမှတ်သို့ (၆-၆-၄၂ မှ ၆-၆-၉၂ ထိ)

ခေတ်သစ် မြန်မာစာပေဗိမာန်ရဲ့ ဗိသုကာတစ်ဦးဖြစ်သူ စာရေးဆရာကြီး သိပ္ပံမောင်ဝ ကွယ်လွန်တာ နှစ် ၅၀ ရှိပြီမို့ သံဃာတော်အပါး ၅၀ ကျော်အား ဆွမ်းဘောဇဉ်များ ဆက်ကပ်ပြီး သိပ္ပံမောင်ဝကို အမျှအတန်းပေးဝေတဲ့ အခမ်းအနား ကျင်းပကြတဲ့အတွက် ဝမ်းမြောက်နမော် သာဓုခေါ်ရပါတယ်။

စာရေးဆရာကြီး သိပ္ပံမောင်ဝဟာ ကမ္ဘာစစ်မီးလောင်နေတဲ့ ခေတ်ပျက်၊ ကာလပျက်မှာ အချိန်မတိုင်ဘဲ သေဆုံးရတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်လို့ နှမြောမဆုံး ယူကျုံးမရ ရှိကြရတယ်။

သိပ္ပံမောင်ဝဟာ စာရေးသက် ၁၅ နှစ်အတွင်းမှာ ရေးဖော်ဘဝတူချင်းက လက်ဖျားခါရလောက်အောင် များပြားတဲ့စာတွေ ရေးနိုင်တဲ့ပုဂ္ဂိုလ်၊ အကြောင်းအရာ အနေနဲ့ အလွန်စုံလင်စွာရေးသားနိုင်တဲ့ ဘက်စုံစွယ်စုံရပုဂ္ဂိုလ်ဖြစ်ပြီး အတိုက်အခံ၊ ဝေဖန်မှုတွေကြားမှာ ခေတ်သစ်အရေးအသားကို တစိုက်မတ်မတ် လမ်းခင်းရေးသား သွားတဲ့ပုဂ္ဂိုလ်မို့ သိပ္ပံမောင်ဝသေဆုံးတာ နှစ်တွေဘယ်လောက်ကြာကြာ သူ့စာ သူ့ဘဝကို လူတွေက မေ့ပျောက်ကြမှာ မဟုတ်ပါဘူး။

မြန်မာတည်သရွေ့ မြန်မာစာတည်တံ့ဖြစ်ထွန်းနေမယ်။ မြန်မာစာတည် သရွေ့ သိပ္ပံမောင်ဝရဲ့အမည်ဟာလည်း တည်ရှိနေမှာဖြစ်ပါတယ်။

**လူထုဒေါ်အမာ**

ဂါးတာရှာဆရာတော်က သိပ္ပံမောင်ဝရဲ့ ရင်နင့်ဖွယ်ရာအဖြစ်ကို သိခဲ့ကြုံခဲ့ တဲ့အတိုင်း ပြောပြပြီးတဲ့အခါ မြို့နယ်ပညာရေးမှူး ဆရာကြီးဦးမောင်ကြည်က 'လက်ဆောတဲ့လူတစ်ယောက်၊ လက်သရမ်းသူတစ်ယောက်ကြောင့် ဒီလိုဖြစ်ရတယ်။ နောင် ဒီအဖြစ်မျိုး မပေါ်ပေါက်ရမကြုံရအောင် လောကပါလတရားကို ဝိုင်းဝန်း စောင့်ထိန်းပေးကြပါ' လို့ ပြောဆိုပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာတော့်ကျောင်းကြီးပေါ်မှာ သံဃာအပါး ၅၀၊ ကိုရင် ၃၀၊ ဧည့်သည်ကျောင်းသား ၅၀၊ ရွာက ကျောင်းသား ၅၀ နဲ့ ရွာလုံးကျွတ် မီးခိုးတိတ် လူ ၃၀၀ ကျော်ကို ထမင်းကျွေးပါတယ်။

ထမင်းက ဝက်သားဟင်း၊ ကင်ပလင်းရွက်အချဉ်ချက်၊ ကြာဆံဟင်းချို၊ ငရုတ်သီးထောင်းနဲ့မို့ အားလုံးမြိန်မြိန်ကြီးစားသောက်ကြရပါတယ်။

ဂါးတာရွာဟာ အရင်က ကျွန်းတောကြီးအလယ်မှာ နေပြောက်မထိုးဘူး၊ မိုက်နေပြီး နှင်းတဖြောက်ဖြောက်ကျနေတဲ့ရွာတဲ့။ အခုထိ ဒီရွာကလူတွေ တယ်လီဖေးရှင်း မမြင်ဖူးဘူး၊ ရေဒီယိုတောင်မရှိတဲ့ရွာ၊ ကျောင်းသားတွေကို ဆရာတော်က ဗိုလ်ကေထားခွင့်မပြုလို့ ခေါင်းတုံးနဲ့သော်လည်းကောင်း၊ သျှောင်ပေစူးကလေးတွေနဲ့သော်လည်းကောင်း ဆင်တူတွေ မြင်ရသေးတဲ့ ရွာကလေးပါ။ ကန့်ဘလူက ဂါးတာကို လှည်းနဲ့ ၁၀ မိုင်ခရီးလာကြရပါတယ်။

ဝမ်းသာစရာသတင်းတစ်ခုကတော့ သိပ္ပံမောင်ဝဂူကို ကန့်ဘလူမြို့နယ် စည်ပင်သာယာ အင်ဂျင်နီယာ ဦးမျိုးတင့်ဆွေက ဂူကို မူလဟာလည်း မပျက်စီးစေဘဲ ထပ်မံမွမ်းမံချဲ့ထွင်မယ်လို့ တာဝန်ယူလိုက်ပါသတဲ့။ သူက ထီ ၁၇ သိန်းပေါက်ထားတဲ့ပုဂ္ဂိုလ်ပါ။

ဂါးတာက စာရေးဆရာတွေ ညနေ ၅ နာရီမှာ ပြန်ခဲ့ကြပြီး၊ နောက်ရက် ကန့်ဘလူမှာ စာပေဟောပြောပွဲ လုပ်ခဲ့ကြသေးတယ်။

ပိတောက်သိင်္ဂီခန်းမမှာ စာရေးဆရာကျော်ရင်မြင့်က 'သိပ္ပံမောင်ဝရဲ့ ပြဇာတ်များ' အကြောင်းကို ဟောပြောတယ်။

သိပ္ပံမောင်ဝရဲ့ နှစ် ၅၀ ပြည့်အမှတ်တရပွဲက သိုက်သိုက်မြိုက်မြိုက် အောင်အောင်မြင်မြင်ရှိလှတာမို့ 'လူဆိုတာ သေတစ်ကံ ရှင်တစ်ကံပါပဲ' လို့ အောက်မေ့မိပြီး လူထုဦးလှကို ပိုသတိရမိပါတယ်။ 'ကြာပေမယ့် မမေ့နိုင်ပါ' ဆိုတဲ့ သူ့နောင်ကြီးကိုဝ ကွယ်လွန်တာ နှစ် ၅၀ ရှိပြီဖြစ်သလို ဦးလှဆုံးတာလည်း ဩဂုတ်လဆို ၁၀ နှစ်ပြည့်ပါပြီကော။ မောင်ဝရဲ့ဂူဗိမာန်ကို လွန်ခဲ့တဲ့ ၂၅ နှစ်က ဖွင့်လှစ်ပေးတော်မူခဲ့တဲ့ ဆရာတော်ရွှေကိုင်းသား ပျံလွန်တော်မူတာတောင် ၅ နှစ်ရှိပြီပဲလေ။

**[ မဟေသီမဂ္ဂဇင်း ၊ အမှတ် ၉၄၊ ဩဂုတ်လ၊ ၁၉၉၂ ]**

mgyoe.com

mgyoe.com SAMPLE BOOK

# ပုပ္ပားဦးကျော်ရင်နဲ့
# သိပ္ပံမောင်ဝတို့ရဲ့ဘဝခရီးကြမ်း

စာရေးဆရာ ပုပ္ပားဦးကျော်ရင်အမည်ခံ လယ်တီဦးကောဝိဒအတွက် သိပ္ပံမောင်ဝကျောက်စာလို ကျောက်စာတစ်ခု စိုက်ထူချင်လို့ လူထုဦးလှတို့က ကူညီဝိုင်းဝန်းကြပါဦးလို့ စာရေးဆရာရွှေကိုင်းသားဆရာတော်ကတစ်ဆင့် စစ်ကိုင်းတောင်ရိုးက ဆရာတော်တချို့က ဟိုမနှစ်ကတည်းက အမိန့်ရှိလာပါတယ်။ ဇမ္ဗူထိန်လင်းဆရာတော်အမှူးရှိတဲ့ ဆရာတော်တွေရဲ့ဆန္ဒက လယ်တီဦးကောဝိဒ အနိစ္စရောက်တာ ဒီနှစ်ဆိုရင် ၂၅ နှစ် ပြည့်တော့မယ်။ ဒါကြောင့် ဦးလှတို့ သိပ္ပံမောင်ဝ ကျဆုံးတဲ့နေရာ၊ ကန့်ဘလူနားက ဂါးတာရွာမှာ ကျောက်စာတစ်ချပ် စိုက်ထူခဲ့သလို စာရေးဆရာ ပုပ္ပားဦးကျော်ရင်အမည်ခံ လယ်တီဦးကောဝိဒကျဆုံးတဲ့ တယ်ပင်တဲကျေးရွာမှာ ကျောက်စာစိုက်ထူချင်တာပါတဲ့။

mgyoe.com

mgyoe.com SAMPLE BOOK




လယ်တီဦးကောဝိဒ (ပုပ္ပားဦးကျော်ရင်) ရဲ့ကျောက်စာဖွင့်ပွဲ

## ဂူဖွင့်ပွဲ

ဆရာတော်များရဲ့ဆန္ဒရှိရာကို ကူညီပါမယ်လို့ ပြန်လျှောက်တဲ့အခါ ကျောက်စာအပ်ပေးရုံသာမဟုတ်၊ လယ်တီဦးကောဝိဒရဲ့မွေးနေ့၊ မွေးလ၊ မွေးရက်ဖြစ်တဲ့ နယုန်လဆန်း ၅ ရက် တနင်္လာနေ့မှာ ဒီကျောက်စာဂူဖွင့်ပွဲ ကျင်းပချင်တယ်။ ဒီဂူဖွင့်ပွဲကို အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းက လာရောက်ဖွင့်လှစ်ပေးပါ။ ပုပ္ပားဦးကျော်ရင်အကြောင်း သူ့အပေါင်းအသင်းရောင်းရင်းနဲ့ တပည့်တပန်းတွေက ဝိုင်းဝန်းရေးသားကြတဲ့ စာအုပ်တစ်အုပ်ကိုလည်း ဒီရက်အမီ ရိုက်နှိပ်ပေးပါလို့ ဆရာတော်တွေက မေတ္တာရပ်ခံပြန်ပါတယ်။

## ဝိုင်းဝန်းပြီး

ဒါကြောင့် လွန်ခဲ့တဲ့တစ်နှစ်နီးပါးက လာပြီးပြောကြားထားတဲ့ ကိစ္စများကို ကျွန်မတို့က ဝိုင်းဝန်းပြီး အကောင်အထည်ဖော်ပေးပါတယ်။ နယုန်လဆန်း ၄ ရက်နေ့ကတော့ တယ်ပင်တဲမှာ ကျောက်စာဂူဖွင့်ဖို့အတွက် စစ်ကိုင်း၊ မန္တလေးက ဆရာတော်များလိုက်ပါတဲ့ဘတ်စ်ကားက တစ်စီး၊ အထက်ဗမာနိုင်ငံ စာရေးဆရာ

mgyoe.com

mgyoe.com SAMPLE BOOK

အသင်းက ဘတ်စ်ကားတစ်စီး၊ အချိန်မီရိုက်နှိပ်ထားတဲ့ 'လယ်တီဦးကောဝိဒ' စာအုပ်များပါ တင်ဆောင်ပြီး တယ်ပင်တဲကို ထွက်ခဲ့ကြတယ်။

## ကျောက်ပန်းတောင်းလမ်းမှာ

တယ်ပင်တဲဆိုတာ မိတ္ထီလာ–ကျောက်ပန်းတောင်း ကားလမ်းပေါ်မှာ ရှိပါတယ်။ မိတ္ထီလာက မိုင် ၄၀ သွားတော့ မုန်တိုင်ဆည်ကြီးအလွန် ကျောက်ပုံရွာနဲ့ ၂ မိုင်အကွာလောက်မှာရှိတဲ့ ကြက်မောက်တောင်ဆည်ကြီးအရှေ့ဘက်က ရွာတစ်ရွာဖြစ်ပါတယ်။

ပုပ္ပားဦးကျော်ရင်အမည်ခံ လယ်တီဦးကောဝိဒရဲ့အဖေက ပုပ္ပားနယ်ထဲက ရသေ့တောင်သား၊ အမေက ပုပ္ပားနယ်က တယ်ပင်တဲရွာသူ၊ သားကို ရသေ့တောင်မှာမွေးပြီး တယ်ပင်တဲမှာ စာစသင်စေခဲ့တယ်။ ဦးကောဝိဒဟာ ပုပ္ပားတောင်ရိပ်မှာ အခုလို ကြီးပြင်းခဲ့ရသူမို့ လယ်တီဦးကောဝိဒအပြင် ကလောင်နာမည်တစ်ခုကို ယူပြန်တဲ့အခါ 'ပုပ္ပားဦးကျော်ရင်' ဆိုပြီး ငယ်စဉ်က လူနာမည်နဲ့ပုပ္ပားကိုတွဲပြီး ယူလိုက်တာ ဖြစ်ပါတယ်။ လယ်တီပဏ္ဍိတဦးမောင်ကြီး အနိစ္စရောက်တဲ့နောက် ဒဂုန်မဂ္ဂဇင်း အယ်ဒီတာချုပ်ဟာ ဒီ 'ပုပ္ပားဦးကျော်ရင်' ပါပဲ။

ဦးကောဝိဒဟာ စိတ်နေစိတ်ထားထက်သလောက် ဉာဏ်လည်း ထက်မြက်လှသူမို့ ရဟန်းဘဝရောက်စမှာပဲ အစိုးရပထမကျော်နဲ့ ပရိယတ္တိဓမ္မာစရိယဘွဲ့များကို ဆွတ်ခူးလိုက်နိုင်တယ်။ ရဟန်းလောကမှာ ခက်လှတယ်ဆိုတဲ့စာမေးပွဲတွေကို ငယ်ငယ်လေးနဲ့အောင်ခဲ့သူပေါ့။

## ကဗျာ စာဝါ

ကဗျာလင်္ကာအရာမှာလည်း တော်တဲ့ပုဂ္ဂိုလ်မို့ ဘယ်ရဟန်းမှ မပို့ချဖူးတဲ့ ကဗျာ–စာငါကို မန္တလေးက အိမ်တော်ရာ ၁၄ ခန်းဇရပ်ကြီးမှာ ပို့ချခဲ့ဖူးတယ်။ ကဗျာ–လင်္ကာရေးစပ်နည်းနဲ့ ပတ်သက်လို့လည်း နာမည်ကျော်ကြားထင်ရှားတဲ့ စာအုပ်တွေ ရေးသားခဲ့တယ်။ ဒဂုန်မဂ္ဂဇင်းမှာတော့ လယ်တီပဏ္ဍိတဦးမောင်ကြီး

mgyoe.com

mgyoe.com SAMPLE BOOK

အနိစ္စရောက်ချိန်ကစပြီး ရေးနေကျ သလ္လာဝတီတင့်အုံ၊ ပုပ္ပားဦးကျော်ရင်၊ မန္တလေး မောင်သန်းမြစတဲ့ ကလောင်နာမည်တွေနဲ့အပြင် မဂ္ဂဇင်းစာအုပ်တစ်အုပ်လုံးကို လုံးဝတာဝန်ယူပြီး ရေးသားသွားတာ စစ်ဖြစ်လို့ မဂ္ဂဇင်းရပ်ရတဲ့ အချိန်အထိပဲတဲ့။

## စာအုပ် ၄၀

လယ်တီဦးကောဝိဒဟာ အသက် ၃၀ နှစ်မှာ အနိစ္စရောက်တာ ဖြစ်ပေမယ့် သူရေးသားသွားတဲ့ ကျမ်းစာအုပ်ပဲ ၄၀ နီးပါးရှိခဲ့တယ်။ စုပေါင်းပုံနှိပ်ခြင်းမပြုသေးတဲ့ ဆောင်းပါးတွေလည်း အပုံ၊ တစ်ခါမှ စက်မတင်ရသေးတဲ့ စာတွေလည်း တော်တော်ကျန်ခဲ့တယ်လို့ သိရပါတယ်။

လယ်တီဦးကောဝိဒဟာ ဒုတိယကမ္ဘာစစ်မီးကြီး မြန်မာနိုင်ငံမှာ လောင်ကျွမ်းတော့ သူတို့လယ်တီတိုက်ကြီးလည်း မီးလောင်ပြာကျတာမို့ မုံရွာက ထွက်ခွာပြီး မိခင်များရှိရာ ပုပ္ပားဒေသကို ရောက်လာခဲ့တယ်။ အဲဒီမှာ အကြောင်းအမျိုးမျိုးကြောင့် စိတ်နှလုံးနောက်ကျိလှတာနဲ့ လူထွက်တယ်။ လူဝတ်နဲ့ ၂ လပြည့်အောင် မနေရသေးဘူး။ သူတို့ရပ်ရွာ ငြိမ်သက်အေးချမ်းရေးလုပ်ငန်းများလုပ်စဉ်မှာ လူဆိုးဓားပြတွေက လက်ဦးမှုယူပြီး၊ ဦးကျော်ရင်ကို ဖမ်းဆီးသွားပြီး ညီ ၂ ယောက်နဲ့ အတူ တယ်ပင်တဲရွာအရှေ့ဘက်ကချောင်းထိပ်မှာ သေနတ်ကိုအငုံ့ခိုင်းပြီး ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်တာကို ခံသွားရရှာတယ်။

## သေမှာ မကြောက်

သေခါနီး ဦးကျော်ရင်က 'ငါသေရမှာ မကြောက်ပါဘူး၊ ငါတတ်ထားတဲ့ ပညာတွေကို အသုံးချမသွားရမှာကိုသာ နှမြောတယ်' လို့ မချင့်မရဲ ပြောကြားရင်း ဘဝနိဂုံးချုပ်သွားတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ နတ်တော်လဆန်း ၅ ရက်နေ့ကတော့ ကျောက်စာဂူဖွင့်ပွဲ ကျင်းပတယ်။ ဒီဂူကို ဦးကောဝိဒရဲ့ ရောင်းရင်းဆရာတော်တစ်ပါးဖြစ်တဲ့ ပုဂံမြင်းကပါက ဆရာတော်ဦးမနောပီယက ဦးစီးပြီး တယ်ပင်တဲရွာရဲ့အနောက်ဘက်က မိတ္ထီလာ—

mgyoe.com

mgyoe.com SAMPLE BOOK

ကျောက်ပန်းတောင်း ကားလမ်းဘေးမှာ ဆောက်ထားပါတယ်။ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းက လူထုဦးလှက လယ်တီဦးကောဝိဒရဲ့ တပည့်ရင်းများဖြစ်ကြတဲ့ လယ်တီဦးလှပိုင်နဲ့ ဆရာဦးသိန်းဌေးတို့ သွယ်တန်းထားတဲ့ ဖဲကြိုးကိုဖြတ်ပြီး ဖွင့်လှစ်ပေးပါတယ်။ ကျွန်မနဲ့ဒေါ်ကြင်ကြင်က လွမ်းသူ့ပန်းခွေတစ်ခွေ၊ စာရေးဆရာ မောင်စောလွင်နဲ့ ဦးမောင်မောင်တင် (သမိုင်းကော်မရှင်) တို့က လွမ်းသူ့ပန်းခွေ တစ်ခွေ ချပြီးအလေးပြုကြတယ်။

## မျက်ရည်ကျ

ကျောက်စာဂူဖွင့်ပွဲမှာ ဦးကောဝိဒရဲ့ အပေါင်းအသင်းရောင်းရင်း ဆရာတော်တွေနဲ့ တပည့်တပန်းများက မိန့်ခွန်းပြောကြရာမှာ တချို့က မျက်ရည်မဆည်နိုင်ရှာကြဘူး။ နမြောလောက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်၊ အောက်မေ့တသလောက်တဲ့ အကျော်အမော်တစ်ယောက်ဖြစ်လေတော့ နမြောဝမ်းနည်းမဆုံးဘူးပေါ့။

(၁) အမရပူရမြို့ တူမောင်းတိုက်က မိုးကုတ်ဆရာတော် လယ်တီဦးဝိလာသက သီလပေး ရေစက်ချတယ်၊ (၂) ရေနံချောင်း–ချောက်က လယ်တီတိုက်ဆရာတော်၊ (၃) ဦးကောဝိဒရဲ့တပည့် မြောင်ကဆရာတော်ဦးကောသလ္လ၊ (၄) စစ်ကိုင်းတောင်ရိုးက စာရေးဆရာရွှေကိုင်းသား ဦးသောဘိတနဲ့ (၅) မန္တလေး ရွှေစည်ဆရာတော် လယ်တီဦးကုလိသတို့ကလည်း မိန့်ခွန်းပြောကြားကြတယ်။ လူပုဂ္ဂိုလ်ထဲကတော့ ဦးကောဝိဒရဲ့တပည့်အရင်းနှစ်ဦးဖြစ်ကြတဲ့ ဆရာဦးသိန်းဌေးနဲ့ လယ်တီဦးလှပိုင်တို့က စကားပြောတယ်။ အထက်ဗမာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ လူထုဦးလှကလည်း ဒီကျောက်စာဂူဖြစ်မြောက်ရေး၊ 'လယ်တီဦးကောဝိဒ၊ ပုပ္ပားဦးကျော်ရင်' ဆိုတဲ့ စာအုပ်ဖြစ်မြောက်ရေးများကို ဘာပြုလို့ကူညီရွက်ဆောင်ကြရတယ်ဆိုတဲ့အကြောင်းများကို ပြောကြားသွားပါတယ်။

ဦးမောင်မောင်တင်ကလည်း လယ်တီဦးကောဝိဒ ရေးသွားတဲ့စာအုပ်တချို့ရဲ့ဂုဏ်ပုဒ်ကို ထုတ်နုတ်ချီးကျူးသွားပါတယ်။

mgyoe.com


ပထမကျော် လယ်တီဦးကောဝိဒ
ဦးကျော်ရင်

ဦးကောဝိဒဟာ နယ်ချဲ့အင်္ဂလိပ်တွေ မြန်မာပြည်က ပြေးကြရပြီဆိုတော့ ဝမ်းမြောက်ဝမ်းသာနဲ့ 'အင်္ဂလိပ်နိုင်မော်ကွန်း' ဆိုပြီး လင်္ကာအပိုဒ်ရေ ၁၀၁ ကျော်ပါတဲ့ မော်ကွန်းတစ်စောင် ရေးသွားသေးသတဲ့။ ဒီမော်ကွန်းဟာ ခုထိ စက်တင်ပုံနှိပ်ခြင်းမပြုနိုင်သေးဘူး။ သူ့မော်ကွန်းမှာ ဗိုလ်ချုပ်အောင်ဆန်းကို 'မီးကိုရေခဲ ကျွဲကိုကြွက်ထင်၊ ဆင်ကိုယုန်မှတ် မကြောက်တတ်' တဲ့အောင်ဆန်းလို့ ချီးကျူးထားတယ်လို့ ဒွေးစည်ဆရာတော်က မိန့်ကြားပါတယ်။

ဆရာတော်များ၊ လူပုဂ္ဂိုလ်များ မိန့်ကြားတာကို နားထောင်ရင်း ကျွန်မကတော့ ဆရာတော်ဦးကောဝိဒရဲ့အဖြစ်နဲ့ သိပ္ပံမောင်ဝအဖြစ်ကို စိတ်ထဲက နှိုင်းယှဉ်ကြည့်နေမိတယ်။

သိပ္ပံမောင်ဝဟာ ခေတ်စမ်းစာပေရဲ့မဏ္ဍိုင်တစ်ခုဖြစ်သလို ဦးကောဝိဒဟာ လယ်ဒီဂိုဏ်းက တောက်ပတဲ့စာရေးဆရာကြီးတစ်ဦးဖြစ်ပေတယ်။ သိပ္ပံမောင်ဝဟာ စစ်ပြေးရင်း အင်္ဂလိပ်အဆုတ်၊ ဂျပန်အဝင်မှာ သူ့ဒေသနဲ့ဝေးလှတဲ့ ကန့်ဘလူနားက ဂါးတာရွာမှာ ဓားပြလူဆိုးတွေ ရက်ရက်စက်စက်ပစ်သတ်လို့ စစ်ပြေးတွေ လေးလောင်းပြိုင် သေဆုံးမှုမှာ ပါဝင်သေဆုံးခဲ့ရတယ်။ ဦးကောဝိဒကတော့ ဂျပန်အပြေး၊ အင်္ဂလိပ်ပြန်အဝင် ရပ်ရွာမငြိမ်မသက်ကာလမှာ သူ့အမေ့ရွာ တယ်ပင်တဲမှာ ဓားပြသတ်လို့ ညီအစ်ကိုသုံးယောက် သုံးလောင်းပြိုင်သေဆုံးခဲ့ရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သိပ္ပံမောင်ဝကျဆုံးတဲ့ ဂါးတာမှာ သူသေဆုံးပြီးလို့ ၂၅ နှစ်ပြည့်တဲ့နှစ်မှာ သူ့မိတ်ဆွေ လူထုဦးလှက 'မြန်မာစာပေတိုးတက်ရေးသည် ကျွန်ုပ်တို့၏ တာဝန်ဟူ၍ခံယူသော စာရေးဆရာသိပ္ပံမောင်ဝသည် ပြန်လည်အားသစ်စ မြန်မာစာပေအတွက် သူသန်ရာမှ ကြိုးပမ်းရင်း ၁၃၀၄ ခု၊ နယုန်လဆုတ် ၉ ရက်၊ စနေနေ့ ၆-၆-၁၉၄၂ အင်္ဂလိပ်အပြေး၊ ဂျပန်အဝင် ကာလပျက်တွင် ဂါးတာရွာ ဗိုလ်တဲ၌ ဓားပြ-လူဆိုးတို့၏ အထင်မှား လက်လွန်မှုကြောင့် အနိစ္စရောက်ရှာသည်' ဆိုတဲ့ ကမ္ပည်းကို ရေးထိုးစိုက်ထူခဲ့ပါတယ်။

သိပ္ပံမောင်ဝရဲ့ကျောက်စာကမ္ပည်းစိုက်တဲ့ဆီကို သူနဲ့အလွန်ရင်းနှီးတဲ့ ခေတ်စမ်းရေဖော်တွေလည်း မလာနိုင်ကြဘူး။ သူ့ဇနီးနဲ့သားသမီးများလည်း မလာနိုင်ခဲ့ဘူး။ လယ်တီဦးကောဝိဒရဲ့ကျောက်စာဂူဖွင့်ပွဲကိုလည်း ဒဂုန်ကရေးဖော်တွေ မလာနိုင်ကြဘူး၊ သူ့ညီတော်တဲ့ ဒဂုန်ဦးစန်းငွေတောင် မလာနိုင်ဘူး၊ သူ့ဇနီးသည်ကတော့ နောက်အိမ်ထောင်ရှိပေမယ့် လာလည်းလာရှာတယ်။ ငိုလည်း ငိုရှာတယ်။ သူ့ခမျာ ဦးကျော်ရင်နဲ့အိပ်မက်မက်ရသလို တစ်လသာသာပဲ ပေါင်းလိုက်ရရှာတာတဲ့။ သမီးကလေးကတော့ သီလရှင်အဝတ်နဲ့ ပထမကြီးများအောင်လို့ ရန်ကုန်မှာရှိနေသတဲ့။ ဦးကျော်ရင်ရဲ့ ဒီသမီးလေးလည်း မလာနိုင်ရှာဘူး။ ဒီလိုဖြစ်ပျက်တတ်တာတွေကို ဗုဒ္ဓဘာသာတွေကတော့ 'လူဆိုတာ သေတစ်ကံ၊ ရှင်တစ်ကံပဲ' လို့ ပြောတတ်ပါတယ်။ ဦးကျော်ရင်နဲ့မောင်ဝမှာ ကံတူအကျိုးပေးတူတာတွေ တော်တော်ရှိပါကလား' လို့တွေးရင်း ရွှေစည်ဆရာတော်က အမျှပေးဝေတာနဲ့တွေးလုံးကို အဆုံးသတ်ရပ်ဆိုင်းလိုက်ရတယ်။

[ အိုးဝေဂျာနယ် ၊ အမှတ် ၈၂ ၊ ဇန်နဝါရီလ ၊ ၁၉၇၂ ]

mgyoe.com

mgyoe.com SAMPLE BOOK

# ကျောက်စာဝန်ထောက် ဦးမြ

မြန်မာ့သမိုင်း၊ မြန်မာစာပေနဲ့ မြန်မာမှုတွေမှာ အလွန်အရေးပါတဲ့ ကျောက်စာဝန်ထောက် ဦးမြခေါ်တဲ့ ဘကြီးမြလည်း ၁၉၇၂ ခုနှစ်ဦးကပဲ ဆုံးပါးကွယ်လွန်ခဲ့ပါတယ်။ ဦးမြနဲ့ ဦးဖေမောင်တင်ဟာ တစ်ယောက်က အသက် (၉၄) နှစ်အထိ၊ တစ်ယောက်က အသက် (၈၅) နှစ်အထိ နေလာခဲ့ကြပြီး ဒီနှစ်ထဲမှာပဲ (၂) လတိတိကွာပြီး ရှေ့နောက်ဆုံးပါးခဲ့ကြတယ်။

ဘကြီးမြလို မြန်မာ့အတိတ်ကို စိတ်ရှည်ရှည်နဲ့ ကြိုးပမ်းဖော်ထုတ်ပေးမယ့် ပုဂ္ဂိုလ်မျိုး နောက်တစ်ယောက်ပေါ်ဖို့ သိပ်မလွယ်ဘူး။ ဘကြီးမြဟာ ရှေးဟောင်းသုတေသနဌာနမှာ အနှစ် (၆၀) လောက် အလုပ်လုပ်သွားခဲ့တယ်။ ဒီကာလအတွင်းမှာ–

(၁) ရှေးဟောင်းမြန်မာအက္ခရာစာတမ်း ပဏ္ဏာမအခန်း ၁၉၆၁ ခု၊

(၂) အုတ်ခွက်ဘုရားများ ပထမတွဲ၊ ဒုတိယတွဲ ၁၉၆၁ ခု

(၃) အပါယ်ရတနာလိုဏ်ဂူဘုရား ၁၉၆၈ ခုဆိုတဲ့ စာအုပ် ၃ အုပ် ပုံနှိပ်ထုတ်ဝေခဲ့တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဆောင်းပါးတွေအဖြစ်နဲ့ အင်္ဂလိပ်ဘာသာနဲ့ ရေးခဲ့တာက–

(၁) ပုဂံနန်းဘုရားအကြောင်း၊ ဘုရားအတွင်းတိုင်ပေါ်က ပြဟ္မာရုပ်အကြောင်း မှတ်စု (အိန္ဒိယရှေးဟောင်းသုတေသန နှစ်လည်အစီရင်ခံစာ ၁၉၃၄–၃၅ ၊ စာ ၁၀၁–၁၀၆)

(၂) ပုဂံဘုန်းကြီးကျောင်းများ (မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်)

(၃) မြန်မာနိုင်ငံရှိ ဗုဒ္ဓဝါဒ (ခြေတော်ရာမှတ်စု) (အိန္ဒိယရှေးဟောင်းသုတေသန နှစ်လည်အစီရင်ခံစာ၊ ၁၉၃၀–၃၁)။

(၄) အပါယ်ရတနာဘုရား နံရံဆေးရေးပန်းချီ (နှစ်လည်အစီရင်ခံစာ၊ ၁၉၃၀–၃၁)

(၅) မြန်မာနိုင်ငံ ဗုဒ္ဓဘာသာသမိုင်း (ပုံမနှိပ်ရသေး)

(၆) ယနေ့အထိ မဖော်ထုတ်နိုင်သေးတဲ့ ရှေးဒင်္ဂါးများအကြောင်း၊ (အိန္ဒိယရှေးဟောင်းသုတေသန နှစ်ချုပ်အစီရင်ခံစာများ) ဖြစ်ကြပါတယ်။

မြန်မာလိုရေးခဲ့တဲ့ ဆောင်းပါးတွေက–

၁။ အနော်ရထာကောင်းမှု အုတ်ခွက်ဘုရား
(ယဉ်ကျေးမှုစာစောင်၊ ၁၉၅၇၊ ဒီဇင်ဘာ)

၂။ သက္ကရာဇ်ဋီကာ
(ယဉ်ကျေးမှုစာစောင်၊ ၁၉၅၈၊ ဇန်နဝါရီ)

၃။ ဗုဒ္ဓဝင်ရှစ်ခန်း
(ယဉ်ကျေးမှုစာစောင်၊ ၁၉၅၈၊ ဧပြီ)

၄။ ပုဂံအနော်ရထာ ကုသိုလ်တော်များ
(ယဉ်ကျေးမှုစာစောင်၊ ၁၉၅၈၊ အောက်တိုဘာ၊ ၁၉၅၉၊ ဖေဖော်ဝါရီ)

၅။ မြန်မာအစ ပုဂံက
(ယဉ်ကျေးမှုစာစောင်၊ ၁၉၅၉၊ ဇူလိုင်)

၆။ ဇမ္ဗူပြတိ
(ယဉ်ကျေးမှုစာစောင်၊ ၁၉၅၉၊ အောက်တိုဘာ)

mgyoe.com

mgyoe.com SAMPLE BOOK

၇။ မဟာမုနိကျောက်ချပ်များ
(ယဉ်ကျေးမှုစာစောင်၊ ၁၉၆၀၊ ဧပြီ)

၈။ ရှေးဟောင်းဌာပနာပစ္စည်းများ
(ယဉ်ကျေးမှုစာစောင်၊ ၁၉၆၁၊ စက်တင်ဘာ)

၉။ ရခိုင်ပြည်ရှိ ဂုပ္တခေတ်မှ ကျောက်စာများ

၁၀။ ရခိုင်ပြည် ဝေသာလီစန္ဒြမင်းတို့၏ ကျောက်စာများ၊ ၁၉၅၆–၅၇ နှစ်ချုပ် အစီရင်ခံစာ

၁၁။ ပုန်းမကြည် (ပုမ္မကြည်၊ ပုဗ္ဗကြယ်)၊ (မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ်) တို့ ဖြစ်ကြပါတယ်။

ဘကြီးမြ ရှာဖွေဖော်ထုတ်သွားတဲ့ အထက်ပါအကြောင်းအရာတွေဟာ နှစ်ရှည်လများ ရှာဖွေပြီးမှ တွေ့ရှိတာတွေကို စေ့စေ့ငုငု သုတေသနပြုပြီး ဒီအချက် ဒီအကြောင်းတွေကြောင့် ဒီလိုဖြစ်တယ်ဆိုတဲ့ ယုတ္တိသာဓကတွေနဲ့ လက်ဆုပ်လက်ကိုင် အခိုင်အမာတင်ပြချက်တွေဖြစ်လေတော့ နောင်းလူတွေက ဘကြီးမြရဲ့တင်ပြချက်တွေကို ထာဝစဉ် ကိုးကားမှီငြမ်းပြုသွားကြရမှာပဲ။

ဘကြီးမြရေးသားတင်ပြခဲ့တာတွေနဲ့ပတ်သက်လို့ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက 'မြန်မာသမိုင်းမှာ အသိပညာတိုးရတယ်၊ မြန်မာမှုကို ပိုနားလည်လာတယ်၊ မြေထဲသမိုင်း (အာခိဩလော်ဂျီ) နဲ့ ရင်းနှီးလာရတယ်' လို့ သူ့ကျေးဇူးတရားကို ဖော်ထုတ်ရုံမကဘူး၊ သူ စာတမ်းရေးတဲ့အခါ ဘကြီးမြကို စံနမူနာယူသတဲ့။ ခက်ခဲနက်နဲတဲ့ ပြဿနာကို စကားပိုတွေမပါဘဲ ရှင်းအောင်ရေးတဲ့နေရာမှာ ဘကြီးမြဟာ စံတင်ရတဲ့ပုဂ္ဂိုလ်ကြီးဖြစ်တယ်လို့ ဖော်ထုတ်ရေးသားပါတယ်။

ဘကြီးမြက အသက်ရှည်တယ်၊ ၉၄ နှစ်အထိ လူ့ပြည်မှာနေသွားတာမို့ အသက် ၁၀၀ တမ်းမှာ အင်မတန် အသက်ရှည်ရှည်နေရတဲ့ပုဂ္ဂိုလ်ကြီးပေါ့။ အသက်ရှည်တာနဲ့အမျှ ဘကြီးမြက နောက်ဆုံးနေ့အထိ အလုပ်တွေလုပ်သွားနိုင်သေးတာကလည်း သိပ်ထူးတဲ့ကုသိုလ်ပါ။ ဘကြီးမြမဆုံးခင် ၁၆ ရက်က ကျင်းပတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ငံတကာစာအုပ်နှစ် အထိမ်းအမှတ်ပြပွဲကို ဘကြီးမြကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သေးတယ်။ အဲဒီနေ့မနက်ကပဲကျင်းပတဲ့ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းက စာပေပညာရှင်ကြီးတွေကို ကန်တော့ပွဲမှာလည်း ဘကြီးမြက မေတ္တာတရားအကြောင်း ဟောပြောဩဝါဒပေးသွားသေးတယ်။ ဘကြီးမြ အသက် ၉၀ ကျော်မှရေးတဲ့ အဖိုးတန်စာအုပ်တွေ၊ ဆောင်းပါးတွေလည်း အများကြီးပါ။ ဘကြီးမြက သူ့အသက်ရှည်တာဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့အကြောင်း တရား ၄ ပါးရဲ့ ပြုပြင်မှုကြောင့်ဖြစ်တယ်။ အဲဒီအထဲမှာ လူငယ်တွေက 'ဘကြီး ဘာလို့အသက်ရှည်တာလဲ' လို့ မေးရင် အလုပ်ကို ခုံခုံမင်မင်လုပ်လို့ အသက်ရှည်တာပဲဖြစ်လိမ့်မယ်လို့ ဖြေတတ်သတဲ့။ အသက် ၉၀ ကျော်အထိ အလုပ်လုပ်နေသေးတယ်ဆိုတဲ့ လူသားဟာ များများမရှိပါဘူး၊ ပီကာဆိုတို့ ဘကြီးမြတို့လောက်ပဲ ရှိတာပါ။

ဘကြီးမြ ရှေးဟောင်းသုတေသနဌာနမှာ အလုပ်စဝင်တော့ သုတေသီအဖြစ်နဲ့ ဝင်လာတာမဟုတ်ဘူး၊ ရှေးဟောင်းအဆောက်အအုံတွေကို တိုင်းတာမှတ်တမ်းတင်ရတဲ့ တိုင်းတာရေးအင်ဂျင်နီယာလူငယ်တစ်ယောက်အနေနဲ့ ဝင်လာတာ။ ဒါပေမဲ့ အလုပ်ခွင်ကိုရောက်တော့ ဘကြီးမြက တူးရာဖော်ရာမှာလည်းပါ၊ ကူးရာယူရာလည်းပါ၊ ပုံဆွဲရာလည်းပါ၊ အစီရင်ခံစာရေးလည်းပါ၊ နေရာတကာပါနေတဲ့ အလုပ်သမားတစ်ယောက်ဖြစ်လာပြီး ရှေးဟောင်းသုတေသနဆိုင်ရာအလုပ်တွေကို သေတ္တာမှောက်လုပ်တတ်တဲ့လူငယ်ဖြစ်လာတယ်။ သူ့စိတ် ရှည်လက်ရှည်နဲ့ ကျွမ်းကျွမ်းကျင်ကျင်လုပ်တဲ့ လုပ်ရည်ကိုင်ရည်ကို သူ့အထက်က ကျောက်စာဝန်တွေက သဘောကျကြတယ်။ ဒါကြောင့် မစ္စတာဒူရွိုင်ဇယ်နဲ့ မစ္စတာတော်စိန်ခိုတို့က သူတို့မရှိတဲ့နောက် ဘကြီးမြကိုပဲ ကျောက်စာဝန်ခန့်ပါလို့ ထောက်ခံခဲ့ကြသတဲ့။ ဘကြီးမြဟာ မြန်မာထဲက ပထမဆုံးကျောက်စာဝန်တာဝန်ကို ၁၉၃၀ ခုနှစ်က စတင်ထမ်းရွက်ခဲ့တယ်။ ကျောက်စာဝန်ဘဝနဲ့ ပင်စင်ယူပြီးတဲ့ နောက်မှာလည်း ဘကြီးမြတွေ့သိထားတဲ့ အကြောင်းအရာတွေနဲ့ ဘကြီးမြရဲ့လုပ်အားကို ရလိုသေးလို့ အထူးအရာရှိအဖြစ်နဲ့ ပြန်လည်ပြီး အလုပ်လုပ်စေ၊ စာအုပ်စာတမ်းတွေ ရေးသားပြုစုစေပါသေးတယ်။ ဒီလိုဘကြီးမြကို အလုပ်ပေးတာဟာ အလွန်နေရာကျတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

အစီအစဉ်ပါ။ အစိုးရအရာထမ်း၊ အမှုထမ်းတစ်ယောက် အသက် ၆၀ ကျော်ရင် ပင်စင်ပေးတယ်ဆိုပြီး ဘကြီးမြကိုသာ အလုပ်က လုံးဝနားစေလိုက်မယ်ဆိုရင် အပါယ်ရတနာတို့လို၊ အုတ်ခွက်ဘုရားတို့လိုစာအုပ်တွေ ဘယ်မှာထွက်လာတော့ မလဲ။

ဘကြီးမြက အလုပ်လုပ်တဲ့အခါ အလွန်လည်းစိတ်ရှည်တယ်။ အလွန် လည်းစေ့စပ်သေချာတယ်၊ သူက အကြောင်းတစ်ခုကို ဖော်ထုတ်တင်ပြတော့မယ် ဆိုရင် သာဓကယုတ္တိတွေနဲ့ လက်ဆုပ်လက်ကိုင်တင်ပြတာမျိုးသာလုပ်တယ်၊ ဖြစ်စေ ချင်တာကို ရှေ့လောတကြီးဖြစ်ရမယ်လို့ မဆိုလေ့ဘူး။ ဖြစ်နေတာမို့၊ ရှိနေတာမို့၊ တွေ့ထားတာမို့ဆိုတဲ့ အခိုင်အမာအကိုးအကားကြောင့် ဒီကောက်ချက်မျိုးကို ဆွဲရ တာပါလို့သာ ပြောတတ်တယ်။ ဒါကြောင့် ဘကြီးမြရဲ့အဆိုအမိန့်က ခိုင်မာတယ်။ အသစ် အသစ်သောတွေ့ရှိချက် မရှိသေးသမျှ သူ့ဟာကိုပဲ အခြေစိုက်ထားကြရ တယ်။

ဘကြီးမြဟာ တကယ်တော့ စံထားလောက်တဲ့သုတေသီ၊ အတုယူလောက် တဲ့ပညာရှင်ကြီးပါပဲ။ သူ့လိုအပင်ပန်းခံမှု၊ သူ့လိုဇွဲနပဲ၊ သူ့လို စိတ်ရှည်လက်ရှည် ပုံမျိုး၊ သူ့လိုစေ့စပ်သေချာမှုနဲ့ သူ့လိုကြိုးကြိုးစားစား အလုပ်လုပ်တာမျိုးကို အလုပ် သမားကောင်းဖြစ်ချင်သူတိုင်းက စံထားအတုယူလောက်ပါတယ်။

ကျွန်မတို့ဆိုရင် ဘကြီးမြနဲ့တွေ့တဲ့အခါတိုင်း 'ဩော်... ဘကြီးမြလို အသက်ရှည်ချင်စမ်းပါဘိ၊ ဘကြီးမြလို အသက်ရှည်သလောက် ကျန်းကျန်းမာမာ သွားသွားလာလာ နေနိုင်ချင်စမ်းပါဘိ။ ဒီအသက် ဒီအရွယ်အထိ စာတွေရေးနေနိုင် သေးတဲ့ဘဝမျိုး ဖြစ်ချင်စမ်းပါဘိ' လို့ စိတ်ထဲက အမြဲတမ်း တမ်းတမိတယ်။ ဘကြီးမြက အင်္ဂလိပ်စာနဲ့ ပြင်သစ်စာကို ကောင်းကောင်းတတ်တယ်။ ပြင်သစ်စာ ဖတ်တတ်တဲ့အတွက် အရှေ့တောင်အာရှဒေသဆိုင်ရာ ရှေးဟောင်းသုတေသန အလုပ်တွေမှာ ပြင်သစ်တို့ရှာဖွေရေးသားထုတ်ဝေထားသမျှကို ဘကြီးမြက လက်လှမ်းမီတယ်လေ။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ပြီး ပျူစာ၊ နာဂရီစာ၊ သက္ကတ၊ ပါဠိနဲ့မွန်စာတွေကိုလည်း ကောင်းကောင်းတတ်ကျွမ်းတယ်။ ဒီလိုဘာသာစုံတတ်ကျွမ်းတဲ့အတွက် အကြောင်းအရာတစ်ခုကို ဘက်စုံကလေ့လာပြီး နှိုင်းနှိုင်းချိန်ချိန်အကဲဖြတ်မှုများ ပြုနိုင်ခဲ့တာဖြစ်ပါလိမ့်မယ်။ ဘကြီးမြက 'ကျုပ်က စာတတ်မဟုတ်ပါဘူး၊ စာမှတ်ပါ' လို့ ပြောတတ်သတဲ့။ သူမှတ်သားထားတဲ့ ဗဟုသုတတွေ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာကတော့ သူ့စာတွေကိုဖတ်မှတ်လေ့လာရတဲ့ နောင်းလူတွေက အသိဆုံးပေါ့။

ဘကြီးမြမှာ ချစ်ခင်ကြည်ညိုစရာကောင်းတဲ့ လူ့အရည်အသွေးတွေ အများကြီးရှိပါတယ်။ စိတ်နှလုံးကောင်းတယ်၊ တစ်ဖက်သားကို သနားတတ်တယ်၊ မေတ္တာတရားကို လှိုက်လှိုက်လှဲလှဲယုံကြည်ပြီး ကိုယ်တိုင်လည်း လေးလေးနက်နက်ကျင့်သုံးပါတယ်။ အလုပ်ခွင်ကျပြန်တော့ စိတ်ရှည်တယ်၊ ဇွဲကောင်းတယ်၊ သည်းခံတယ်၊ အမှန်တရားကို မရမနေရှာဖွေတယ်၊ တွေ့သိချက်ကို ရဲရဲဝံ့ဝံ့တင်ပြတယ်။ အယူအဆမတူညီတဲ့လူ၊ မတူညီရသလောလို့ ပဋိပက္ခရှာတဲ့လူကို မငြိုငြင်ဘူး၊ သူအတွေ့မစုံသေးလို့ ဒီလိုယူဆတယ်၊ တစ်နေ့တော့ အမှန်ကိုတွေ့မှာပဲ၊ အချိန်ရှိသေးတယ်ရယ်လို့ တစ်ဖက်လူကို ခွင့်လွှတ်နိုင်စွမ်းတယ်။ ဒီလိုစိတ်ကောင်းစေတနာကောင်းရှိတဲ့ ပညာနယ်က လုပ်သားကောင်းကြီးတစ်ယောက် ဆုံးရှုံးရတာဟာ အတိုင်းမသိ နှမြောစရာကောင်းလှပါတယ်။

ဒီနှစ်ဖြင့် အသက်ရှည်လှတဲ့ ဘကြီးမြ၊ အသက်ရှည်သလောက် အလုပ်တွေလုပ်နေတဲ့ ဘကြီးမြတစ်ယောက် ဆုံးပါးသွားရပြီမို့ မြန်မာမှုအတွက် အတိုင်းအတာမသိတဲ့ ဆုံးရှုံးခြင်းမျိုးလည်း ဖြစ်ရပါတယ်။

ဘကြီးမြဟာ ၁၂၄၀ ပြည့် တပေါင်းလပြည့်ကျော် (၁၃) ရက်ဖွား (၁၉–၃–၁၈၇၉) ဗုဒ္ဓဟူးသားဖြစ်တယ်။ လေးမျက်နှာမြို့မှာ အဖဦးဖြူ၊ အမိဒေါ်ကြင်တို့က မွေးတယ်။ မိဘနှစ်ပါး ငယ်စဉ်ကဆုံးတော့ ဘိုကတော် အဒေါ်ကကောက်မွေးပြီး ရန်ကုန်စိန့်ပွန်းကျောင်းမှာ ကျောင်းထားပေးလို့ ငယ်ငယ်ကခရစ်ယာန်ဘာသာထဲ ဝင်ဖူးတယ်။ စိန့်ပွန်းက (၁၀) တန်းအောင်တော့ လတ္တာလမ်းထိပ်က စက်မှုလက်မှုကျောင်းမှာ ဆက်တက်တယ်။ အဲဒီကအောင်တော့

mgyoe.com

mgyoe.com SAMPLE BOOK

မင်းဘူးမှာ ကျောင်းဆရာ ၃ နှစ် လုပ်တယ်။ နောက် ရန်ကုန်က အင်ဂျင်နီယာကျောင်းမှာ ၄ နှစ် ဆရာလုပ်ပြီး ရှေးဟောင်းသုတေသနဌာနမှာ အင်ဂျင်နီယာအဖြစ်နဲ့ အလုပ်ဝင်တယ်။ ၁၉၃၀ ခုနှစ်မှာ မြန်မာထဲက ပထမဆုံး ကျောက်စာဝန်ဖြစ်လာတယ်။ ပင်စင်ယူပြီးတော့ အထူးအရာရှိ ပြန်ခန့်တာနဲ့ အသက် ၉၀ လောက်အထိ အထူးအရာရှိအဖြစ်နဲ့ စာအုပ်စာတမ်းတွေကို ရေးသားပြုစုသွားခဲ့ပါတယ်။ အသက် ၂၇ နှစ်အရွယ်က အိမ်ထောင်ပျက်လို့ သေတဲ့အထိ အနှစ် ၆၀ ကျော် မုဆိုးဖိုကြီးဘဝနဲ့ အရိုးထုတ်သွားပြီး အသက် ၇၀ ကျော် သားလူပျိုကြီးတစ်ယောက် ကျန်ရစ်ပါတယ်။

၂၄-၁-၇၃ နေ့က ဘကြီးမြရဲ့ရုပ်အလောင်းကို မန္တလေးမြို့ စီဗီလိုင်းနေအိမ်က သယ်ယူပြီး မန္တလေးမြို့ အုတ်စက်သင်္ချိုင်းမှာ အုတ်ဂူသွင်းနှံ့ သင်္ဂြိုဟ်ထားပါတယ်။

[ လူ့မိတ်ဆွေစာအုပ် ၊ မန္တလေး ၊ လူထုကြီးပွားရေး ၊ ၁၉၇၃ ]

mgyoe.com

mgyoe.com SAMPLE BOOK

# ဆရာမြမျိုးလွင်ရဲ့
# ဘဝနိဂုံး

၁၉၇၀ စက်တင်ဘာလ (၁၁) ရက်နေ့ မနက် (၈) နာရီခွဲလောက်ကပါ၊ ဆရာမြမျိုးလွင်ရဲ့ဇနီး ဒေါ်မြသောင်း ကျွန်မတို့ဆီလာပြီး ဆရာ နည်းနည်းမောလို့ လာကြည့်ပါဦးလို့ ပြောလာပါတယ်။ ကျွန်မက ဈေးသွားနေတယ်။ ဦးလှက ရေချိုးနေတယ်။ ပြီးပြီးချင်း ဆရာ့ကိုကြည့်ပေးနေကျ သမားတော် ဆရာဝန်ကြီး ဦးတင်အောင်ဆွေဆီကို တယ်လီဖုန်းဆက်ပြီး အကြောင်းကြားတယ်။ ဦးတင်အောင်ဆွေက လာကြည့်မယ်လို့ပြောသတဲ့။ ဦးလှလည်း ဒေါ်သောင်းနဲ့ ဆရာတို့အိမ် ထလိုက်သွားတယ်။ ကျွန်မဈေးကပြန်လာရင် ဒီသတင်းပြောဖို့လည်း အိမ်မှာမှာထားခဲ့တယ်။

## တစ်လမ်းခြား

ကျွန်မတို့အိမ်နဲ့ ဆရာ့အိမ်က ၁ လမ်းပဲခြားတယ်။ ဆရာ့အိမ်က ၃၄ လမ်း၊ ညောင်ဖင်တန်း။ ကျွန်မတို့အိမ်က ၃၃ လမ်းနဲ့ ၈၄ လမ်းထောင့်။ ဦးလှလိုက်သွားလို့ ၁၀ မိနစ်မှ ရှိသေးရဲ့လားမသိဘူး။ ကျွန်မပြန်ရောက်တာနဲ့ အိမ်ကဆီးပြောလို့ ကျွန်မလည်း ဆရာ့အိမ် ထလိုက်သွားပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

## ပြုံးလိုက်သေး

ဟိုရောက်တော့ ဆရာဟာ ကုန်းကုန်းကလေး မောနေပါတယ်။ ပန်းနာသမားများ မောတဲ့ပုံစံနဲ့ မောနေတာပါ။ ခေါင်းအုံးတွေဆင့်၊ တစ်လုံးကထောင်၊ အဲဒီအလုံးပေါ် ဒူးတုပ်နေတဲ့ဆရာက လက်နှစ်ဖက်ယှက် နဖူးမှေးတင်ထားပြီး မောနေတာပါ။ ကျွန်မရောက်သွားတော့ မောရာကပြုံးသေး၊ ရယ်သေးတယ်။ ပြီးတော့ လျက်ဆားနဲ့ သံပရာသီးလျက်တာပဲတဲ့။ ဘာလုပ်မိတယ်ဆိုတာ ပြောသေးတယ်။ ကျွန်မက 'ဒေါ်သောင်းပြောပြမှာပေါ့၊ ဆရာပင်ပန်းမခံပါနဲ့' လို့ တောင်းပန်ရတယ်။ ဆရာက သူအသက်ရှူရတာ ဘယ်လိုပဲ ရှိုက်ကြီးတငင်ရှူနေရနေရ၊ ဧည့်သည်လာရင် စကားပြောတာပဲ။ ဆရာဝန်က စကားသိပ်မပြောပါနဲ့လို့မှာတယ်။ ဒါပေမဲ့ သူမနေနိုင်ဘူး၊ ပြောတာပဲ။

ဆရာ့ဝါသနာက ဧည့်သည်ကိုဆိုရင် အလွန်ကိုဧည့်ဝတ်ကျေချင်တယ်။ 'ကွမ်းတန်တဲ့လူ ကွမ်း၊ ဆေးတန်တဲ့လူ ဆေး၊ ရေတန်တဲ့လူ ရေနဲ့ ဝတ်ပြုရတယ်' လို့ ပြောစကားရှိတယ်။ ဆရာကတော့ ရေတန်တဲ့လူကိုလည်း ကွမ်းရော ဆေးရော ဝတ်ပြုရမှ၊ အာလာပသလ္လာပလည်း သူက လိုလေသေးမရှိ ပြောရမှ၊ စကားကို ချွေတာဖို့ လေကိုချွေတာဖို့ နည်းနည်းမှစိတ်မကူးဘူး။ သူ့ဝတ္ထုမှာ သူ့စာထဲက အတိုင်းပဲ၊ ပုံတိုပတ်စနဲ့ ဥပမာ ဥပမေယျနဲ့ စီကာပတ်ကုံး ခင်းကာကျင်းကာ သိုင်းကာ ဝိုင်းကာ ဆေဆေဆာနေအောင် ခြုံရေးချုံပါပြောမှာပဲ၊ ပြောတာပဲ။ ပြီးတော့မှ အဲဒီဧည့်သည် ပြန်သွားတော့ မောကျန်ရစ်ချင်လည်း ကျန်ရစ်ပါစေတော့၊ ဒါကို သူမတတ်နိုင်ဘူး။ ဧည့်သည်လာတုန်း ရှိတုန်းတော့ပြောတာပဲ။

## နောက်ကြောင်းပြန်

သူဆုံးမယ့်မနက်ကလည်း သူ့ထုံးစံအပြည့်အဝမဟုတ်ပေမဲ့ သူက အသက်ရှူခက်နေတဲ့လူများ မလုပ်တဲ့အလုပ်ကို လုပ်သေးတယ်။ သူအခု ခံစားနေရတဲ့ ဝေဒနာရဲ့နောက်ကြောင်းကို ပြန်သေးတယ်။ ကျွန်မက ဗွတ်တောင်းပန်တော့မှ ဒေါ်သောင်းကို ပြောခွင့်ပေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

## ဆရာဝန်

ကျွန်မတို့စကားပြောနေတုန်းမှာပဲ သမားတော် ဦးတင်အောင်ဆွေနဲ့ ဆရာဝန်မောင်မောင်ဝင့်တို့ ကားတစ်စီးနဲ့ပေါက်လာကြတယ်၊ ဒီနေ့ဟာ သောကြာနေ့မို့ သူတို့ဖျားနာရုံ (၁) က လူနာလက်ခံတဲ့နေ့၊ အလုပ်ရှုပ်တဲ့နေ့ပဲ။ ဒါပေမဲ့ ဆရာနေမကောင်းဘူးဆိုတော့ သံယောဇဉ်ရှိနေပြီဖြစ်တဲ့ ဆရာဝန်ကြီးဦးတင်အောင်ဆွေက ကိုယ်တိုင်ထလိုက်လာတယ်။

လာတော့ စမ်းကြည့်၊ နားကြပ်နဲ့နားထောင်ကြည့်မယ်လို့ ခေါင်းအုံးမှာ နောက်မှီခိုင်းတော့ ဆရာက မမှီနိုင်ဘူး။ ခဏကလေး ကျောကပ်တာနဲ့ပဲ သိပ်မောလာတယ်။ ဒါနဲ့ ပြန်ထူပေး၊ နှလုံးနဲ့အဆုတ်သံကို နည်းနည်းနားထောင်ပြီး ဆရာဝန်ကြီးက အကြောဆေးတစ်လုံးကို မောင်မောင်ဝင့်ကို အထိုးခိုင်းတယ်။

ဆေးထိုးပေးပြီးတော့ မိနစ် ၂၀ လောက် စောင့်ကြတယ်။ ဆရာ နည်းနည်းနေသာတော့ ဆေးရုံကို ခဏခေါ်သွားမယ်တဲ့၊ ဆေးတစ်လုံးထိုးပေးဦးမယ်၊ ဆေးထိုးပေးပြီး ညနေကျတော့ အိမ်ပြန်ပို့ပေးမယ်လို့ ဦးတင်အောင်ဆွေက ပြောပါတယ်။

## ကမ္ဘာ့ဌာန်းရုပ်

ဆရာက ကုန်းကုန်းကလေး ခေါင်းအုံးမှာ မှေးနေရှာတယ်။ ဆရာ့ကို ကြည့်ပြီး ကျွန်မစိတ်ထဲ ဆရာကလည်း ပိန်လိုက်တာ၊ လူရှင်ကမ္ဘာ့ဌာန်း ကျနေတာပဲ၊ ခုလည်း ထိုင်ရင်း မှေးနေရှာတာ အင်္ဂလိပ် (၂) ဂဏန်းကလေး ကျနေတာပဲ။ အသားအရေက သိပ်နည်းနေရှာပြီကိုးလို့ အောက်မေ့ရင်း စိတ်မကောင်းသိပ်ဖြစ်နေပါတယ်။

ဆရာ မမာတာကတော့ ကြာပါပြီ။ ၂–၁၀–၁၉၅၂ ကတည်းက သွေးပါပြီး ဆရာဝန်နဲ့အလုအယက် ကုထားရတာပါ။

အဲဒီနောက်လည်း သက်သာလိုက် မသက်သာလိုက်ဖြစ်နေတာပဲ။ ဒါကြောင့် ၁၉၆၂ ခုနှစ်ကတော့ ဆရာအလွန်ကြိုက်တဲ့အရက်ကို လုံးလုံးဖြတ်လိုက်

mgyoe.com

mgyoe.com SAMPLE BOOK

ရတယ်။ အသောက်ဖြတ်ပြီးတော့လည်း ကျန်းမာရေးက ကောင်းလှတယ်မရှိဘူး။ လဲကထူ လဲကထနဲ့ နေရတာပဲ။

## ဆေးရုံတက်ရန်

၁၉၆၈ တုန်းကတော့ ဦးလှက ဆရာ ဒီလို သာမန်ကုမနေပါနဲ့၊ ဆေးရုံ တက်ပြီး ကျကျနနနားရင်းကုပါဆိုပြီး သမားတော်ဆရာဝန်ကြီး ဦးတင်အောင်ဆွေ နဲ့ပြပေး၊ အဲဒီဖျားနာရုံ (၁) မှာပဲ ဆေးရုံတက်ခိုင်းလို့ ဆရာက ပထမတစ်ခါ ၁၁ ရက် ဆေးရုံတက်တယ်။ နောက်တစ်ခါ ၄၆ ရက် ဆေးရုံတက်ပြီး ကုပါတယ်။ ဒီနောက်လည်း တက်ရသေးတယ်။

## အနေ မယဉ်ကျေးလို့တဲ့

နို့ပေမဲ့ ဆရာပြောတဲ့အတိုင်းပြောရရင် 'ငယ်ငယ်က အနေအထိုင် မယဉ်ကျေးခဲ့' မှုတွေကြောင့် ဆေးတန်ခိုးနဲ့ ဒေါ်သောင်း အပြုအစုကောင်းလွန်း လို့ပဲ ဆရာအသက်ရှည်တာပါ။ ဆရာ့မှာအဆုတ်က တော်တော်ချို့ယွင်းနေပုံပါပဲ။ လူကိုယ်ကလည်း ဘာစားလို့မှ အသားမဖြစ်တော့ဘူး။ အင်မတန်ပိန်ကပ်ပြီး အရိုးနဲ့ အရေပဲ ရှိနေတာပါ။ ဒါကြောင့် ခင်မင်တဲ့ဆရာ့မိတ်ဆွေတိုင်းက ဆရာနဲ့တွေ့ရင် ဆရာ့ကျန်းမာရေးကို အားမရဘူး၊ သိပ်ကြာကြာနေရမယ်မထင်ဘူး အောက်မေ့ပြီး စိတ်မကောင်းခဲ့ကြရတာချည်းပဲ။ နို့ပေမဲ့ ဆရာက ဆေးကုပေးလိုက်ရင် ဝေဒနာရဲ့ ဒဏ်ကို ၃ ရက် ၄ ရက် ခံပြီးရင် ပြန်လူလာပြန်ရော။ စားနိုင်အိပ်နိုင်နဲ့ ဒေါ်သောင်း အပြုအစု အယုအယနဲ့ ဧည့်သည်လာရင် ဧည့်ခံလိုက်၊ စကားပြောလိုက်နေပြန် တာပဲ။

ဆရာဟာ စစ်ပြီးဒီဘက်ခေတ်မှာ သူ အရင်ကြီးစိုးခဲ့တဲ့ ဝတ္ထုအရေး အသားမျိုးကို များများမရေးတော့ဘူး။ (၁) ကေသီ၊ (၂) ကိုယ်ရောစိတ်ပါ၊ (၃) နားဝေတိမ်တောင်ဆိုတဲ့ ဝတ္ထု ၃ ပုဒ်ပဲ ရေးပါတော့တယ်။ စစ်ပြီးစက ဗြိတိသျှဘားမားရုပ်ရှင် ကိုယ်စားလှယ်နဲ့ တိုက်ခွဲမန်နေဂျာလုပ်တယ်။ ဒီနောက်

mgyoe.com

mgyoe.com SAMPLE BOOK

ကျန်းမာရေးချို့တဲ့တယ်ဆိုပြီး ကလောင်ကိုနားထားတယ်။ မိတ်ဆွေသင်္ဂဟ အပေါင်းအသင်း စာပေနယ်ကရောင်းရင်းတွေက 'ရေးပါဦး၊ ရေးပါဦး' နဲ့ တောင်းလွန်းရင် ဆောင်းပါးအတိုအထွာလေးလောက်ပဲ ရေးတော့တယ်။ နောက်တော့ ကလောင်နဲ့ တော်တော်ကြီးအဆက်ပြတ်နေတယ်။

## ဦးကျော်ရင်

အဲဒီလိုနေရာမှာ တစ်နေ့တော့ မန္တလေးတက္ကသိုလ်ကို ပါမောက္ခချုပ်အဖြစ်နဲ့ ပြောင်းလာရတဲ့ ဦးကျော်ရင်ရယ်၊ ဆရာမြမျိုးလွင်ရယ်၊ လူထုဦးလှရယ် စစ်ကိုင်းစာဆိုတော်ဟောပြောပွဲကို သွားကြရတော့ ဦးကျော်ရင်က ဆရာ့ကို ကလောင်ပြန်ကိုင်ပါဦးလို့ တိုက်တွန်းတယ်။ ဒီတော့ ဆရာက ခုခေတ်နဲ့ သူ့အရေးအသားနဲ့ အံမကိုက်ပါဘူး၊ သူဟာ ခေတ်နောက်ကျနေပါပြီဆိုတဲ့ သဘောမျိုး ပြောပါတယ်။

ဒီတော့ ဦးကျော်ရင်က 'ဒီလိုဘယ်ဟုတ်မလဲဆရာ၊ ဆရာ့မှာ ကိုယ်ပိုင်ဟန်ရှိတာပဲ။ ဆရာ့ဟန်နဲ့ဆရာ ရေးသာရေးပါ၊ ကောင်းပါတယ်၊ ဖတ်ချင်တဲ့လူတွေရှိပါတယ်။ ကလောင်လက်က မချပါနဲ့' လို့ တောင်းပန်တယ်။ ဦးလှကလည်း ဆရာ့ကို ရေးဖို့တိုက်တွန်းတယ်။ ဒါကြောင့် ဦးကျော်ရင်နဲ့ ဦးလှတိုက်တွန်းမှုနဲ့ ဆရာကလောင်ကို ပြန်ကိုင်တယ်။ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေ၊ သတင်းစာတွေမှာ ဆောင်းပါးတွေ ပြန်ရေးလာပါတယ်။

## အားမရနိုင်

ဒီလိုရေးတဲ့အခါ ဆရာ့ကျန်းမာရေးက ချို့တဲ့လေတော့ လူငယ်တစ်ယောက်အနားမှာခေါ်ထားပြီး ဆရာက ပါးစပ်ကပြော၊ သူ့ကို လိုက်အရေးခိုင်း၊ ပြီးတော့ ဆရာကဖတ်ကြည့်ပြီး ပြင်စရာလိုရင် ပြင်ပေးတာမျိုးလည်းလုပ်တယ်။ ဒါပေမဲ့ ကိုယ့်ဘာသာ ရေးယူရတာလို အားမရဘူးတဲ့။ ဒါကြောင့် အရေးကြီးတဲ့ ဆောင်းပါးကို ဆရာကိုယ်တိုင်ပဲ ထိုင်ရေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

## မထိုင်နိုင်

စာရေးရင်း ခါးတစ်ဖက် မျက်သွားတာတို့၊ တင်ကအသားမရှိလို့ ကြာကြာ မထိုင်နိုင်တာတို့ကလည်း မကြာမကြာဖြစ်ပါသေးတယ်။ ဒီကြားထဲကလည်း ရေးနေတာပဲ။ သူဆုံးတဲ့နေ့ကတောင် ဟံသာဝတီသတင်းစာမှာ သူရေးတဲ့ ရွှေငြိမ့် ဆောင်းပါးပါသေးတယ်။ ဆရာဟာ လူ့ဘဝမှာ ကြာကြာအလုပ်လုပ်နိုင်ဖို့ မရှိတော့ ဘူးထင်ပြီး ကျန်းမာရေးချို့တဲ့လှတဲ့ကြားက သူရေးချင်တာတွေကို ကြိုးစားပမ်းစား ရေးသွားသလားတော့မသိဘူး။

စက်တင်ဘာလ ၁၁ ရက်နေ့က ဆေးထိုးပေးပြီး ဆရာဦးတင်အောင်ဆွေ က ဆေးရုံလိုက်ဖို့ပြောတော့ အမောနည်းနည်းပြေလာပြီဖြစ်လို့ ဆရာက သူ့အိပ်ရာ က သူ့ဘာသာထ၊ စက္ကူလိပ်တောင်ဝှေးကလေးထောက်ပြီး နောက်ခန်းထဲဝင်၊ သူ့ဘာသာအဝတ်လဲပြီးမှ ဆရာ့ကားပေါ်ကို လမ်းလျှောက်ပြီး တက်လိုက်သွားတာ ပါ။ သူ့ဆရာက ဆေးရုံပေါ်မှာ ၃–၄ ရက် ဆေးကုပေးလိုက်ရင် ပြန်လူလာဦးမှာပဲ၊ ဆရာနေကောင်းပါလိမ့်မယ်လို့ပဲ ယုံပါတယ်။ ဒါကြောင့် ဆရာဝန်နှစ်ယောက်ရယ်၊ ဆရာရယ်၊ ဦးလှရယ်၊ သတင်းထောက် ကိုမောင်ကိုရယ် ဆေးရုံကြီးကိုသွားကြ တယ်။ ၁၀ နာရီလောက်ရှိပြီပေါ့။

## အောက်ဆီဂျင်ပေး

ဆေးရုံရောက်တော့ ဆရာဝန်ကြီးက နေရာတစ်ခု ချက်ချင်းလုပ်ပေး၊ ဆေးထိုး၊ အောက်ဆီဂျင် အရှူခိုင်းပြီး ကုစရာရှိတာအားလုံး ကုသပေးတာပဲ။ နို့ပေမဲ့ ဝေဒနာဖြစ်နေတာက ကြာလှပြီမို့ လူကလည်း အားနည်းလွန်းလို့ထင်ပါရဲ့။ ဒီတစ်ခါတော့ ဆရာဝန်ဆွဲရာကို မပါတော့ဘူး။ ဒါကြောင့် ဆရာဝန်က အိမ်ပြန် ရောက်လို့ ထမင်းစားလို့မှမပြီးသေးတဲ့ ဦးလှဆီကို ဖုန်းဆက်တယ်။ 'ဆရာ့ အခြေအနေမကောင်းဘူး၊ လက်တွေပြာတယ်။ သွေးပေါင်က ၉၀ နဲ့ ၆၀ ပဲရှိတယ် တဲ့။ ဒါကြောင့် ဒေါ်သောင်းဆီကားလွှတ်ပြီး နေ့ ၂ နာရီမှာ ဆေးရုံသွားတယ်။ ဒေါ်သောင်းကို ချက်ချင်းဆေးရုံပို့ပေးရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

## အိမ်ပြန်ခေါ်ခဲ့ရ

ကျွန်မတို့လည်း ဆေးရုံကို အပြေးအလွှားလိုက်ကြရတော့တယ်။ မဟန်တော့တဲ့ဆရာ့ကို အိမ်ပြန်ခေါ်လာပြီး အိမ်မှာပဲ ဆရာဇီဝိန်ချုပ်ပါတယ်။ နှလုံးရပ်သွားတာပါပဲ။ ဘာမှမပင်ပန်းတော့ပါဘူး။ ဆရာဆုံးပြီဆိုတော့ ဆေးရုံခုတင်ပေါ်မှာ ဆရာ့ကို တစ်နာရီလောက်လက်ပေါ်တင်ပြီး ပွေ့ထားခဲ့ရတဲ့ ဦးလှက တော်တော်စိတ်ထိခိုက်တယ်။ သူက ဘယ်သူ့ကိုမှ ပွေ့ပွေ့ပိုက်ပိုက် ဒီလိုအချိန်မျိုးမှာ မပြုစုခဲ့ရဖူးတော့ ဆရာမြမျိုးလွင်ဟာ သူ့လက်ပေါ်မှာ ဇီဝိန်မချုပ်တာ တစ်မည်ပဲဆိုပြီး တော်တော်ကြေကွဲပါတယ်။

## စာပေမိတ်ဆွေများ

ဆရာ အနိစ္စရောက်တယ်ဆိုတဲ့သတင်း သတင်းစာနဲ့ စာပေလောကမှာ ပျံ့နှံ့သွား၊ မနက်ကပဲ ဆရာ့ဆောင်းပါးဖတ်ရသေးပြီး မနေ့တစ်နေ့ကပဲ တွေ့သွားကြသေးတဲ့ ဆရာ့စာပေမိတ်ဆွေတွေက အံ့သြကြ၊ စိတ်မကောင်းကြနဲ့။ ရှုမဝ ဦးကျော်တို့၊ ဒါရိုက်တာဦးသုခတို့၊ ဒီဆူဇာဦးခင်ဇော်တို့က ချာပနကို ကိုယ်တိုင်လာကြတယ်။ မလာနိုင်တဲ့ မိတ်ဆွေတွေကလည်း ပန်းခွေပို့ကြ၊ ကြေးနန်းပို့ကြ၊ ငွေပို့ကြနဲ့ ဒေါ်သောင်းဆီကို တဖွဲဖွဲပို့လာကြပါတယ်။

## မိုးကြီးရွာခဲ့ရာ

သောကြာနေ့က ဆရာဆုံးတယ်။ တနင်္ဂနွေနေ့ ၁၃-၉-၁၉၇၀ ညနေ ၃ နာရီမှာ အုတ်စက်သင်္ချိုင်းမှာ ဂူသွင်းဖို့ စီမံတယ်။ စနေနေ့ကျတော့ မန္တလေးမှာ ရွာခဲလှတဲ့မိုးကြီးရွာလို့ တစ်မြို့လုံး ရေပင်လယ်ဝေနေပါလေရော။ မိုးက ၂ နာရီလောက်အတွင်း ၃ ဒသမ ၁၅ လက်မ ရွာပါတယ်။

အသုဘချမယ့်နေ့ မိုးရွာနေရင်တော့ ဒုက္ခပဲလို့ ကျွန်မတို့တစ်တွေက စိတ်ပူနေကြတယ်။ ဆရာ့ကို နောက်ဆုံးကြည့်ခြင်းနဲ့ ကြည့်လာသူမိတ်ဆွေသင်္ဂဟတွေ၊ အသုဘရှုလာသူတွေလည်း မိုးထဲရေထဲ တော်တော်ဒုက္ခများရှာကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK



## လွမ်းသူ့ပန်းခွေ

အသုဘချခါနီး ၁ နာရီ ထိုးတော့ ကံအားလျော်စွာ မိုးတိတ်တယ်။ တိတ်ရုံမက နေကလေးပြူလာသေးတယ်။ ဒါကြောင့် အထက်ဗမာနိုင်ငံ သတင်းစာဆရာအသင်းက လွမ်းသူ့ပန်းခွေ၊ သတင်းထောက်အသင်းနဲ့ ဟံသာဝတီ သတင်းစာတိုက်က လွမ်းသူ့ပန်းခွေတွေ၊ ဒီဆူဇာဦးခင်ဇော်၊ ဒါရိုက်တာဆရာသုခ၊ ရှုမဝဦးကျော်၊ အိုးဝေဦးညိုမြ၊ လူထုဦးလှ၊ မျက်စိကုဆရာဝန်ကြီး ဦးသန်းဖေ၊ ဆရာဇဝန စတဲ့ မိတ်ဆွေတွေရဲ့ လွမ်းသူ့ပန်းခွေတွေရဲ့ အောက်မှာ ဆရာ့ရုပ်အလောင်းဟာ မန္တလေးတောင်ရဲ့ အရှေ့ဘက်က အုတ်စက်သင်္ချိုင်းမှာ သိုက်သိုက်မြိုက်မြိုက် ဂူသွင်းသင်္ဂြိုဟ်လိုက်ပါတယ်။ ဆရာ့မိတ်ဆွေ နန်းတော်ရှေ့ဆရာတင်ရဲ့ ဂူလည်း ဒီသုသာန်မှာရှိတယ်။ မင်းသားရွှေမန်းတင်မောင်ရဲ့ဂူလည်း ဒီသုသာန်မှာရှိတယ်။ ဆရာရဲ့ရုပ်ကလာပ်လည်း ဒီသုသာန်မှာပဲ ကောင်းကောင်းမွန်မွန် ဂူသွင်းသင်္ဂြိုဟ်ခဲ့ကြပါတယ်။



စစ်မဖြစ်ခင်က ခေတ်ပေါ်မြန်မာ့စာပေ လေးပဲတန်ဝတ္ထုခေတ်မှာ တစ်မင်းမူခဲ့တဲ့ စာရေးဆရာကြီး ဆရာမြမျိုးလွင်ကတော့ အသက် ၆၈ နှစ်အရွယ်မှာ ကလောင်မချဘဲ သေမင်းနောက်ကို လိုက်သွားရပါတယ်။

[ အိုးဝေဂျာနယ်၊ အမှတ် ၅၂၊ အောက်တိုဘာလ၊ ၁၉၇၀ ]

mgyoe.com

mgyoe.com SAMPLE BOOK

# ဆရာကြီးမြမျိုးလွင်


ပြီးခဲ့တဲ့ အောက်တိုဘာ (၂၄) ရက်နေ့က အမရပူရတောင်လေးလုံးကျောင်းမှာ စာရေးဆရာ၊ သတင်းစာဆရာကြီး ရွှေဥဒေါင်းရဲ့အသက် ၁၀၀ ပြည့်မွေးနေ့ကို ကျွန်မတို့တစ်တွေ ကျင်းပရင်းက သိပ်မကြာခင်မှာ ဆရာကြီးမြမျိုးလွင်ရဲ့အသက် ၁၀၀ ပြည့်မွေးနေ့ကိုလည်း ကျင်းပရပေဦးမယ်လို့ သတိရမိပါတယ်။

ဒါကြောင့် အိမ်ပြန်ရောက်တဲ့အခါ ဆရာကြီးရဲ့ဇနီး ဒေါ်မြသောင်းကို ဖုန်းဆက်ပြီး ဆရာကြီးမြမျိုးလွင်ရဲ့ မွေးသက္ကရာဇ်ကိုမေးလိုက်တော့ ဆရာကြီးက ၁၉၀၂ ခု၊ ဒီဇင်ဘာ ၂ ရက်နေ့မွေးဆိုပါကလား။

ဆရာကြီး စာစရေးတာ အသက် ၁၈ နှစ်သားလောက်ကတဲ့။ အဲဒီတော့ ကျွန်မတို့ စာမဖတ်တတ်ခင်အရွယ်ကတည်းက စာရေးဆရာဖြစ်နေတာကိုး။ ပြီးတော့ ဆရာ့ကို ကျွန်မတို့က စာဆိုတော်နေ့တွေမှာ နှစ်ပေါင်းများစွာ ကန်တော့လာခဲ့ကြတာဖြစ်လေတော့ ဆရာ့ရာပြည့်ကိုကျင်းပဖို့ သိပ်မလိုတော့ဘူးလို့ အောက်မေ့မိတာပေါ့။ ခုလိုဆိုတော့ ၁၂ နှစ်လောက်လိုပါသေးတယ်။ နို့ပေမဲ့ ခုကတည်းက ဆရာ့ရာပြည့်အကြိုအနေနဲ့ ဆရာ့စာတွေကို စုဆောင်းရှာဖွေကြဖို့တော့ သင့်ပြီထင်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK



ဆရာမြမျိုးလွင်

ဆရာမြမျိုးလွင်က သူစာရေးတာ ၁၉၂၀ မတိုင်မီကတည်းက ဖြစ်ပါသတဲ့။ အသက် ၆၈ နှစ်မှာ ကွယ်လွန်တာဖြစ်လေတော့ နှစ်ပေါင်း ၄၀ ကျော် စာရေးသက်ရှိပြီး ဆရာ့စာတွေ အလွန်လူကြိုက်များတဲ့ ခေတ်တုန်းက တစ်လကို ဝတ္ထု ၄–၅ ပုဒ် ရေးထုတ်ခဲ့သူပေမို့ ဆရာရေးဖူးတဲ့ ဝတ္ထုပေါင်း ဘယ်နှပုဒ်၊ ဆောင်းပါး ဘယ်နှပုဒ် ရှိလိမ့်မယ်ဆိုတာ ဆရာလည်း မမှတ်မိဘူးတဲ့။ ဘယ်သူမှ မှတ်သားမထားကြဘူး။ ဒါကြောင့် ရာပြည့်မတိုင်ခင် ကြိုပြီး ဆရာရေးသွားတဲ့ ဝတ္ထုတွေ၊ ဆောင်းပါးတွေ၊ သတင်းစာတွေတို့ ဂျာနယ်တို့မှာ အဆက်မပြတ်ရေးသွားတဲ့ စာတွေကို အဖွဲ့ငယ်တစ်ခုဖွဲ့ပြီး ရှာဖွေကြဖို့၊ စာရင်းတင်ကြဖို့ကောင်းပါတယ်။

၁၉၆၆ ခုနှစ်၊ စာဆိုတော်လမှာ အထက်ဗမာနိုင်ငံစာရေးဆရာအသင်းက စာဆိုတော်ကြီးများကို ကန်တော့ကြတဲ့အခါ ဆရာမြမျိုးလွင်လည်း နှစ်စဉ်ပါနေကျအတိုင်း အကန်တော့ခံပါတယ်။ အဲဒီနှစ်မှာ ဆရာက သူ့လေးပဲတန်ဝတ္ထုခေတ်အကြောင်းကို အကန်တော့ခံရင်း အလွန်စုံစုံလင်လင်ပြောပြသွားလေတော့ လူငယ်တွေက သဘောကျလွန်းလို့ သေသေချာချာလိုက်မှတ်ထားပြီး၊ ၁၉၆၇ ခုနှစ် စာဆိုတော်လမှာ 'ဆရာကြီးမြမျိုးလွင်နဲ့လေးပဲတန်ဝတ္ထုခေတ်' ဆိုတဲ့ စာတမ်းတစ်စောင် မောင်စွမ်းရည်ကို တင်သွင်းစေခဲ့ပါတယ်။

ဒီစာတမ်းဟာ တိပ်ခွေနဲ့ဖမ်းထားတာမဟုတ်ပေမယ့် အလွန်နီးစပ်တဲ့ ဆရာ့အဆိုအမိန့်ပါပဲ။ သူ့လေးပဲတန်ခေတ်ကို သူကိုယ်တိုင်စိတ်ပါလက်ပါ စီကာပတ်ကုံးပြောပြသွားတာမို့လို့လည်း ကိုယ်ရေးအတ္ထုပ္ပတ္တိသဖွယ်ရှိပါပေတယ်။

နောက် ၁၉၇၀ ခုနှစ်မှာ ဆရာမြမျိုးလွင် ကွယ်လွန်အနိစ္စရောက်သွားတော့ ၁၉၇၁ ခုနှစ်မှာ ကျင်းပတဲ့စာဆိုတော်ပွဲမှာ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းက

mgyoe.com

mgyoe.com SAMPLE BOOK

'မြမျိုးလွင်ရဲ့စာ' ဆိုတဲ့ စာတမ်းတစ်ခု မောင်သိန်းနိုင်၊ မောင်သစ်လွင် (လူထု) တို့က တင်သွင်းကြပြန်ပါတယ်။

ဒါကြောင့် ဆရာ့စာတွေကို ခြေရာခံလိုသူများက ဒီစာတမ်းနှစ်စောင်ကို အခြေပြုပြီး ခြေရာခံကြရမယ် ထင်ပါတယ်။ စာတမ်း ၂ စောင်မှာ ဖော်ပြမထားတဲ့ ဝတ္ထုနာမည်တချို့ ဆရာကတော် ဒေါ်မြသောင်းဆီက ထပ်ရပါသေးတယ်။ အဲဒါတွေကတော့ (၁) ကျေးဇူးရှင်၊ (၂) ကိုယ်ရောစိတ်ပါ၊ (၃) ချစ်စို့လား၊ (၄) ခြောက်ပြစ်ကင်း၊ (၅) နောက်ဘဝ၊ (၆) မူလွန်းတယ်၊ (၇) မြကေခိုင်၊ (၈) မိန်းမလျာ၊ (၉) ရည်းစားတဆိုး၊ (၁၀) လှနတ်မယ်၊ (၁၁) ဤလူ့ဘောင်တို့ ဖြစ်ကြပါတယ်။

ဆရာဟာ ကျွန်မတို့စာပေတစ်ခေတ်အဖြစ်နဲ့ လေးပဲတန်ဝတ္ထုခေတ်မှာ ဘယ်သူမှလိုက်မမီအောင် လူကြိုက်များခဲ့တဲ့စာရေးဆရာပါ။ စာအုပ်ဆိုင်တွေမှာ စာအုပ် ၅၀ တင်ပြီးရောင်းတယ်ဆိုရင် ဆရာ့စာအုပ်က ၄၀ လောက်ရှိမယ်ဆိုတာ တကယ်ဖြစ်ခဲ့တဲ့ကိစ္စပါ။ စာပေတစ်ခေတ်မှာ 'တစ်မင်းမူပြီး တစ်သရဖူဆောင်းသွားသူ' ပါပဲ။ နို့ပေမဲ့ သူ့စာတွေကို နှံ့နှံ့စပ်စပ် မဖတ်ဖူးသူတွေက အချစ်ဝတ္ထုတွေကို ရေးသူရယ်လို့၊ မယ်တော့ မောင်တော့စာတွေ တန်ဖိုးမရှိပါဘူးလို့ အထင်မှားနေကြတယ်။ ဟုတ်ပါရိုးလား၊ ဆရာ့စာတွေဟာ စာပေသမိုင်းအတွက် အဖိုးတန်ရုံသာမက လူမှုရေးသမိုင်းအတွက်လည်း ဆရာပီပီပြင်ပြင် ခြယ်မှုန်းပြသသွားတဲ့ ခေတ်သရုပ်တွေက အလွန်တန်ဖိုးရှိပါတယ်။

ဆရာ့ဝတ္ထုတွေဟာ အချစ်ဝတ္ထုတွေပါပဲ။ ဒါပေမဲ့ ခုခေတ်ပေါ်နေတဲ့ အပျော်ဖတ်ဝတ္ထုဆိုတာတွေထက် အဆင့်အတန်းမြင့်ပါတယ်။ အထူးသဖြင့် ဆရာ့အရေးအသားက သူပိုင်ဟန် သူပိုင်မှုနဲ့ အဆင့်အတန်းရှိအောင်ရေးသွားတဲ့ အရေးအသားမျိုးကိုး။

ဥပမာဆိုပါတော့–ကျွန်မတို့ ခုခေတ်မှာ 'ချစ်' ဆိုတဲ့ စကားလုံးကို နေရာမရွေး ပြေးမလွတ်အောင် ဖုံးပေါလအော သုံးစွဲနေကြပါလေကော။ ချစ်ဆိုတဲ့ စကားက ဟိုတုန်းကတော့ ဆင်ဆင်ခြင်ခြင် ပြောဆိုသုံးနှုန်းခဲ့ကြရတဲ့စကားမျိုး၊ အလွန်ရင်းနှီးသူချင်း ဆိတ်ကွယ်ရာမှာမှ သုံးစွဲကြတဲ့စကားမျိုးမို့ အများနဲ့သက်ဆိုင်ရာ

mgyoe.com

mgyoe.com
SAMPLE BOOK

တွေမှာ အလွန်ရှောင်ရှားချုပ်တည်းလေ့ရှိကြတယ်။ စာထဲမှာ၊ သီချင်းထဲမှာ၊ ယုတ်စွအဆုံး သတင်းစာကြော်ငြာတွေထဲမှာတောင်မှ ဖောဖောသီသီကြီး သုံးနေကြတာမို့ အော့နှလုံးနာစရာကောင်းနေပြီး ညှီစော်ပုပ်စော်တောင် နံလာသလားအောက်မေ့နေရတယ်။

အဲ… ဆရာမြမျိုးလွင်တို့ အချစ်ဝတ္ထုရေးတဲ့အချိန်တုန်းကတော့ ဆရာ့ဝတ္ထုတွေက ဇာတ်လမ်းအားကိုး မရေးလေ့ဘူး၊ ဇာတ်ဆောင်အားကိုး ဆရာကရေးတယ်။ ဇာတ်ဆောင်တွေက သုံးပွင့်ဆိုင်၊ လေးပွင့်ဆိုင်တွေ၊ စကားတွေ အချေအတင်ပြောပြီး ဇာတ်ဆောင်သရုပ်ကိုဖော်တယ်။ အဲဒီလိုရေးတတ်ရာမှာ ဆရာ့ဇာတ်ဆောင်တွေဟာ အချစ်ဆိုတဲ့စကားလုံးကို ရှောင်နိုင်သမျှရှောင်ကွင်းပြီး ပြောကြဆိုကြတာပါ။ ဆရာ့ဇာတ်လိုက်တွေဟာ ကာလသမီး၊ ကာလသားတွေမို့ ကာလပေါ်ဗန်းစကားတွေ၊ ခေတ်စကားတွေတော့ ပြောပါရဲ့။ ဒါပေမဲ့ မညစ်ညမ်းဘူး။ ဆရာ့စာကိုဖတ်ရရင် ပျော်စရာကောင်းတယ်၊ ရယ်ရတယ်။ စကားတတ်ချင်ရင် မြမျိုးလွင်ဝတ္ထုကိုဖတ်လို့ ဟိုတုန်းကပြောကြတာ ဘာမှမဆန်းဘူး။

ဆရာမြမျိုးလွင်က သူဟာ မန္တလေးသားမို့ စကားတတ်တာပါလို့ ဆိုပါတယ်။ အမေကစကားကြွယ်သူမို့ သူလည်းစကားကြွယ်တာပါလို့ဆိုတယ်။ ဒါပေမဲ့ ဆရာ့စကားတတ်ပုံက မန္တလေးသူ မန္တလေးသားအချင်းချင်းတောင်မှ အောချယူရလောက်အောင် စကားတတ်သူ၊ စကားကြွယ်သူပါ။

ဆရာ ၁၉၃၈ ခုက မြန်မာ့အလင်းသတင်းစာမှာ နေ့စဉ်အခန်းဆက်ရေးသားခဲ့တဲ့ 'တစ်လိမ်နှစ်လိမ်' ဝတ္ထုကို ၁၉၇၁ ခုနှစ်က လုံးချင်းအဖြစ် ပြန်လည်ရိုက်နှိပ်တော့…

'မြန်မာစာပေတွင် လေးပဲတန်ဝတ္ထုခေတ်ကို ဦးဆောင်သူ၊ အချီအချစကားပြောခန်းများကို ပီယဝါစာ စကားပြောဝေါဟာရကြွယ်ဝစွာဖြင့် ရွှန်းဝေအောင်အရေးကောင်းသူ၊ ရေးဖော်ရေးဖက်များက လေးစားချစ်ခင်ရသူ' လို့ ဆရာ့အတ္ထုပ္ပတ္တိကိုဖော်ပြရာမှာ ဆရာ့ကို အဲဒီလိုပုံဖော်ပါတယ်။

mgyoe.com